www.burmeseclassic.com

# ပန်းသိစိုင်

ခင့်ကို



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၅၈၄၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၂၅၀၆၀၂
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
၂၀၀၆ ခုနှစ် စက်တင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

"ဟင့်အင်း . . ဟင့်အင်း . . မရပါဘူး"

နားရွက်ဖျားလေးပင် မဖုံးနိုင်အောင် တိုကပ်လွန်းသည့် ဆံပင်တွေကို ဝဲဖွာသွားအောင် ခါရမ်းပစ်ရင်း 'သက်တမျှခင်'က အော်ပစ်သည်။

"ဟာကွာ . . ဒီထက်ကြမ်းရင် ခေါင်းမူးမှာကွ. ."

မင်းဒင်လူက စိတ်ပျက်သလိုပြောသည်။

"မူး . . မူးပစေ. . ခပ်ကြမ်းကြမ်းလွှဲပေး. . မြောက်တက်သွားအောင် လွှဲပေးရမှာပဲ"

စကပ်ဖားဖားကြီးဖုံးကျနေတာ ခြေသလုံးမြင်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပွတ်တိုက်တာ ဖွတ်ပူဆာသည်။

"ဒီလောက်လွှဲနေတာ သက်တမျှနော်.. ဒန်းပေါ်က ပြုတ်ကျမှ ဟုတ်ပေ့ဖြစ်နေမယ်"

"ကိုင်ထားတာ မတွေ့ဘူးလား"

သံတိုင်လေးကို ဆုပ်ထားသောလက်ကို ခါရမ်းပြသည်။

"သိမ်အရှိန်များတော့ လူပါလွင့်ပါသွားမှာ"

"မလွင့်ပါဘူး"

"တော်ပြီကွာ.. ဒီလောက်ပဲ လွှဲပေးနိုင်မယ်"

"ကိုကြီး.. မင်းဒင်လူကြီး သိတယ်နော်.. သက်တမျှ ငိုပစ်လိုက်ရမလား"

သက်တမျှခင်က အပြုတ်ခြိမ်းခြောက်သည်။

"ကျမှာစိုးလို့ပြောနေတာ"

ဒန်းလွှဲပေးရတာ မင်းဒင်လူ မောဟိုက်နေပြီ။

သက်တမျှတော့ အားရသည်မရှိဘဲ ဆိုးကောင်းတိုင်း ဆိုးနေသည်။

"မလွှဲပေးတော့ဘူး"

"ကိုကြီး"

စူးခနဲထွက်လာသော အသံကြောင့် ယောင်ယမ်းပြီး ပိတ်မိမတတ်ပါပဲ။

"လွှဲပေး"





"အခု မလွှဲပေးလို့လား"

"မတရားလွှဲပေး"

သက်တမျှပြောပုံက ရယ်စရာလည်းကောင်း၊ ထုရိုက်ချင်စရာလည်းကောင်းပါသည်။

မြောက်ခနဲ မြောက်ခနဲ တက်သွားအောင် အကြမ်းပတမ်း လွှဲပေးနေတာတောင် ဒီကောင်မလေး ကပ်ဖွဲ့တိုက်နေသေးသည်။

"ပြီးရော.. ကိုကြီး မလွှဲရင်နေ.. မတ်တပ်ရပ်စီးမယ်"

"ဟာ မလုပ်နဲ့.. ကျသွားမယ်"

"ကျ.. ကျ"

သက်တမျှခင်က အရှိန်ပြင်းနေသော ဒန်းပေါ် ထရပ်ဖို့ ကြိုးစားသည်။

"သက်တမျှ"

မင်းဒင်လူက စိုးရိမ်တကြီး တားသော်လည်း နားမထောင်။

တစ်ခုခုကို ဖွတ်တရွတ်သိပ်လုပ်တတ်တာ သူမ အကျင့်။

မတ်တပ်ရပ်လိုက်တော့ ခြေမျက်စိဖုံးမတတ် ရှည်လျားသော စကပ်ဖားဖားက တလွင့်လွင့်လေတိုးနေသည်။

မင်းဒင်လူက လွှဲပေးထားသော ဒန်းအရှိန်က ခုထက်



www.burmeseclassic.com

www.burmeseclassic.com

ထိ ကြမ်းရမ်းနေတုန်း။

"အား . . မူးပြီ . ."

သံတိုင်လေးကို လက်နှစ်ဘက်နှင့်ဆုပ်လျှက် 'သက်တမျှခင်' အော်တော့ သူ ပျာယာခတ်သွားရသည်။

"ဟား . . ပြဿနာ ဒုက္ခပဲ"

မင်းဒင်လူ ဘာလုပ်ရမှန်းမသိ။

ဒန်းကို အရင်ရပ်ပစ်လိုက်ရမလား။ သက်တမျှခင်ကိုပဲ ပွေ့ချီရမလား။

"ကိုကြီး ရပ်ပေး"

"ကျွတ် . ."

ဒန်းကို လက်နှစ်ဖက်နှင့် ထိန်းဖမ်းထားရင်း ယိုင်ကျလာသော သက်တမျှကို ပွေ့ချီထားလိုက်ရသည်။

"အား . . မူးလိုက်တာ"

မြက်ခင်းပေါ် ချပေးရင်း . . .

"ကောင်းတယ် . . မတရားလွှဲခိုင်းဦးလေ"

ဟု ရွဲ့ပြောကာ ပွေ့ထားသော လက်တွေကို သူမ ကျောပြင်မှ ဖယ်ခွာဖို့ပြင်တော့ . . .

"ကိုကြီး . ."

သူမက မင်းဒင်လူပခုံးကို လက်နှစ်ဘက်နှင့် ယှက်သိုင်း





ဖက်ကာ ခေါ် လိုက်၏။

ပြုံးစိစိမျက်နှာနှင့် မချိမချဉ်မျက်နှာပေးလေးကို ရိုက်ပစ်ချင်စိတ်ဖြင့်အတူ ကြည်နူးစိတ်လည်း ဖြစ်ပေါ်သည်။

"ကိုကြီး"

"ဘာလဲ"

"မူးလဲ မမူးပါဘူး"

"ကြည့်စမ်း"

မင်းဒင်လူ မျက်နှာကြီးဖျက်ကာ စိတ်ဆိုးသွားပြီး ပခုံးပေါ် သိုင်းထားသော သူမလက်တွေကို ဖြုတ်ဖယ်ချပစ်သည်။

"ကိုကြီးကလဲ စ,တာပဲဟာ . . စိတ်ဆိုးစရာလားလို့"

မျက်တောင်ကလေး စင်းကျရင်း နှုတ်ခမ်းစူပြောတော့ သူ မတ်တပ်ရပ်ကာ ချာခနဲ ကျောခိုင်းလိုက်သည်။

"ဟောတော့ . . တကယ် စိတ်ဆိုးတယ်"

ဇာအကျီလက်ရှည်လေးကို ဟိုဘက်သည်ဘက် လက်ဆွဲတင်ကာ မတ်တပ်ရပ်ရင်း သက်တမျှခင်က ရွယ်သည်။

မင်းဒင်လူက ရှေ့မှာလာပိတ်ရပ်ရင်း . . .

မျက်တောင် ပုတ်ခတ် ပုတ်ခတ်၊ လျှာလေး တစ်လစ်တစ်လစ်နှင့် ပြောင်စပ်စပ် လုပ်ပြနေ၏။

မင်းဒင်လူ တင်းမထားနိုင်ပဲ သူမနဖူးလေးကို လက်



www.burmeseclassic.com

www.burmeseclassic.com



သီးဆုပ်နှင့် တအားထုချပစ်လိုက်သည်။

“အား . . တကယ်မှုးပြီး မိုက်ခနဲပဲ”

နားထင်ကို လက်နှင့်ဖိကာပြောတော့ မယုံတစ်ဝက် ယုံတစ်ဝက်။

မဟုတ်တာကို အဟုတ်ထင်အောင် လုပ်တတ်တော့ လည်း ဟုတ်နေရင်တောင် ဟုတ်မှဟုတ်ရဲ့လား ညာတာလားလို့ သံသယစိတ် ဝင်မိတာပေါ့ သက်တမျှရယ်။

အဲဒါ ကိုကြီးမှားလား။

ဝ ၀ ဝ

“ဟင့်အင်း . . တွန်းပေးရမှာပဲ”

“ဟာကွာ . . လမ်းမကြီးမှာ အဓိပ္ပါယ်မရှိတာ”

“စက်ဘီးစီးမယ်လေ ကိုကြီး”

ဟု ချိုချိုသာသာပူဆာ၍လည်း နောက်ကထိုင်စေပြီး ထွက်လာခဲ့တာ။

လမ်းမပေါ်ရောက်မှ သက်တမျှခင်‘ဖောက်’လာသည်။

မင်းဒင်လူက အောက်ဆင်းပြီး သူမက နောက်မှပဲ ထိုင်မြဲထိုင်လျှက် ဆင်းတွန်းပေးရမည်လဲ။

ဗိုလ်မကျလွန်းဘူးလား။





www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်ရာ မကျလွန်းဘူးလား။

တဖြည်းဖြည်းနှင့် သည်ကောင်မလေး ရောင့်တက်လာပြီး အလိုလိုက်မှန်းသိလေ ပိုပိုပြီး လူပါးဝလေ။

"ကိုကြီး . . တွန်းပေး"

"ဟ . . လူတွေ့ရယ်မှာပေါ့"

"ရယ်စရာမှ မဟုတ်တာ"

"လျှောင်စရာပေါ့"

"သူများလျှောင်မှာ ကိုကြီး ကြောက်လား"

ပခုံးလေးတွန့်ရင်း နှုတ်ခမ်းလေးပါမဲ့ရင်း မေးသည်။

သူဖြစ်ချင်ရာကို မဖြစ်ဖြစ်အောင် လုပ်ခိုင်းမှာ သိနေတော့ သက်ပြင်း တရှိုက်ချဖြစ်သည်။

"ပြောလေ . . ကိုကြီးက လူတွေအထင်ကို ဂရုစိုက်လား"

"ဘာလို့ ဂရုစိုက်ရမှာလဲ"

"အင်းလေ ကိုကြီးပဲ ပြောဖူးတာ . . ဟိုတစ်နေ့က စာပြပေးတော့လေ"

သူမက လက်ညှိုးလေး တထောင်ထောင်နှင့် ပြန်အစဖော်ပေး၏။

"အတန်းထဲမှာ ဆရာမစာသင်နေရင် မရှင်းတာရှိ ချက်ချင်းထမေးပစ်လိုက်ဆို . . မကြောက်ရဘူး . . မရှက်ရဘူးဆို"





"ဟုတ်တယ်လေ"

"တခြားကျောင်းသားတွေ လျှောင်ပြောင်စနောက်မှာလဲ တွေးမပူရဘူးဆို . . ဂရုမစိုက်ရဘူးဆို"

"အင်း . ."

"အဲဒါ ကိုကြီးပဲ ပြောခဲ့တာလေ"

"ဟုတ်ပါပြီ"

"ဝန်ခံပြီနော်"

"အင်း"

"အခုလဲ ဘာဂရုစိုက်စရာရှိလဲ . . သက်တမျှကို ချစ်လို့တွန်းပေးတာပဲဟာ . . သူများပစ္စည်း ခိုးဝှက်တာမှ မဟုတ်ပဲ . . ဘယ်သူ့ ထိခိုက်လို့လဲ . . နော် . . ကိုကြီး"

စိတ်မပါပါအောင် စည်းရုံးရေးဆင်းနေသည်။

"ကိုကြီး"

မင်းဒင်လူ အရှမ်းစိတ်ပျက်သွားရင်း နောက်နောင်ဘယ်တော့မှ သည်ကောင်မလေးနှင့် စက်ဘီးမစီးဟု တစ်ယောက်တည်း ကြိတ်ဆုံးဖြတ်သည်။

သက်တမျှခင်က သူဖြစ်ချင်တာကို ဖွတ်တရွတ်။

"သူများတွေက ခင်ဗျား ခြေကျိုးနေတယ်မှတ်မှာ . ."

ပစ်ပစ်နှစ်နှစ်ပြောပုံကြောင့် သက်တမျှမျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ရှုမဲ့သွား၏။ ပြီး ချက်ချင်းပဲ မျက်နှာလေးပင့်မော့ကာ. . .

"ထင်ချင်သလို ထင်ပါစေ"

ဟု မာမာထန်ထန်ဖြေ၏။

"နှစ်ယောက်စလုံး ရှုံးနေတယ်လို့ ထင်မှာ"

"ဟာ. . ကိုကြီး အတွေးေ ကလည်း လွဲတယ်"

"ဘာဖြစ်လို့လဲ"

တွေးလိုက်ရင် တလွဲချည်းပဲ. . အမှန်မှာ ကြည်နူးစရာလေး. . ကိုကြီးကတွန်းပေး. . ညီမလေးက ငြိမ့်ငြိမ့်လေးလိုက်. . ဘယ်လောက် ပီတိဖြစ်စရာလဲ"

"ကျလောက်ပါရဲ့"

"ဘာ ကျလောက်တာလဲ"

"ခင်ဗျား အချွဲကောင်းပုံ အပြောကောင်းပုံလေး 'သင်း' လွန်းလို့ပေါ့ဗျာ"

"တဲပါ . . ကိုကြီးတွန်းပေးလေ"

နောက်ဆုံးတော့ သူမစိတ်တိုင်းကျ ကယ်ရီယာမှာ သူမက အကျအနထိုင်ပြီး သူက ဆင်းတွန်းပေးရသည်။

ဘာလေးမှန်းကို မသိပါ။

သူမ စိတ်ကူးလေးတွေက နူးညံ့သလောက် ကလေးဆန်ကာ ပတ်ဝန်းကျင် လက်တွေ့ဘဝနှင့် သိပ်မနီးစပ်လှ။





"ကိုကြီးရေ . . ."

သူမက လုပ်ချင်ရာဖြစ်ပြီမို့ အသံလေးကတာစာစာ။ ရယ်သံလေးက တခစ်ခစ်။

"ဘာလဲ"

"ကိုကြီးပြောသလို ခြေထောက်တောင် ကျိုးကြည့်ချင်တယ်"

"ဖွ . . မပြောကောင်း မဆိုကောင်း"

"ဟုတ်တယ်လေ. . ခြေထောက်ကျိုးနေရှာတယ်ဆိုပြီး ဗိုင်းသနားကြမှာ. . ပျော်စရာလေး. . ဘယ်လောက်ဆိုးလို့ကောင်းလဲ. . ကိုကြီးပြောသလို နှစ်ယောက်စလုံး ရှုံးနေရင် ရယ်ရမှာသိလား"

"အမယ်လေးဗျာ. . ခင်ဗျားဘာသာပဲ ရှုံးပါ. . ကျုပ်ကို အချောင်ဆွဲမထည့်ပါနဲ့. . မရှုံးပါရစေနဲ့"

"သက်တမျှနဲ့ အတူတူ ရှုံးရမှာပဲ"

"မရှုံးချင်ဘူး"

"ကိုကြီးကနော် ဟွန့်"

သက်တမျှခင်က သူ တွန်းပေးနေသော စက်ဘီးပေါ်အကျအန လိုက်ပါလာသည်။

လူတချို့က နားမလည်သလို ကွက်ကြည့်ကွက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသူတွေလည်း ပြုံးသွားကြသည်။

သက်တမျှခင်ကတော့ မျက်နှာလေး ခပ်မော့မော့ နှုတ်ခမ်းလေးတင်းတင်းစေ့လျက် . . .

"ပျော်လိုက်တာ"

"ကျေနပ်ပြီလား"

"သိပ်ကျေနပ်တာပေါ့"

မင်းဒင်လူ မျက်မှောင်ကုတ်ကြီးနှင့် ဒေါပွလာရသည်။

သည်ကောင်မလေး ဆိုးလွန်းလှသည်။

၀ ၀ ၀

"အမယ်လေး . . အဖျားသွေးရှိတိုင်း အဖတ်မစားရရင်တော့ သေရချည်ရဲ့ . . ဓွတ်ပြုတ်တို့ ကော်ဖီတို့နဲ့ ဘယ်နှစ်ရက်နေရမလဲ ကိုကြီးရယ်"

ရင်ဘတ်ကလေးဖိကာ မသိမသာ ဗရွတ်ပုံက စာနာနားလည်မှု အပြည့်အဝရှိသည်။

"ကိုကြီး ဘာစားချင်လဲ ပြော"

"အင်း . . ကြေးအိုး သောက်ချင်တယ်"

"အိုကေ . . အိုကေ"

သက်တမျှက လှစ်ခနဲနေအောင် ပြေးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက် တစ်နာရီကြာတော့ ကြေးအိုးနှင့်အတူ ခိုး ကြောင်ခိုးဝှက် ပြန်ရောက်လာ၏။

"ရပြီ . . စား ကိုကြီး ထ . . ထ"

သက်တမ့်က မျက်လုံးကလေး တရွှေ့ရွှေ့နှင့် ဟိုသည် ဖွေရှာကြည့်ရင်း ပြောသည်။

"တည့်ပါ့မလား မသိဘူးဟာ . . "

"တည့်ပါ့တယ် စားချင်စိတ်ရှိရင် တည့်ကိုတည့်တာ"

ဘာမှ တွေးမနေနဲ့ စားပစ်လိုက် တော်ကြာ အန်တီတို့ ဖိုးသားတို့ ဝင်လာရင် ခက်မှာ"

သက်တမ့်ခင်က ဇက်ကလေးပုန်း လန့်သလိုပြော သည်။

သူမ ယူလာပေးသော ကြေးအိုးက သူ့အတွက်တော့ တကယ့် အစားကောင်းပါပဲ။

အဖတ်မစားရတာ သုံးလေးရက်ရှိပြီမို့ တကယ်စား ကောင်းသည်။ သူမက ကလေးပီပီ ကျွေးချင်တာပဲသိသည်။

သူလည်း လူကြီးလို ဆင်ခြင်မနေတော့။ မျက်စိရှေ့ ရောက်လာတာကို အဝစားပစ်လိုက်၏။

"သက်တမ့်"

"ဟင်"





အခန်းတံခါးဝမှာ လူလစ်မလစ် သွားကြည့်ပေးနေ သော သူမက ဆတ်ခနဲ လှည့်ကြည့်သည်။

"စားတော့ စားလိုက်ပြီ . . ဒုက္ခရောက်ရင် နင်ပဲ"

"ဟင် . . ကျွေးလည်း ကျွေးရသေးတယ်"

မျက်နှာလေးက မဲ့သွားပုံက မကျေနပ်။

"ခိုးလဲ ယူလာရသေးတယ်"

"အေးပါ . . ဟုတ်ပါတယ် . . အရမ်းစားကောင်းတယ် ကိုကြီးလဲ ဝေနေတာကြာတော့ မထိန်းနိုင်ဘူး . . ပြန်ခံရမှာ တော့ ကြောက်တယ် . . အဖျားပြန်တက်လာရင်ခက်မှာ . . "

"ဆေးသောက်လိုက်ပေါ့"

"ဆရာဝန်က ဆန်ပြုတ်တောင် ပေးတာမဟုတ်ဘူး"

"ဟင် . . ဒါဆို သေရင် ဘယ်လိုလုပ်မလဲ"

"ဟာ . . သေမလား . . အများဆုံး ဆေးရုံ ရောက်ရုံပဲ ရှိမယ်"

"အသက်မထွက်ရင် ပြီးတာပဲ . . ကိုကြီးပဲ ကြေးအိုး သောက်ချင်တယ်ဆို . . သောက်ချင်တာဆို တိုက်လိုက်ဖို့ပဲ သိ တယ်"

စကားရှည်ဖားဖား အဖြူဆွတ်ဆွတ်လေးကို ပေါ်မှာ ဒီးသလို မထိုင်ရက်ဖြစ်နေတော့ မင်းဒင်လူပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်တမျှက ခုံလေးတစ်ခုံသွားဆွဲကာထိုင်၏။

ဝတ်ထားသော ရှပ်အင်္ကျီအညိုလေးကို အပေါ်ဆုံး ကြယ်သီးတစ်လုံး ဖြုတ်ပစ်လိုက်၏။

"ဟင်း . . ခုမှပဲ အသက်ရှူချောင်သွားတော့တယ်"

မင်းဒင်လူတို့အိမ်က မသိအောင် သူမက နှိုးဝှက်ယူလာ ကျွေးတာ မဟုတ်လား။

ဖေဖေ မေမေတို့ သိကြည့် သက်တမျှကိုဆူမှာ ကျိန်း သေ၏။ ညီလေး ဖိုးသား တွေ့သွားလည်း မလွယ်။

ဖိုးသားနှင့် သက်တမျှလုံးဝတည့်တာမဟုတ်။ တွေ့ တာနှင့် ရန်စောင်ခတ်နေကြတာ။

"ကိုကြီး"

"ဟင် . . "

"စောစောက ဖိုးသားနဲ့တွေ့လို့ 'ခွပ်' ခဲ့ရသေးတယ်"

"ခွပ်ရအောင် နင်တို့က ကြက်တွေလား"

"သက်တမျှက တိုက်ကြက်"

မင်းဒင်လူက မအောင့်နိုင်ပဲ ရယ်မိသည်။

ဘာပဲပြောပြော သည်တစ်ခါတော့ သည်ကောင်မလေး ကို ကျေးဇူးတင်သွားရသည်။

သက်တမျှက ခင်ဖို့ကောင်းလှသည်ပဲ။

၀ ၀ ၀



"မသိဘူးကွာ . . . ခူးပေး . . လိုချင်တာပဲသိတယ်"

"ဟာ . . အဓိပ္ပါယ်မရှိဘာ . . လိုချင်ရင် ဈေးထဲက အစည်း လိုက်ဝယ်ပေးပါ့မယ် . . မလုပ်ပါနဲ့ကွာ . . ဒါ ကိုယ့်ဆရာကတော် စိုက်ထားတာ"

"ဈေးထဲကဟာ မလိုချင်ပါဘူး . . ဒါပဲလိုချင်တယ်"

သက်တမျှခင် ဝါဖျော့ဖျော့နှင့် ခုမှ ဖူးငုံစရှိသေးသော ရေမွှေးနှင်းဆီလေးကို တကြည့်ကြည့်နှင့် မရမက ပူဆာနေသည်။

သည်အိမ်ကို ရှည်ပြီး ခေါ် လာမိတာ သူ့အမှား။

မင်းဒင်လူက ဆံပင်တွေကို စိတ်ရှုပ်ရှုပ်နှင့် ဖွပစ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးလွန်းသည့် ချာတိတ်မပါပဲ။

"သက်တမ့ုရယ် . . . မဆိုးစမ်းပါနဲ့"

"ဆိုးတာမှ မဟုတ်ပဲ"

"ဈေးထဲဝင်ပြီး ဝယ်ပေးပါ့မယ်ကွာ"

"ဒီလို အရောင်လေးရမှာ မဟုတ်ဘူး"

"ရအောင် ရှာပေးမယ်လေ"

"ဒီလို အငုံလေးရမှာ မဟုတ်ဘူး"

"ရမှာပါ"

"ဟင့်အင်း . . ဒါလေးပဲ လိုချင်တယ်"

"သူများ တယုတယ ပျိုးထားစိုက်ထားတာ . . ပွင့်တောင် မပွင့်သေးဘူး အားနာစရာကွာ"

"ကိုကြီး မိတ်ဆွေပဲဟာ"

"အင်းလေ . . မိတ်ဆွေမို့လို့နေရတာ"

"ဒါလေးများ"

"မျက်နှာပျက်ရမှာ"

"လွယ်ပါတယ် . . သက်တမ့ု ပျက်ပေးမယ်"

"ပေါက်ကရ"

"ကိုကြီး ခူးပေးပါဆို"

"လုံးဝ မခူးပေးဘူး"





"မခူးပေးရင် မပြန်ဘူး"

"မပြန်လဲနေခဲ့"

"ပြီးရော"

မင်းဒင်လူ စိတ်ပျက်လက်ပျက် ကြည့်မိသည်။ သက်တမ့ု ဝုံစံက တကယ်နေခဲ့မည့်ပုံ။

"ကဲ . . ကဲ ခူးချင်လဲ ခူးလိုက် . . အဲဒီ အန်တီကို ကြည့်ပြောလိုက်မယ် . . ကလေးဘဲ မသိလို့ပါလို့"

"အံမယ် . . မရပါဘူး . . ကိုကြီးကိုယ်တိုင်ခူးပေးမှ"

"ဟာ . . သေလိုက်တော့"

စိတ်ပေါက်ပေါက်နှင့် ပြောချပစ်လိုက်သည်။

တော်ရုံ တန်ရုံလွန်တာမဟုတ်ပါ။ မတရားသဖြင့်ကို ခေါင်းပေါ်တက်ချင်နေတာ။

ကြာတော့ မုန်းတောင် မုန်းလာရပြီ။

"ကိုကြီး"

"မခေါ်နဲ့"

"ခေါ်မှာပဲ . . ခူးပေးလေ"

"လုံးဝပဲ . . မခူးပေးနိုင်ဘူး"

"ပြီးရော"

သက်တမ့ုခင်က ပြောပြောဆိုဆို ခြေပုန်းခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်လဲ"

"ပြန်မယ်"

"နေဦး.. ဆရာတို့ကို သွားနှုတ်ဆက်မယ်"

"ကိုကြီးနဲ့ မပြန်ဘူး .. ကိုယ့်ဟာကိုယ် ပြန်မှာ"

"ဟာ .."

"လမ်းလျှောက်ပြန်မယ်"

"ဒီလောက် အဝေးကြီး မိုးချုပ်မှ ရောက်မယ်"

"ဘယ်အချိန်ရောက်ရောက်"

"ပြဿနာမရှာပါနဲ့ ကြီးတော်ရယ်.."

မင်းဒင်လူက သူမရှေ့မှ ကာထားရင်း လက်လျှော့လိုက်ရသည်။

"ကဲ .. ခူးပေးမယ်"

"တကယ်လား"

သက်တမျှမျက်နှာက ချက်ချင်းပဲ ညှိုးရိပ်လွင့်ပြယ်ကာ ပြုံးရွှင်လာ၏။

တတ်လည်း တတ်နိုင်လိုက်တာ အံ့ရော .. အံ့ရော။

"ဒီလောက်လွယ်တဲ့ ကိစ္စလေးတောင် ကိုကြီးက ငြင်းချင်သေးတယ်.. ဘယ်ရမလဲ .. မခူးပေးလို့ကတော့ တကယ် လမ်းလျှောက်ပြန်မှာ"





"ကြောက်ပါပြီဆိုမှ ခြောက်နေရသေးလား .. ကျောင်းအစ်မလေးရယ်.. လက်မြှောက်ထားပါပြီ"

နှင်းဆီပင်နားရောက်လာတော့၊ သက်တမျှက ခိုးခိုးခစ်ခစ် ရယ်နေသည်။

"ကြည့်ပေးထား .. သူများတွေမြင်မယ်"

"ကိုကြီးကလဲ ခပ်တည်တည်ပေါ့"

မင်းဒင်လူကို သူမက မြှောက်ပေးနေသေးသည်။

"ရှော့ .. ယူ"

"အိုကေ.. ကျေးဇူးနော် .. ကိုကြီး"

"လုပ်မနေနဲ့"

သူမက နှင်းဆီငုံလေးကို အားပါးတရ မွှေးရှိုက်လိုက်တော့ မင်းဒင်လူရင်ထဲ နွေးခနဲ ဖြစ်သွားရ၏။

သူမမျက်နှာကလေးလည်း နှင်းဆီငုံ အဝါလေးလိုပဲ သိပ်ချစ်စရာကောင်းတာ သေချာသည်။

သူ ဘာကြောင့် သည်ကောင်မလေးကို တွယ်တာနေသလဲ။

သည်ဟာမလေး စိတ်တိုင်းကျ ဘာကြောင့် လိုက်လျှောနေမိသလဲ။

သူ့ကိုယ်သူ စဉ်းစားမရနိုင်အောင်ပါဘဲ။

o o o



www.burmeseclassic.com

www.burmeseclassic.com

"အမယ် . . လူပါးဝလို့"

သက်တမျှခင် အသံကြောင့် မင်းဒင်လူ ဆတ်ခနဲဖြစ်သွားကာ ဖတ်လက်စ စာအုပ်ကိုချထားပြီး ဧည့်ခန်းကို ထွက်လာခဲ့သည်။

"ငါတစ်ယောက်လုံးတောင် မမှတ်မိဘဲ မှားဟောင်ရသလား မိကဲ . . နင်တော်တော်ဆိုးပါလား"

အမြီးလေး တနန့်နန့် ဖြစ်နေသော မိကဲကို ခါးထောက်ရန်တွေ့နေသော သက်တမျှ အခန်းထဲမှ ထွက်လာသော ဖိုးသားကိုမြင်တော့ . .





"မိကဲ . . နင်ဟာလေ ခွေးပီပီ ဟောင်ဖို့ ကိုက်ဖို့ပဲ . . သခင်မှန်းမသိ . . အရှင်မှန်းမသိ . . နင့်သခင်လိုပဲ လူတကာနဲ့ ရန်ဖြစ် ဆိုးတေ ဗိုလ်ကျချင်လို့ မရဘူးဟေ့ . . အမြီးဖြတ်ပစ်လိုက်မယ် ဘာမှတ်လဲ . . သက်တမျှက သူများလို ငုံ့ခံနေမှာမဟုတ်ဘူး သိလား"

ဖိုးသားက တုန့်ခနဲရပ်ကာ သက်တမျှဘက် ခြေလှမ်းတွေ ဦးတည်လိုက်တော့ မင်းဒင်လူ မျက်လုံးပြူးသွားသည်။

ညီငယ်က သူများနှင့်တူတာမဟုတ် စိတ်ဆတ်သည်။

သက်တမျှနှင့် ရှယ်တူမို့လည်း သည်းခံနိုင်စွမ်းရှိတာမဟုတ်။

"နင် ဘာစောင်းချိတ်တာလဲ ခင်"

"လာပြန်ပြီ ဒီ 'ခင်' "

"ဘာဖြစ်လဲ ငါကတော့ သက်တမျှလို့ခေါ်တဲ့ အကောင်တွေထဲမပါနိုင်ဘူး . . ရှင်းရှင်းပဲ"

"လာလုပ်မနေနဲ့ အဲဒါ ငါ့ကို ဂရုစိုက်တာပဲ"

"ဝေးသေး"

"ကြီးကျယ်လို့ . . နင့်ကိုငါက ပိုဝေးသေး"

"ငါက အဝေးဆုံးပဲဟေ့"

"နင့်ထက်ပိုတယ် . . ကမ္ဘာ . . ကမ္ဘာအဝေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါ့အိမ် ဘာလို့လာလဲ"

"ဟောတော့ . . နင့်အိမ် . . ဟုတ်လား"

"ဟုတ်တယ်လေ"

"ငါလာတာ ကိုကြီးဆီ"

ဗွေ့ဗွေ့ခုန်သွားသော သက်တမျှခင်ကို ဇော်ဇော်လူက ဟားတိုက်ရယ်သည်။

"ကိုကြီးဆီ နင်လာစရာမလိုဘူးဟ . . ဒေါ်လေး ပပပဲ လာချင်လာရမှာ"

"ဘာ . ."

စူးခနဲအော်သံက ဧည့်ခန်းတစ်ခုလုံး လျှံထွက်သွား၏။

သက်တမျှ မျက်နှာလေးလဲ နီရဲတက်သွားကာ လက်ထဲ ရှိနေသော မဂ္ဂဇင်းစာအုပ်နှင့် ဖိုးသားကို ပစ်ထည့်လိုက်သည်။

"ဟ . . လက်မပါကြေးလေ . . ပါးစပ်က နိုင်အောင် ပြော"

ဖိုးသား စကားပင်မဆုံးလိုက်ရ။ သက်တမျှခင်က ရှေ့တစ်လှမ်းတိုးလာပြီး ဖိုးသားဆံပင်တွေကို လက်နှစ်ဘက်နှင့် ဖမ်းဆွဲကာ ရမ်းခါပစ်လိုက်သည်။

"ဟိတ် . . ဟာ . . ဟေ့ . . ဟေ့"

ဖိုးသားက လက်ကောက်ဝတ်နှစ်ခုကို မမှီမကမ်း လှမ်းဆွဲရင်း တအံ့တဩ ဟားနေသည်။





"သက်တမျှ"

မင်းဒင်လူ မနေသာတော့ပဲ အပြေးရောက်သွားရသည်။

"ဟိတ် . . သက်တမျှ လွှတ်လိုက်လေ"

သက်တမျှ ဆံပင်တွေကို အားနှင့် ဖမ်းဆုပ်ထားပြီး မျက်ရည်တွေပါ ကျလာသည်။ နှုတ်ခမ်းလေးတွေလည်း တဆတ်ဆတ် တုန်ယင်နေ၏။

"လွှတ်လိုက်ပါကွာ . . စတာပဲ"

သက်တမျှ လက်ကလေးနှစ်ဘက်ကို အုပ်မိုးကိုင်ပြီး ဖြည်ပေးတော့ အေးစက်စေးထန်းနေတာ သိရသည်။

သူကလေး သိပ်ရှက်သွားလား။ နာကျင်သွားလားဟု ချက်ချင်းတွေးကာ သနားသွား၏။

သက်တမျှက 'အင့်' ခနဲ ရှိုက်သည်။

သူရောက်လာပြီမို့ ပိုရှုံ့ပြတော့မှာ မင်းဒင်လူသိသည်။

"အင်း . . နာလိုက်နာ ကိုကြီးရာ"

ဖိုးသားက သူ့ဆံပင်တွေကို သပ်ရင်း ရှုံ့မဲ့ပြောသည်။

"နည်းသေးတယ်"

မျက်ရည်တွေကိုသုတ်ပစ်ရင်း သက်တမျှက တဆတ်ဆတ် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးရေ . . မလွယ်ဘူး . . သား စိတ်ဆိုးလာရင် ဆွဲထိုးမိမယ်"

"အဟား . . သားတဲ့ . . ရှက်လဲမရှက်ဘူး"

"ခင် . ."

ဖိုးသားကလက်သီးနှစ်ဘက်ဆုပ်ပြီး ဒေါသနှင့်ခေါ်၏။

သက်တမျှခင်က ကိုကြီးဘေးနား ပုနေရင်း . . .

"နောက်တစ်ခါဆို ဒီထက်နာမှာ . ."

ဟု ကျေနပ်ပြုံးနှင့် ပြောလိုက်၏။

"အေးပါ . . နောက်တစ်ခါဆို ငါလုံးဝ သည်းမခံတော့ဘူး"

"စိန်လိုက်လေ"

လက်မလေးထောင်ပြီး ပြောတော့ . .

"ငါ . ."

ဖိုးသားရှေ့တိုးလာတော့ ကိုကြီးက ဟားသည်။

"မင်းတို့ကလည်းကွာ"ဟု စိတ်ပျက်လက်ပျက် ညည်း၏။

"အမယ် . . ထိရဲ ထိကြည့် . . ကိုင်ပေါက်ပစ်လိုက်မှာ"

"နင်ကများ ငါ့ကို ရယ်စရာတွေ သိပ်မပြောပါနဲ့"

"လုပ်မနေနဲ့ . . ဘော်ဒီလှလဲ အထင်မကြီးဘူး"

"ဘာမှ မဆိုင်ဘူး"





"အချိန်တန်ရင် မိန်းမတစ်ယောက်ပဲရမှာ . . လာ ကိုကြီးသွားမယ်"

အဖက်မလုပ်ချင်သလိုနှင့် ကိုကြီး လက်မောင်းဆွဲကာ ဆောင့်ကြီးအောင့်ကြီး သူ့ထက်ဦးအောင် ထွက်သွားတာကို မခံချင်စိတ်နှင့် ကြည့်နေလိုက်ရသည်။

သူမဝတ်ထားသော စကပ်ဖားဖားက တလွင့်လွင့် တလှုပ်လှုပ်နှင့်။

"ဘာကြီးမှန်းကို မသိဘူး"

ဖိုးသားရေရွတ်လိုက်တာကို သူမ မကြားနိုင်တော့။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီး . . မတရားဘူး"

သက်တမျှက စွဲချက်တင်သည်။

"မဟုတ်ပါဘူးကွာ"

မင်းဒင်လူက လက်ကာပြရင်း ငြင်းသည်။

"ဘာလို့ မဟုတ်ရမှာလဲ"

"ဟုတ်မှမဟုတ်တာ"

"ဟုတ်တယ်"

"မဟုတ်ဘူးကွာ"

"ဟုတ်တယ်ဆို"





သက်တမျှက ပိုက်ထားသော ခေါင်းအုံးကို ထုရိုက်ပစ်သည်။ မျက်ရည်ကြည်တွေလည်း ချက်ချင်းဝဲတက်လာ၏။

"ကိုကြီးက ရိုးရိုးဖျားတာကွ"

"သက်တမျှလဲ ရိုးရိုးဖျားတာပဲဟာ"

"မဟုတ်သေးဘူး . . သက်တမျှအဖျားက ကျမှ မကျတာကွ . . ဘာမှန်းမသိသေးဘဲ အဖတ်မစားတာ ကောင်းတယ်"

"ကိုကြီးအလှည့်တုန်းကတော့ သက်တမျှက ကြေးအိုးဝယ်ပြီး ခိုးတိုက်ရတယ် . . သက်တမျှဖျားတော့ ခေါက်ဆွဲကြော်စားချင်တာ ဝယ်မကျွေးဘူး"

"အဖျားကျရင် ကျွေးမယ်လေ"

"အခုစားချင်တာ . . စားချင်ရင် တည့်တာပဲဟာ"

"အဖျားက လုံးဝမကျသေးတော့ မစားတာ ကောင်းတယ်ကွာ"

"ဟင်အင်း . . စားမှာပဲ"

"ဇွတ် မပူဆာနဲ့ . . ဒုက္ခရောက်သွားမှာ"

"ရောက် . . ရောက်"

"နာလန်ထတော့မှစား . . အဲဒီကျ ဝယ်ကျွေးမယ်"

မင်းဒင်လူကို စိုက်ကြည့်ပြီး သက်တမျှက မျက်ရည်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



“တော်ပြီ ဘယ်တော့မှ မစားတော့ဘူး”

ကိုကြီးတို့ ကျောခိုင်းကာ သက်တမျှက တစ်ဘက်လှည့်နေ၏။

“သက်တမျှရာ ကိုကြီး စိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့ လိမ္မာပါတယ်ကွာနော်”

မင်းဒင်လူက တစ်ဘက်ပြောင်းလာထိုင်သည်။ သူမက အခြားတစ်ဘက် လှည့်ပြောင်းသွား၏။

“ဒီလိုလုပ် . . ခေါက်ဆွဲကြော်တော့ မစားနဲ့ဦး . . ပူတင်းစားမလား . . ဝယ်ပေးမယ်”

သက်တမျှက ခဏငြိမ်နေ၏။ ပြီးမှ . .

“စားမယ်”

သူ့ဘက်လှည့်ကာ ခပ်ပြုံးပြုံးလေး ပြောသည်။

“ပြီးရော . . ကိုကြီး သွားဝယ်မယ်”

“သုံးလေး ငါးခုနော်”

“လောဘက ကြီးနေပြန်ပြီ . . သိပ်တည့်တာမဟုတ်ဘူး”

မင်းဒင်လူက ဆုံးဖြတ်မရနိုင်သလို ချီတုံချတုံနှင့် သက်တမျှ နဖူးကို ပြန်စမ်းကြည့်ပြန်သည်။

“အား . . အရမ်းပူနေတာ . . စွပ်ပြုတ်ပဲ သောက်ပါလားကွာ”





“လုပ်ပြန်ပြီ”

နဖူးပေါ် တင်ထားသောလက်ကို ဆွဲဖယ်ပစ်ကာ သက်တမျှ စိတ်တိုသွား၏။

“စားချင်တာ စားလိုက်ရင် သက်သာသွားမှာ”

မင်းဒင်လူက သက်ပြင်းရှိုက်၏။

“ပြီးရောလေ ဝယ်ခဲ့မယ်”

“ကိုကြီး . . ”

အခန်းဝရောက်မှ သက်တမျှက ပြန်ခေါ်သည်မို့ လှည့်ကြည့်ရသည်။

“မြန်မြန်ပြန်လာနော်”

“အင်းပါ . . လာမှာပေါ့”

“မကြာနဲ့နော်”

“အင်း . . ”

သက်တမျှက လက်ကလေး မြှောက်ပြကာ ‘တာ့တာ’ လုပ်သည်။

ပြီးတော့ စိတ်ကူးပေါက်သလို ခြုံထားသော စောင်ကို ခွာပစ်ကာ ခုတင်ပေါ်မှ ဆင်းလာပြီး စကတ်ရှည်ရှည်လေးကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လက်နှင့်သပ်ချကာ . .

“လိုက်ခဲ့မယ် . . ”ဟု ပြော၏။

“ဟာ . . မလိုက်နဲ့ . . မလိုက်နဲ့”



www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်လူက လန့်သွားရသည်။

သည်လောက် အဖျားသွေးရှိနေတာ။ ဇော်ကြာ ဒေါ်လေးရတနာနှင့် စကားများရမည်။

ဒေါ်ရတနာခင်က သူ့သမီးလေးကို သိပ်ချစ်တာ . . မေမေကြီး သက်သက်ကရော ဘာထူးလဲ။

တစ်ဦးတည်းသော မြေးမလေး သက်တမျှကို 'မေကြီး သက်'က သည်းသည်းလှုပ် ချစ်တာ . . 'ဖေကြီးခင်' နှင့်တောင် တူတာမဟုတ်ပါ။

အဖေ အမေထက် အဖိုးနှင့် အဖွားက ပိုချစ်ပိုအကဲပါနေကြတာ။ တစ်ခုခုကို မင်းဒင်လူကို ဝိုင်းအပြစ်တင်မှာ။

"လိုက်မယ်"

သက်တမျှက မင်းဒင်လူ့ လက်မောင်းကို ဆွဲထားသည်။

မရမက အတင်းအကြပ် လုပ်တော့မှာ သိသည်။

"အနွေးထည် ဝတ်ထားတာပဲဟာ"

ဝတ်ထားသော ဆွယ်တာလေးကို ဆွဲချရင်းပြော၏။

"ကားမှန်တွေပိတ်ထားရင် လေမတိုက်ပါဘူး"

"ခက်ပါလား"

"မေမေတို့မသိအောင် အသာလစ်ထွက်မယ်လေ"

သူမက အဖော်လာညှိနေသေးသည်။

မျက်ဆံနက်လေး တချွေ့ချွေ့နှင့် အားစက်သရော





ပြောနေပုံလေးကို မင်းဒင်လူ မခေါ်သွားပဲ နေနိုင်မှာတဲ့လား။

"ပြီးရောလေ . . ခြံပြင်က စောင့်မယ် . . မသိအောင် ထွက်ခဲ့"

"အင်း . . အင်း"

"ဂျာကင်တစ်ထပ် ဝတ်ခဲ့ဦး"

"အင်းပါ"

ခုမှ စိတ်ချသွားသလို မင်းဒင်လူ့ လက်မောင်းကို လွှတ်လိုက်သည်။

"ဟိုရောက်ရင် မတည့်တာတွေ စားမယ်လို့ မလုပ်ရဘူးနော်"

"အင်း"

သက်တမျှက ခေါင်းညိတ်သည်။

သူ့ခြံပြင်မှာ ကားရပ်စောင့်မှာကို သက်တမျှ ယုံသလို မပူဆာဘူးဆိုသော သက်တမျှ ခေါင်းညိတ်ထားတာကို သူယုံသည်။

အပြန်အလှန် ယုံကြည်နားလည်မှုရှိသည်ဟု ဆိုရမလား။

"ကိုကြီး . . ခုပဲထွက်လာမယ်သိလား"

"ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အလိုကျသလို သူမပြုံးလိုက်တာကို မင်းခင်လူက ကျေနပ်သည်။ လုပ်ပေးနိုင်တာကို လုပ်ပေးလိုက်ချင်သည်။

သူမအပေါ် စေတနာ တကယ်ရှိသည်။ ခင်လည်း ခင်သည်။ သံယောဇဉ်လည်း ကြီးသည်။

တစ်ခါတစ်လေ အနိုင်ကျင့်ရင်သာ ရိုက်ပစ်လိုက်ချင်တာ။

၀ ၀ ၀



"လွယ်လွယ်လေးပါ . . ကိုကြီးပြောပြမယ်"

သူ့စကားကြောင့် သက်တမျှက ဘောလ်ပင်လေးကို စာအုပ်ပေါ် ချထားပြီး လက်ကလေးပိုက်ကာ သူ့ဆီကြည့်လာ၏။

"အက်ဆေးခေါင်းစဉ်က . . "

"မိုင်ဖယ်မလီလေ (ကျွန်ုပ်မိသားစု)"

"ဟုတ်ပြီ . . ခေါင်းစဉ်ကို စာရွက်ထိပ်မှာ စာလုံးကြီးနဲ့ လှလှပပ တပ်လိုက်ပေါ့"

"အင်း . . ပြီးရော"

"ပြီးတော့ မိသားစုအကြောင်း ရေးပေါ့"

"မရေးတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ကိုယ့်နာမည်ရေး အဖေအမေနာမည်ရေး မောင်နှမအကြောင်းရေး"

"မောင်နှမမှ မရှိတာ"

"မရှိလဲ ရေးလို့ရတာပဲ"

"ထားပါတော့. . မညာချင်လဲ အဒေါ်တွေ သုံးယောက်ရှိတာ . . အပျိုကြီးတွေဆိုတာပါ ထည့်ရေး"

"ရယ်စရာကြီး ဖြစ်နေမှာပေါ့"

"အမှန်တွေ ရေးတာပဲလေ"

"ကိုကြီး လွယ်တယ်ဆို"

"အင်းလေ . . ခက်ခက်ခဲခဲ ခေါင်းစဉ်မှ မဟုတ်တာ"

"ကိုကြီးပဲရေးပေး"

"ဟာ . . ငါရေးတော့ ငါပဲတတ်မှာ"

"ဘာဖြစ်လဲ"

"ကိုယ့်ဟာကိုယ်ရေးပါ . . ဒေါ်သက်တမျှခင်ရယ်"

"ကိုကြီးရေးပေး"

"ဒုက္ခရောက်လိမ့်မယ်"

"မရောက်ပါဘူး . . ပြီးရင် အလွတ်ကျက်ထားမှာပေါ့"

"အစီအစဉ်တယ်ကောင်းပါလား . . စာမေးပွဲ အဲဒါလာဦးမှ"





"ကုသိုလ်ပေါ့"

"အမယ်လေး . . တရားရနေလိုက်တာ"

မင်းဒင်လူက အသည်းယားလာရသည်။

"ခေါက်မိတော့မယ်"

"နာမှာပေါ့"

"ကဲ . . ရေး"

"ကိုကြီးပဲ ရေးပေးလိုက်ပါ"

"လုံးဝမရေးပေးဘူး"

မင်းဒင်လူက စိတ်ဆိုးမာန်ဆိုး ထရပ်သည်။

"ဒီတစ်ခါထဲပါ"

"အလိုလိုက်လို့မရဘူး . . ကိုယ်တိုင်ရေး"

"ရေးမယ် . . ရုပ်ရှင်ပြမလား"

"ဘယ်ရုံကလဲ"

"ရတယ်. . ဘယ်ရုံဖြစ်ဖြစ် ကြည့်ရရင်ပြီးရော"

"ပြမယ်. . ခုချက်ချင်း ပြီးအောင်ရေး"

"အင်းပါ . . ခဏလေး ပြီးသွားမှာ"

သက်တမျှခင်က ဘေးနားရှိနေသော အက်ဆေး စာအုပ်ကြီး ကောက်လှန်နေသည်။

"အေးပါ . . အဲဒီအထဲက ကူးလို့ကတော့ လုံးဝ . . ဘာရုပ်ရှင်မှ မပြဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ ခပ်တင်းတင်းပြောမှ ကမန်းကတန်း စာအုပ်ကြီး ပြန်ချထားသည်။

"ဒေါ်လေးပပရော လိုက်မလားမသိဘူး"

"မေးကြည့်ပေါ့"

မင်းဒင်လူက ခပ်အေးအေး ပြောသည်။

တစ်ခါတစ်ရံတော့လည်း ဒေါ်လေး 'ပပခင်' နှင့် သက်တမ္ဘတို့ သုံးယောက် သွားကြည့်နေကျ။

ဒေါ်လေး ပပခင်က မေမေ့ ညီမ အငယ်ဆုံးပေမယ့် သက်တမ္ဘနှင့် အသက်ချင်း သိပ်မကွာလှပါ။

"ကိုကြီး"

"ဟင်"

"အင်္ဂလိပ်ကားတွေ မကြည့်ဘူးနော်"

"ကြိုက်တာကြည့်ဗျာ"

"အဟင်း"

သက်တမ္ဘက ရယ်သံလေးနှင့် အက်ဆေးရေးနေသည်။

၀ ၀ ၀



"စီးမယ်နော် . . ကိုကြီး"

"ဟာ . . သက်တမ္ဘပဲစီး . . ဒါ ကလေးစီးလေကွာ"

ဘယ်ဖြစ်မလဲ တစ်ခါတစ်လေစီးတာပဲဟာ"

"စီးမှမစီးချင်တာ"

"သက်တမ္ဘ စီးချင်တယ်"

"စီးချင်ရင်စီး"

"ကိုကြီးပါမှ"

လည်နေသော ရဟတ်ကို မော့ကြည့်ကာ သက်တမ္ဘ အားတက်သရောလေး ပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ရပ်ကြည့်နေမယ်"

သူမ ဆန္ဒကို သူမတားချင်ပါ။

"ကိုကြီး မပါဘဲ မစီးချင်ပါဘူး"

"ဒါဆိုလဲ မစီးနဲ့တော့ကွာ"

"တစ်ယောက်တည်းပါ ကိုကြီးရာ"

"တဲ . . စီး . . . စီး"

သက်တမျှခင်ကို ငုံကြည့်ကာ မင်းဒင်လူ ခေါင်းညိတ်လိုက်သည်။

"ဖြုတ်ထွက်ပြီး လွင့်သွားမှာ ကြောက်တယ်"

"မဖြစ်ပါဘူး . . မကြောက်ပါနဲ့"

ရဟတ်ခုံလေးမှာ ပူးကပ်ထိုင်ပြီး ကိုကြီးက ပိုက်ဆံခြောက်ကျပ်ထုတ်ပေးလိုက်၏။

သက်တမျှက ဝတ်ထားသော စကပ်လွင့်မှာစိုးသလို လက်နှင့် စုသိမ်းဖိထားပြီး သူ့လက်မောင်းကိုယည်း တင်းတင်းကြုပ်ကြုပ်ဖမ်းဆုပ်ထားသည်။

"မစီးတော့ဘူး . . ကြောက်တယ်ကိုကြီး"

လွှဲပင်မလွှဲရသေး . . အပေါ်ရောက်ရုံရှိသေး . . သက်တမျှက မျက်နှာငယ်လေးနှင့် ထိတ်လန့်နေ၏။

"ဘာမှမဖြစ်ပါဘူး"





"ဖာင်အင်း . . ကြောက်တယ် . . လွှဲတော့မှာ"

သူ့လက်မောင်းစွန်းပေါ် မျက်နှာလေးမှောက်ချထားတော့ မင်းဒင်လူ ရယ်ချင်သည်။

"စီးချင်တုန်းကတော့ အရမ်းပတမ်း"

သက်တမျှကို ငုံကြည့်ကာ စရမှာတောင် သနားသွား၏။

"ကဲပါကွာ . . ဒီလောက် ကြောက်စရာမကောင်းပါဘူး"

မင်းဒင်လူ - သက်တမျှ ပခုံးလေးကို ဖက်ထွေးထားလိုက်၏။

သက်တမျှက အသက်ပင် မရှူနိုင်ဘဲ ပုဝပ်နေ၏။

ရဟတ်က သိမ့်ခနဲခါကာ ရင်ထဲအေးစိမ့်သွားတော့ သက်တမျှက သူ့ဘက် ပိုတိုးကပ်လာသည်။

"အရမ်းလွှဲတာပဲနော် . . အသည်းကို အေးသွားတာပဲ"

တုန်တုန်ခတ်ခတ်အသံလေးက တကယ့်ကလေးပေါက်စနလေးလိုပါပဲ။

"ဟာ . . ဒီစကပ်ကလဲ အရမ်းလွင့်တာပဲ"

ဖောင်းတက်လာသော စကပ်ဖားဖားကို စိတ်တိုသလို ရေရွတ်၏။

"ဘာဖြစ်လဲကွာ . . ပိုတောင်လှသေးတယ် . ."

သက်တမျှက ဘယ်တော့မှ ထဘီဝတ်ကျင့်မရှိပါ . .



www.burmeseclassic.com

www.burmeseclassic.com



စကပ်ဖားဖားကြီးတွေသာ အမြဲဝတ်သည်။

ခြေမျက်စိအုပ်အောင် ရှည်လျားလွန်းသော စကပ်က တစ်ခုလုံး အတွန့်တွေနှင့်မို့ ကိုယ်လုံးအလှ လုံးဝပျောက်ကွယ်ကာ ကလေးငယ်တစ်ဦးလိုပဲ ချစ်စရာကောင်းနေသည်။

ဆယ်ကွေ့တစ်ကွေ့ တစ်ခါတစ်ရံတော့ သူမဘောင်းဘီရှည်လေးတွေ ဝတ်တတ်သည်။

ဘောင်းဘီရှည်ဝတ်လည်း အပေါ်မှ အင်္ကျီက ဂါဝန်ပုံစံဖောင်းကားကားလေးနှင့် ဒူးဆစ်ရောက်မတတ် ရှည်လျားနေတာမို့ သူမကိုယ်နေဟန်ထားကို အကဲခတ်မရနိုင်။

ရယ်လျှင်လည်း လက်ခုပ်တီးပြီး အားပါးတရ။

စိတ်ဆိုးလျှင်လည်း ခြေဆောင့်ပစ်တာက အရင်။

ဝမ်းနည်းသွားလည်း ဟီးခနဲ ငိုချလိုချ။

ခြုံပြောရလျှင် သူမ အရမ်းကလေးဆန်လွန်းလှသည်။

ချစ်စရာအကျင့်လေးတစ်ခုကတော့ ပွင့်လင်း ရိုးသားခြင်း လေးပါပဲ။

ကောက်ကျစ်ပုပ်စပ်သော စိတ်တွေ သူမမှာ တစိုးတစိမျှ ရှိပုံမရ။

တခြားတခြားသော ကောင်မလေးတွေလို အတင်းအဖျင်းလည်း ပြောတတ်ပုံမရပါ။





မကြိုက်ရှင်းရှင်း . . ကြိုက်ရှင်းရှင်းနှင့် ဘွင်းဘွင်းပဲနေထိုင်တတ်သူ။

"ဟောတော့ . . ခဏလေးနော် ရပ်လိုက်ပြီ"

"စီးချင်သေးလို့လား"

"အမလေး . . တော်ပါပြီ"

မျက်နှာချင်းဆိုင်ထိုင်နေသော ချာတိတ်နှစ်ယောက်က သက်တမျှ ကျောချမ်းသလိုလေး ပြောလိုက်တာကို ရယ်သည်။

"တစ်ခေါက်လောက်စီးဦးလေ"

"ကိုကြီးနော်"

သူ့ရဲ့ပြောမှန်းသိကာ သက်တမျှက နှုတ်ခမ်းစူသည်။

ရဟတ်ပေါ်မှ ဆင်းလာတော့ . . .

"ကိုကြီးရေ ပျော်စရာကြီးနော်"

ဟု ပီတိပြုံးလေးနှင့် ပြောနေသေးသည်။

"ပျော်စရာ မကောင်းပါဘူး"

"ဟင် . . သက်တမျှနဲ့ လျှောက်လည်ရတာ မပျော်ဘူးပေါ့"

"ပျင်းတောင် . . ပျင်းသေးတယ်"

"ဟုတ်မှာပါ"

သူမက မျက်လွှာလေး စင်းချကာ မှတ်ချက်ချ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟုတ်မှာလဲ"

"ဒေါ်လေးပမ့် မပါတာ . . ကိုကြီးဘယ်ပျော်မလဲ"

"ဟာ . . မဆိုင်တာ . . ပျော်ပါတယ်"

မင်းဒင်လှူ ကမန်းကတန်းဖြေရှင်းရသည်။

"သိပါတယ်နော်"

"စွပ်စွပ်စွဲစွဲဗျာ . . သူများသားသမီးကို"

"အဲဒါ သက်တမျှ စကားနော်"

လက်သည်းချွန်လေးဆိတ်ပြီး သက်တမျှက သတိပေး သည်။

"စာမေးပွဲနီးပြီ"

"စာတွေရနေတာပဲဟာ"

"ပေါ့မှာစိုးလို့ ဒေါ်သက်တမျှခင်ရေ"

"ဟာ . . အဲဒီလိုကြီးခေါ်တာ မုန်းတယ်"

"တကယ်လား"

"တကယ် . ."

"ပြီးရော အမြဲ ဒေါ်သက်တမျှခင်လို့ပဲ ခေါ်မယ်"

မင်းဒင်လှူက ခေါင်းငုံ့ချကာ မခံချင်အောင် ခပ်တိုး စ၏။

"ဖိုးသားလို ဖြစ်သွားချင်လား"

သက်တမျှက ပါးစပ်ကလည်းပြောလက်ကလည်း





လိုက်တာမို့ . .

"ဟာ . . မလုပ်ပါနဲ့"

ဟု မင်းဒင်လှူခေါင်းမတ်ရင်း အမြန်ရှောင်တိမ်းလိုက်၏။

"ကိုကြီးကလဲ တကယ်လုပ်ရက်မလားလို့"

"မပြောနိုင်ဘူးလေ"

"ဒီလောက်တောင် ယုံကြည်မှု ကြပါးရသလား"

"ဖိုးသားကိုတောင် တကယ်ဆွဲခဲ့သေးတာ"

"ကိုကြီးက ဖိုးသားလား"

"မသိဘူးလေ"

"စိတ်ချ . . ကိုကြီးကိုလေ အဲဒီလို မိုက်မိုက်ရိုင်းရိုင်း တစ်သက်လုံး ဘယ်တော့မှ မလုပ်ဘူး"

ယတိပြတ်ပြောတော့ ကြည်နူးမှုအဟုန်က ရင်ထဲ ဆောင့်ခုန်သည်။

"သေချာတယ်နော်"

"သေချာတာပေါ့"

မျက်လုံးလေးမှိတ်ကာ မေးဆတ်ပြောပုံက ပိုင်နိုင်သေချာလှသည်။

"ဖိုးသားကို ကြည့်မရလို့ . . မုန်းလို့ ချဥ်လို့"

"ဟိုကလဲ အဲဒီလိုပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သိသားပဲ. . အဲဒါကြောင့် ဆံပင်ဆွဲပစ်တာ"

"ယောက်ျားလေးနဲ့ ပြိုင်မဖြစ်ရဘူးလေ"

"ဘာလို့"

"သက်တမျှက မိန်းကလေးမဟုတ်လား"

"အင်း. . အင်း. . ဒီတစ်ခါဆိုရင် မိန်းကလေး ပီပီသသ ပါးရိုက်လိုက်မယ်"

"ဟာ . . ."

၀ ၀ ၀



"ကိုကြီးဖို့ ယူလာတာနော်"

ဖိုးသားကို မျက်စောင်းနှင့်ကြည့်ရင်း ဆီထမင်းပန်းကန်ကို နောက်ဖွက်လိုက်သည်။

"မသထာရင်လဲ မစားပေါင်ဗျာ"

သည်တစ်ခါ ဖိုးသားက လိမ္မာနေသည်။

"ကိုကြီးရော"

"မရှိ"

"ဘယ်သွားလဲ"

"မသိ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တာလား"

"အတည်"

"ဒါဆိုပြီးရော . . ပြန်ယူသွားမှာ"

"ဟာ . . ယူလာပြီးမှဟာ ငါ့ ကျွေးခဲ့ရသားပဲ"

သက်တမ္ဘခင်က နှုတ်ခမ်းမဲ့သည်။

"စေတနာမပါဘူး"

"ရတယ် . . ကျွေးခဲ့"

"ငတ်ကို ငတ်တယ်"

"ထင်လို့ပါ"

"မကျွေးဘူး"

ဖိုးသားမျက်နှာလေးကို မုန်းလွန်းသည်။ ညီအစ်ကိုအရင်းပေမယ့် ကိုကြီးကိုခင်သလောက် သူ့ကို မြင်ပြင်းကပ်လွန်းလှ၏။

"ပြန်ယူသွားရမှာ အားနာစရာကြီး"

"အမယ်လေး . . အားမနာနဲ့ . . ရတယ်"

"ခင်ရာ နင်တကယ်ပုတ်စပ်တယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဆောရီး . . ဆောရီး . . ငါဒီနေ့ ရန်မဖြစ်ချင်ဘူး . . ကဲပါ . . ပြန်ယူသွား . . မစားတော့ဘူးနော်"

ဖိုးသားက လက်ဝါးတကာကာနှင့် ပြော၏။





"ကိုကြီးက ဘယ်တော့ ပြန်လာမှာလဲ"

"ငါ့ကို ပြောသွားမလားဟ"

သက်တမ္ဘ ပန်းကန်လေးကို စားပွဲပေါ် တင်ပြီး မျက်နှာလေးငယ်သွားရ၏။

"ငါစားပေးပါ့မယ်ဆိုတော့ နင်ကတစ်မျိုး"

"နင့်ဖို့မှ မဟုတ်ဘဲ"

"ညီအစ်ကိုပဲဟာ . . အတူတူပေါ့"

"မတူဘူး"

"မျက်နှာလိုက်လွန်းတယ်ဟာ"

"ဘာဖြစ်လဲ"

"ကောင်းမယ့်ပုံပဲ"

ဖိုးသားက ဆီထမင်းပန်းကန်ကို ကြည့်ပြောသည်။

"အင်းလေ . . စားလိုက်တော့"

သက်တမ္ဘ လက်လျှော့လိုက်သည်။

"ကိုကြီးဖို့ တစ်ဝက်ချန်ထားပါ့မယ်ဟ"

သည်လိုတော့ ဖိုးသားက မဆိုးလှ။

"ပြီးရော . . ပြီးရော . . ငါသွားမယ်"

သူ့ကို ထားရစ်ကာ သက်တမ္ဘ ပြန်ထွက်လာခဲ့သည်။

ကိုကြီးစားဖို့ ရည်ရွယ်ခဲ့ပေမယ့် သူကစားချင်လှသလို

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတော့ သူမ သနားသည်။

ပေးဖို့ယူသွားပြီးမှ ပြန်ယူလာရမှာကျ တစ်မျိုးကြီး။

ရှိပါစေတော့။

ဆတ်ခနဲ ပြန်လှည့်ကြည့်တော့ ဖိုးသားက မစားသေးဘဲ လှမ်းကြည့်နေတုန်း။

"စားလိုက်လေ" ဟု

လှမ်းအော်ပြောရင်း အပြေးတစ်ပိုင်း ထွက်လာခဲ့၏။

ဖားဖားဝေဝေ လွင့်နေသော စကပ်ကို လိုက်ဖမ်းမနေတော့ဘဲ လွှတ်ထားလိုက်သည်။

လေဒီချုး အမြင့်လေးကို ဂရုစိုက်ကာ ပြေးရသည်။

လိမ့်ကျရင် ဖိုးသား ဟားတိုက်မှာ။

အိမ်ထဲဝင်ကာနီးတော့ ပန်ထားသော နားဆွဲလေးကို လှုပ်ကစားရင်း နှုတ်ခမ်းစေ့ပြုံးမိ၏။

ဝ ဝ ဝ



"အား . . အစ်ကိုကြီး"

ကိုးရိုးကားယား ပြုတ်ကျတော့ မင်းဒင်လူရင်ထဲ ထိတ်ခနဲ ဖြစ်ရသည်။

"ကောင်းတယ်"

"အား . . လာ . . လာ"

သက်တမျှက လန်တက်သွားသော စကပ်လေးကို ပြန်ဆွဲချသည်။ ရှုံ့မဲ့နေသော မျက်နှာလေးနှင့် ငိုမဲ့မဲ့ဖြစ်ပုံများ။

"နည်းသေးတယ်"

"ဆေးခန်းသွားမယ် . . နေဦး အန်တီရတနာဆီ ဖုန်းဆက်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး . . သက်တမျှ ဆော့လို့ဖြစ်တာလို့ . . မေမေ့ကို မပြောနဲ့နော်"

ဒါကျတော့ ကြောက်တတ်သား။

"ဘယ်လိုပြောရမလဲ"

"မတော်တဆ လိမ့်ကျတာလို့"

"ဒီလောက် . . မပြောလိုက်ချင်ဘူး . . ယုံမလား"

"ယုံပါတယ်"

သည်လိုညာဖို့ကျတော့ သိပ်တတ်တယ်။

"ကိုကြီး . . . အရမ်းနာတယ်"

မင်းဒင်လူတို့ အိမ်လာလည်ခိုက်ဖြစ်တာမို့ သူမအိမ်ကို လှမ်းပြောပေးဖို့ တာဝန်ရှိလာသည်။

အိမ်နီးချင်းပေမယ့် ဖုန်းနှင့်ပဲ ပြောလိုက်၏။

ဒေါ်ရတနာခင်က တုန်တုန်လှုပ်လှုပ်နှင့် သိပ်စိတ်ပူသွားပုံရသည်။

"ကဲ ဆေးခန်းသွားရမယ်"

"ဆေးထိုးမှာလားဟင်"

"ဒါတော့ ကျုပ်ဘယ်သိမလဲ"

"ကျိုးသွားတာလားဟင်"

"မကျိုးလောက်ပါဘူး"





ခုမှ စိုးရိမ်တကြီးဖြစ်နေတော့ သနားလည်းသနား၊ ဒေါသလည်းဖြစ်ရသည်။

"ကိုကြီးရေ . . ထလို့မရတော့ဘူး"

"မရလဲ ကောင်းတယ်"

ကားသော့နှင့် ပိုက်ဆံကို အမြန်ယူရသည်။ စောစောက ချွတ်ထားသော ဂျာကင်အင်္ကျီကို ပြန်ကောက်ဝတ်၏။

"ကိုကြီး လိုင်စင်ရော . . မေ့မယ်"

"ပါ ပါတယ်"

"အကောင်းလဲ သတိပေးရသေးတယ်"

"အခုတောင် ကျုပ်ကို ရန်တွေ့နေသေးတယ် . . ဟုတ်လား"

"ကိုကြီးကမှ ထောင့်မကျိုးတာ"

"ဘာ . . ပြောလိုက်ပုံကိုက တီးမိတော့မယ်"

"တီးကြည့်ပါလား . . ပြန်ထုမှာ"

"စွာတေးမ"

"ကိုကြီးက ကိုကြီးကျယ်"

"တော်ပြီ ဆေးခန်းမပို့တော့ဘူး"

မင်းဒင်လူက နိုင်ကွက်ကိုကိုင်လိုက်မှ တိတ်သွား၏။ တစ်ခွန်းမခံ ပြန်ပြောနေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးနာတယ်"

"နာပါစေ"

"အဟင့် . . အရမ်းကို ကိုက်ခဲလာပြီ"

"နောက်တစ်ခါ စကားနားထောင်မလား"

"အင်း"

"တကယ်နော်"

"မိန်းမကတိ"

"ပြီးရော"

ကိုကြီးက ဂျိုင်းအောက်မှတစ်ဘက် ဒူးဆစ်အောက်မှ တစ်ဘက် လက်လျှိုကာ မချီသည်။

သက်တမျှက ကိုကြီးပခုံးကို လက်နှစ်ဘက်နှင့် သိုင်းယှက်ထား၏။

"ကိုကြီး"

"ဟင် . . "

"မေမေ စိတ်ပူသွားလား"

"အရမ်းပူတာ ဆေးခန်းလိုက်ဖို့ ဝင်ခေါ်ရမှာ"

"ဟင် . . အဲဒီလို ပြောလား"

"ပြောတာပေါ့ ပပလဲလိုက်မယ်ထင်တယ်"

"ဟင် . . ဒေါ်လေးပရော"





"ဟုတ်တယ်"

"ကိုကြီးက မလိုဘူးလို့ မပြောလိုက်ဘူးလား"

"မပြောလိုက်ဘူး"

"ကျွန်တော်ပဲ ခေါ်သွားလိုက်ပါ့မယ်လို့ ပြောလိုက်ပါလား"

"ဘယ်ဖြစ်မလဲ သူတို့သမီး . . သူတို့ တူမပဲဟာ"

"ဟာ . . ဒုက္ခပါပဲ . . သေချင်တယ်"

သက်တမျှက ခြေထောက်နှစ်ဘက်ကို ပွတ်တိုက် လှုပ်ရမ်းပစ်ကာ ဆန္ဒပြသည်။

"ဟိတ် . . ငြိမ်ငြိမ်လေးနေ . . ပစ်ချလိုက်မှာ"

"ပစ်ချလိုက် အဲဒါမှ တကယ်နာသွားမှာ . . ဆေးခန်းသွားလို့ရမှာ"

"ဘာ"

မင်းဒင်လူ ခြေလှမ်းတွေ တုန့်ခနဲ ရပ်၏။

"အဟဲ . . "

"ဘာအဟဲလဲ"

"ကိုကြီးကို ချစ်လို့စတာ"

"လာရှုးမနေနဲ့ . . "

"အမယ်လေး . . ပြောပုံကြီးကလဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်တမျှမျက်နှာက ချက်ချင်းပုပ်သိုးသွား၏။

"ကိုကြီး စိတ်ဆိုးလား"

"ညည်းဒီလောက် မာယာများမယ်လို့ ကျုပ်မထင်လို့ ခံလိုက်ရတာ"

မင်းဒင်လူက မာတင်းတင်း ဖြစ်သွား၏။

"မာယာများတာမဟုတ်ဘူးကိုကြီးရယ် . . စတာပါ"

"ဒါ စ,စရာလား"

ကားဘေးမှာ သူမကို ချပေးတော့ ကောင်းကောင်း မနေဘဲ သူ့ကို တွဲခိုစီးထား၏။

"အရှုးအပေါလို လုပ်မနေနဲ့"

"ကလေးဆန်တာပါ"

"တော်ရုံပဲဆန်"

"ကိုကြီးမကြိုက်ရင် နောက်အဲဒီလို မလုပ်တော့ဘူးလေ နော်. . ကိုကြီး"

"လုံးဝမကြိုက်ဘူး"

"အင်းပါ . . ဒီတစ်ခါတည်းပါ"

သူ့ကိုမော့ကြည့်ကာ သနားစဖွယ်ပြောနေ၏။

"ကိုကြီး . . ဒါမျိုးမကြိုက်ဘူး"

"ဟုတ်ကဲ့ပါ"





ခပ်တင်းတင်းပေါက်တော့ မျက်နှာငယ်လေးနှင့် ငုံ့နေ၏။

"ကိုကြီးက သက်တမျှတို့အိမ်ကိုတောင် ပြောထားပြီးသား"

"အင်းပါ"

"ကိုကြီး ဘာဖြစ်သွားမလဲ"

"ငပေါကြီး"

"အဲဒါ သိသိနဲ့ ညည်းဘာလို့ လုပ်ရတာလဲ"

မင်းဒင်လူ သူမနဖူးကို တအားထုချလိုက်သည်။

"အား . . နာလိုက်တာ . . တစ်ခါတလေ ကိုကြီးအညာ မိတာ မြင်ချင်လို့ပေါ့ . . ပြီးတော့ ခုလိုစိတ်ဆိုးပြီး ငေါက်တာ . ."

"ဒီအတိုင်းပြော . . အဆူခံချင်ရင် ဆူပေးမယ်"

"တစ်ခါလေးကို မပြီးတော့ဘူး"

"ပြီးစေချင်ရင် ညည်းပြန်"

"ဒါ ညည်းလား"

သက်တမျှက မျက်လုံးလေးနှင့် သူ့ကိုယ်သူပြကာမေး၏။

"ဟုတ်တယ် . . ညည်းပဲပေါ့"

"သက်တမျှပါ"

"လုံးဝမခေါ်ချင်ဘူး ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



"နှင်နေတာ"

"ဟုတ်တယ် . . ခြံပြင်ဆွဲထုတ်ပြီး ပြန်ပြန်လို့ ပြောရမှာ အားနာလို့သာ"

မင်းဒင်လူ ခပ်မာမာပြောတော့ သက်တမျှက တအံ့တသြလေးကြည့်သည်။

ပြီးတော့ ဘာမပြော ညာမပြောနှင့် သူ့ပခုံးပေါ် သိုင်းထားသော လက်တွေကို ဖယ်ချကာ ဆတ်ခနဲ ကျောခိုင်းထွက်သွား၏။

"ဟိတ်"

မင်းဒင်လူ တားတာကိုလည်း မကြားသလို။

ခြံဝင်းတံခါး သော့ခတ်ထားတော့ ခြေစုံရပ်ရင်း စောင့်နေ၏။

သူအရယ်တစ်ဝက်နှင့် သက်တမျှနား ရောက်သွားရသည်။

"ဖိနပ်ထားခဲ့ မလို့လား"

ဟုတ်သား စောစောက မင်းဒင်လူ ပွေ့ချီလာတာ ဖိနပ်မှ မပါသေးဘဲ။ ခြေပြောင်လျှောက်နေမိတာတောင် သတိမထားမိလောက်အောင် ဝမ်းနည်းသွားရသည်ပဲ။

"ရှူးဖိနပ်လေးဆို ရောင်းရင် တစ်ရာနှစ်ရာ အသာလေး ပဲ"





မင်းဒင်လူက စိတ်ဆိုးပြေအောင် လိုက်ချော့ စ,နေတာ မှန်းသိပါသည်။ သို့ပေမယ့် ရင်ထဲနာသွားတာက မကြေနိုင်။

သက်တမျှကို အားမနာပါးမနာ နှင်လိုက်တာ။

"တံခါးဖွင့်ပေး"

"ဖိနပ်သွားယူလေ"

"ရောင်းချင် ရောင်းလိုက် . . မယူတော့ဘူး"

"ဟ . . ဒါက ဘာဖြစ်တာလဲ"

သက်တမျှ မျက်နှာလေးက သုန်မှုန်နေ၏။

"ဖိနပ်စီးသွားလေ . . ဖွင့်ထားမယ်"

"ဟင့်အင်း . ."

"ဒါဆိုလဲ မဖွင့်ဘူး"

"မဖွင့်ရင် ကျော်တက်မှာနော်"

မင်းဒင်လူက သော့သွားယူလာပြီး ဖွင့်ပေးသည်။

သက်တမျှခင်က ခပ်မော့မော့ပဲ လျှောက်သွား၏။

"ဟော့ . . ဖိနပ်တကယ် မယူတော့ဘူးလား"

"မယူဘူး"

"ပြီးရော . . လွှင့်ပစ်လိုက်မယ်"

သူမက ဘောက်ဆတ်ဆတ် လျှောက်သွား၏။ မင်းဒင်လူ ခြံတံခါးကို ပြန်စေ့ရင်း ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလေးမှန်းကို မသိပါ။

အိမ်ရှေ့ရောက်တော့ ညီညီညာညာ ချွတ်ထားသော ရှူးဖိနပ် အနီရောင်လေးကို ငုံ့ကြည့်မိသည်။

တကယ်ပဲ ထားခဲ့ပြီး ပြန်သွားလိုက်တာ။

စိတ်တော်တော်ကြီးသားဟု တွေးမိ၏။

မင်းဒင်လူအနားမှာ သူမ ကိုယ်သင်းနံ့လေးတွေ စွဲထင်ကျန်ရစ်သလို ခံစားရ၏။

ကိုယ့်ပခုံးကို ပိုင်ပိုင်နိုင်နိုင် သိုင်းဖက်မော့ကြည့်နေတာလေးကို ပြန်တွေးမိတော့ ရင်ထဲ နွေးသွားရသည်။

ရှူးဖိနပ်အနီလေးကို ဆတ်ခနဲကောက်ယူကာ ကားရပ်လားရာဆီ လှည့်ထွက်မိသော ကိုယ့်အပြုအမူသည် ဦးနှောက်၏ ဆုံးဖြတ်ချက် တစ်စုံတစ်ရာကိုပင် စောင့်ဆိုင်းနာခံခြင်း မရှိပါလား။

ဖိနပ်လေးကို ကားထဲပစ်ထည့်ကာ ခြံတံခါးကို နှစ်ဖက်စလုံးသွားဖွင့်သည်။

ရင်ထဲမှာ ကျေနပ်နေသည်။ ပျော်နေသည်။

ကျေနပ်ခြင်း၊ ပျော်ရွှင်ခြင်းတွေ ဘယ်ကရောက်လာတာလဲ။

ခုံပေါ်မှ ကိုးရိုးကားရားလေး ပြုတ်ကျတော့ ဒူးဆစ်ပေါ်





အောင်လန့်သွားသော စုကပ်လေးကို အလျင်စလို ဆွဲချလိုက်ငုံ့လေးက မျက်လုံးထဲ စွဲထင်သွားတော့ မင်းဒင်လူ ရယ်ချင်ကာမသိသလို နေခဲ့ရသည်။

သူမက ရှက်သွားတာကိုတောင် လူသိမခံချင်။

ကားစက်နှိုးရင်း သူတစ်ယောက်တည်း ရယ်မိသည်။

အဲဒီကတည်းက ရှက်သွားတာကို စ,နောက်လိုက်ရင်အကောင်းသား . . အခြေအနေက တစ်မျိုးပြောင်းသွားသည်။

မခံချင်စိတ်နှင့် သူ့ကို ပြေးထုလျှင် ခြေထောက်ကိစ္စဆန်ဆောင်ဖို့ အခွင့်သာမှာ မဟုတ်တော့။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

“ဟိတ်”

“အမေ့ . . ဟာ လန့်လိုက်တာ”

ဖိုးသားကို မျက်စောင်းထိုးရင်း ဘေးတွေပါ ပေကျံသွားသော လက်သည်းနီကို ဘယ်လိုလုပ်ရမှန်းမသိဖြစ်ကာ အဖုံးလေး ပိတ်ထားလိုက်၏။

“ကိုကြီးရော”

“လာမှမလာတာ”

“မလာဘူး”

ဖိုးသားက မယုံတစ်ဝက် ယုံတစ်ဝက်။





“တကယ် မလာတာ”

“အတည်”

“အင်း”

“ဒါဆို ကိုကြီး ဘယ်သွားလဲ မသိဘူး”

“ပြောမသွားဘူးလား”

“ဘယ်ပြောမလဲ . . မေမေနဲ့ စကားများသွားတာ”

“အန်တီနဲ့ စကားများတယ်”

သက်တမျှ မျက်နှာလေးက ဖိုးသားဘက်လှည့်လာ၏။

“ဘာလို့ စကားများတာလဲ”

“မသိဘူး”

“လျှိုဖြို”

“နောက်တော့ နင်သိမှာပဲခင်ရာ”

“အခုပြော”

“မပြောချင်ဘူး”

ဖိုးသားက ခေါင်းခါသည်။ သက်တမျှ မကျေမနပ်ဖြစ်၏။

“ကိုကြီးကို အန်တီက အရမ်းချစ်တာ”

“ဟုတ်တယ်လေ . . ခုလဲ ချစ်လို့ဖြစ်ရတာပဲ”

“ဟင် . . နင့်စကားကလဲ ကိုကြီးရှုပ်လိုလား”



www.burmeseclassic.com

www.burmeseclassic.com



သက်တမ့်က စိုးရိမ်စိတ်နှင့် တလွဲတွေးသည်။

“မဟုတ်ပါဘူးဟာ . . နင်မသိပါဘူး”

“သိခွင့်မရှိဘူးလား”

“မသိတာပဲ ပိုကောင်းပါတယ်”

စကပ်အဖြူ အင်္ကျီအဖြူလေးနှင့် မြက်ခင်းပေါ် အားပါး တရ ထိုင်ချကာ လက်သည်းနီဆိုးနေသော သက်တမ့်လေးကို ဖိုးသား ရပ်ငေးနေမိတာ အကြာကြီး။

စကပ်ဖားဖားကြီးက ကားကားလွင့်လွင့်နှင့် သိပ်ကြည့် ကောင်းလွန်းနေတာ။

“အခု ကိုကြီးဘယ်သွားလဲ မသိဘူးနော်”

“အင်းလေ”

“လျှောက်ရှာမယ်”

“ရှာလယ်သွားမှာ”

ဖိုးသားက မတတ်သာသလို ပြောသည်။

“သက်တမ့်ဆီတော့ မလာဘူး”

မကျေမနပ် ရေရွတ်လိုက်ပုံက ချစ်စရာလေး။

“ဒီကိုလာပြီး ရင်ဖွင့်ပါတော့လား . . မပြေလည်တာ တွေ ပြောပြပါလား . . ရသားပဲဟာ . . အဲဒီကိုကြီးဟာလေ”

သက်တမ့်ခင်ကို စေ့စေ့ကြည့်ပြီး ဖိုးသား ဖျော့တော့တော့ ပြုံးမိ၏။





ဖိုးသားက အိမ်ချင်းကပ်နေပေမယ့် သည်ကို လာခဲသည်။ အခုလည်း ကိုကြီးကို လာရှာလို့သာ ရောက်လာတာ။

“နေစဲ . . ဖိုးသား . . ဒီဘက်ကူးလာ ရသားနဲ့”

“မရလို့နေမှာပေါ့ဟ”

“ဘာစကားကြီးလဲ”

သက်တမ့်က ခပ်စူးစူးကြည့်ရင်း အဖြေရှာသည်။

“အန်တီဆူတာ ငါနဲ့ဆိုင်လို့လား”

“မဟုတ်ပါဘူး . . ဒါပေမယ့် ဒီအိမ်နဲ့ ပတ်သက်တယ်”

“ဟင်”

သက်တမ့် ကိုယ်လေး မတ်လာ၏။

“အတည်လား ဖိုးသား”

“အင်း”

မျက်လုံးလေးထောင့်ကပ်ရင်း အကြာကြီး ငြိမ်ကျသွား တော့ ဖိုးသား သက်ပြင်း ရှိုက်သည်။

“ငါမစဉ်းစားတတ်ဘူး”

“ဟုတ်မှာပါ”

ဖိုးသားက လူကြီးလုပ်ပြောတော့ မုန်းချင်သည်။

သူ့ကို အောက်ကျနောက်ကျ မေးမနေချင်တော့ . . ကိုကြီး လာမှပဲ မေးကြည့်တော့မည်ဟု စိတ်ကူးလားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ဝိပရော"

"ရှိသားပဲ"

ဖိုးသားက ဒေါ်လေး 'ပပခင်' ကို သတိတရမေး၏။

"စတိတ်ရှိုးကြည့်မှာလား"

"ကြည့်မယ်လို့ မနေ့ကတည်းက ကိုကြီးကို ပြောထားပြီးသားပဲ. . နင်ပါ ပါမှာဆို"

"ဒါပေါ့"

"ရှုပ်တယ်"

"ဒေါ်လေးပပရော မရှုပ်ဘူးလား"

"မရှုပ်ပါဘူး. . ငါ့အဒေါ်လေးပဲဟာ. . ပြီးတော့ ဒေါ်လေးပပရယ်. . ငါရယ်. . ကိုကြီးရယ် သွားနေကျ သုံးယောက် တတွဲတွဲပဲဟာ"

"ငါကလဲမလိုက်ချင်ပါဘူး. . ကျောင်းကကောင်မလေးတွေနဲ့ သွားချင်တာ"

"နင်က ဂျဲလေးပေါ့"

"ငါ ဆွဲထိုးလိုက်ရ"

သက်တမ့်က ခစ်ခနဲ ရယ်သည်။

"မေမေက ကိုကြီးနဲ့မှ သွားရမယ်ဆိုလို့ လိုက်ရမှာ. ."

"သနားတယ်"





"နှင့်ကို ငါက ပိုတောင်သနားနေသေး"

"ဘာလို့"

"မပြောပါဘူးဟာ. . သနားလို့"

"ဖိုးသားနော်"

"နင်ငိုမှာ သနားလို့"

"ဘယ်တော့မှ မငိုဘူး"

"ကြည့်ရသေးတာပေါ့"

"ကြည့် . . ကြည့်"

ဖိုးသားစတော့ စွေ့စွေ့ခုန်နာသည်။

"ခင် . . နင်တော်တော် တရားကျဖို့ကောင်းတယ်"

သက်တမ့်ခင်က ခေါင်းမော့ရယ်သည်။

ဖိုးသားက ခုမှ မြက်ခင်းပေါ် ထိုင်ချ၏။

ဘောင်းဘီတိုနှင့် တီရှပ်နှင့်မို့ ဖိုးသား ကစားပြီး ထွက်လာတာဖြစ်မည်။ ဖိုးသားက အားကစားလိုက်စားသည်။ အဲဒါကြောင့်လည်း ထောင်မောင်းကျစ်လျစ်သော ကိုယ်နေဟန်ထားကို ကောင်မလေးတွေ သဘောကျတာနေမှာ။

သက်တမ့်ခင်က ကိုယ်လေးကျုံ့ရင်း နီးနီးကပ်ကပ် ထိုင်နေရတာကို ကျဉ်းကျပ်သလို ခံစားမိ၏။

ဖိုးသား သိချင်လည်း သိတော့ဆိုပြီး တစ်ဖက်ကို ရွှေ့

www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်သည်။

သူမျက်နှာပျက်သွားတာကိုလည်း မသိသလို နေရင်း ဖိုးသားက ချက်ချင်းပဲ မတ်တပ်ရပ်ကာ နှုတ်ဆက်သည်။

"ငါသွားမယ်"

"ဟင်. . ပြန်တော့မလို့လား. . ထိုင်ဦးလေ"

"ငါရေချိုးရမှာဟ"

သက်တမ့်က နှုတ်ခမ်းစေ့ပြုံးရင်း ခေါင်းညိတ်သည်။

သည်နေရာမှာ ကိုကြီးဆိုရအောင် ဆွဲထားမှာ. . ပြန်ရင်လည်း လက်မောင်းခို လိုက်သွားမိမှာ။

မတူပါဘူး ကိုကြီးရယ်။

ဘယ်သူနဲ့မှကို မတူဘူး။

ကိုကြီးကိုပဲ ခင်တယ်. . ကိုကြီးကိုပဲ ချစ်တယ် . . အားကိုးတယ်. . တွယ်တာတယ်. . ယုံကြည်တယ်. . မြတ်နိုးတယ် တမ်းတမ်းမက်မက်ကို လိုချင်မိပါတယ်။

သက်တမ့် ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံပါရစေတော့။

ကိုကြီးကိုချစ်တယ်။

ကိုကြီးလည်း သိမယ်။

သက်တမ့် မသိစိတ်ကရော အသိစိတ်ကရော တူနိုင်းမဲ့စွာ နေရာပေးမိသူဟာ ကိုကြီးပါပဲ။

သိပ်ငယ်လွန်းတော့ ကိုကြီးက ဖွင့်မပြောသေးတာပဲဖြစ်မယ်။





ကိုကြီး ချစ်တာလည်း သက်တမ့် ခံစားသိပါတယ်။ နားလည်ကြရင် ပြည့်စုံပါတယ် ကိုကြီးရယ်. . နော်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

သစ်ရွက်ခြောက်ပုံကြီးကို မီးရှို့နေသော ဒေါ်လေးပပ နားမှာထိုင်ရင်း လက်ကလေး နှစ်ဖက်ပိုက်ကာ မီးတောက်တွေကို ငေးကြည့်နေမိသည်။

ဒေါ်လေးပပက သက်တမျှလက် ငုံ့ကြည့်ကာ . .

"ဟဲ့ မချမ်းဘူးလား . . လက်ပြတ်ကလေးနဲ့"ဟု မေး၏။

ဝတ်ထားသော ဆွယ်တာလက်ပြတ်အနက်ကလေးက လည်ပင်းပိတ်လေးမို့ အချမ်းလုံသင့်သလောက် လုံသည်။ အဖြူပေါ် အနက်ခက်တွေဖြာနေသော စကပ်ဖားဖားလေးက ခြေဖျားလေးပါ ဆွဲဖုံးအုပ်ထားလို့ရအောင် လုံခြုံနေသည်မို့ နွေးနေရသည်။





ပြီးတော့ မီးပုံဘေးကပ်ထိုင်တာ . . ချမ်းမတဲ့လား။

ဒေါ်လေးပပကတော့ ကျာကင်အပြာလေးနှင့် ဆံပင်လေးဖြန့်ချကာ သိပ်လှလွန်းနေသလိုပါ။

ဒေါ်လေးပပ နှုတ်ခမ်းလေးတွေက နီရဲစိုနေပြီး ပွင့်တော့မည့် ပန်းအငုံလေးလို စုစုလေး ဒေါ်လေးတစ်ကိုယ်လုံးမှာ နှုတ်ခမ်းလေးက အလှဆုံးပါပဲ။

"ဟောတော့ . . ငေးလှချည်လား . . မချမ်းဘူးလားမေးတာ"

"ဟင့်အင်း"

အပြုံးလေးနှင့် ခေါင်းခါသော ဒေါ်လေးပပက 'တကတည်းမှပဲ' ဟု ရေရွတ်၏။

"မမကြီးရော"

"မေမေ စောစောကအိပ်တော့ မအိပ်သေးဘူး"

"မမလတ်လဲ မတွေ့ဘူး"

"ရှိတယ် . . သက်တမျှဖို့ ဆွယ်တာထိုးနေတာ"

"ဟုတ်လား . . ဟိုခရမ်းရောင်လေးလား"

"အင်းလေ"

မေမေက ညီအစ်မတွေချည်းရှိနေတာ . . ဒေါ်လေးပပခင်က အငယ်ဆုံး . . သက်တမျှ မေမေ ဒေါ်ရတနာခင်က အကြီးဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးပ"

"ဟင်"

"နံနက်ဖြန် စတိတ်ရှိုးကြည့်ရင်လဲ အေးနေမှာပဲနော်"

"ဒါပေါ့"

"ပျော်စရာကြီး"

သက်တမျှက ကလေးဆန်သူပီပီ ပျော်နှင့်နေပြီ.. နံနက်ကတည်းက ဒီဟာဝတ် ဟိုဟာချွတ်နှင့် စိတ်တိုင်းကျ အဝတ်အစားရွေးနေတာ။

"ကိုကြီးရောက်လာရင်ကောင်းမှာ"

"မိုးချုပ်နေပြီဟာ"

"ဘာဖြစ်လဲ .. နီးနီးလေးဟာ"

"နီးတာ ဝေးတာ ပြောနေတာမှ မဟုတ်ဘဲ"

"အင်း .. ဒါဆိုဘာလဲ"

"ညကြီး မိုးချုပ်လာလို့ကောင်းမလား"

"ဘာလို့မကောင်းရမှာလဲ"

"မသင့်တော်ဘူးလေ"

"သင့်ပါတယ်"

"ညည်းလေး ဘာမှမသိပါဘူး .. သက်တမျှရယ်"

"သိလဲ မသိချင်ဘူး"





သက်တမျှက မီးတောက်တွေထဲ စိုက်ကြည့်ကာ အပြတ်ပြောသည်။

"လူဆိုတာ အသိုင်းအဝိုင်း ပတ်ဝန်းကျင်နဲ့"

"အဲဒါ တကယ့်ပြဿနာ"

"လိမ္မာစမ်းပါဟာ"

"ဘယ်တုန်းက မိုက်ဖူးလို့လဲ"

"ဟုတ်ပါတယ် .. ဆိုးပဲဆိုးတာ .. ညည်းဆိုးတာ လန့်လို့ ကိုမင်းဒင် မလာတာနေမှာ"

"မလာလဲ နေပေါ့"

"စိတ်ကောက်ပြန်ပြီလား"

"မကောက်ပေါင်"

ဒေါ်လေးက အကြောင်းသိနေသလို ရယ်၏။

"လာချော့တော့လို့ ဒေါ်လေးဖုန်းဆက်ပေးရမလား"

"မဆက်ပါနဲ့"

"ဟင် .. ဘာလို့လဲ"

"ကိုကြီးနဲ့ အန်တီနဲ့ စကားများတယ်တဲ့ .. သက်တမျှတို့ အိမ်နဲ့ပတ်သက်လို့တဲ့ .. ဒါကြောင့် မလာတာလားမှ မသိတာ"

"ဩော်"

ဒေါ်လေးပပက တအံ့တဩမဖြစ်ဘဲ ခပ်အေးအေး ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ သည်ကိစ္စဒေါ်လေးပပလည်း သိထားနိုင်ပုံ။ သက်တမျှကျတော့ မသိရပါလား။ ကလေးဆိုပြီး လူရာမသွင်းတာမျိုးလား။

ခံရခက်စွာ စိတ်တိုလာ၏။

ဖိုးသားတောင် သိနေသလား။ ဖိုးသားကလည်း အိုက်တင်တစ်ခွဲသားနှင့် ဘဝင်ကိုင်ချင်သည်။ သက်တမျှကို ပြောမပြ။

"ဒေါ်လေးပ"

"ဟင်. ."

"ကိုကြီးကို အန်တီက ဘာလို့ဆူတာလဲ. . သိလားဟင်"

"ဟင့်အင်း"

ခေါင်းခါပေမယ့် သက်တမျှ မယုံပါ။ ကိုကြီးကလည်း ဆက်ဆံရေး ကြွလွန်းနေကာ လာတောင်မတွေ့။

"ကိုကြီးကို သွားခေါ်မယ်"

"မဟုတ်တာ . . မသွားရဘူး"

"ဘာဖြစ်လဲ ဒေါ်လေးရ"

"နံနက်မှသွား"

"ခုပဲသွားချင်တာ . . ဒေါ်လေးပပါ လိုက်ခဲ့ပါလား"

"အင်းလေ. . ပြောမရလဲ သွား"

ဒေါ်လေးပ ချက်ချင်းလိုက်လျောတော့ သက်တမျှ အံ့ဩသွားသည်။





တစ်ယောက်တည်း သွားမှာကိုတော့တားပြီး ဒေါ်လေးပပါခေါ်တော့ ချက်ချင်းလိုက်သည်။

မလိုလားအပ်သော မရှိသင့်သော သံသယလေး တစ်စ သက်တမျှ ရင်ထဲ ဝင်လာ၏။

သံသယအစမျှင်လေးက နှလုံးသားကို စူးရှစွာ လာချည်နှောင်ကာ ရင်တစ်ခုလုံး တင်းကျပ် မွန်းလျှောင်သွားပြီး တစ်ကိုယ်လုံး ဟုန်းခနဲ အပူဟပ်၏။

ဒေါ်လေးပ မျက်နှာကို မော့ကြည့်အကဲခတ်တော့ ပုံမှန်အနေအထားအတိုင်း ကိုကြီးတို့ ခြံဝမှာ ကိုကြီးဖေဖေနှင့် ဖိုးသားက ရှိနေသည်။ ကိုကြီးမေမေက ဒေါ်လေးပပကို ရယ်ရယ်မောမော နှုတ်ဆက်၏။

သက်တမျှကိုတော့ ကလေးလို သဘောထားကာ စကားတစ်ခွန်းမှ မဆို။

"ဖိုးသား"

"ဟင်. ."

"ကိုကြီးရော"

"ရှိသားပဲ"

"ငါတို့ မီးလှုံနေတာ . . အဲဒါကိုကြီးကို လာခေါ်တာ"

"သွားခေါ်လေ . . ညှော့ခန်းမှာ တီဗွီကြည့်နေတာ"

"အင်း . . အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးပနှင့် ကိုကြီး မေမေ ဘာတွေပြောနေလည်း စိတ်မဝင်စားပဲ ကိုကြီးရှိရာ လှစ်ကနဲ ပြေးသည်။

ကိုကြီးက တီဗွီဖွင့်ထားပြီး ကျောပေးထိုင်နေသည်။ နဖူးပေါ် လက်တင်ပြီး တစ်ခုခုကို အကြီးအကျယ် စဉ်းစားနေပုံ. . သက်တမ့် ဝင်လာကာ လုံးဝ မမြင်သလိုပါပဲ။

"ကိုကြီး"

"ဟင်. . ."

ကိုကြီး ဆတ်ခနဲ ဖြစ်သွားတော့ ရယ်ချင်သည်။

"သက်တမ့် တစ်ယောက်တည်း လာတယ် ဟုတ်လား"

ကိုကြီးမေးပုံက မနှစ်သက်လှသလို ခါးသီးသီး။

အခု အခိုက်အတန့်လေးမှာတော့ ဒေါ်လေးပကို ကျေးဇူးတင်သွားသည်။

"ဒေါ်လေးပပါတယ်"

"သြော် . ."

ကိုကြီးရယ် ဘယ်လိုမေးလိုက်တာလဲ။

သက်တမ့်ဆိုတာ တွေ့ကရာ ယောကျ်ားလေးတွေအိမ် အချိန်မတော် ဝင်ထွက်သွားလာနေကျဟာလေးလား။

အရမ်းပဲ ကြေကွဲရသည်။

"ကိုကြီး မလာတာ ကြာလို့လိုက်လာခဲ့တာ"





"လာမှာပေါ့"

ကိုကြီးမျက်နှာက အလိုမကျသလို ခပ်မှုန်မှုန် ခပ်တင်းတင်း။

"ကိုကြီးကို အန်တီဆူတယ်ဆို ဟုတ်လားဟင်"

ကိုကြီးထိုင်နေသော ခုံဘေးကြမ်းပြင်မှာ ထိုင်ချကာ မေးတော့. . .

"ထ . . ခုံပေါ်ထိုင်"

ကိုကြီးက ဘာမှ မဖြေသေးဘဲ နေရာဖယ်ပေးသည်။

"ရပါတယ်. . ကိုကြီးပဲထိုင်ပါ"

"အဲဒါဆို ဟိုခုံတစ်လုံး သွားဆွဲထိုင်"

"ခဏလေးပဲ ဒီကြမ်းပြင်မှာပဲ ထိုင်မယ်"

"ဒီလောက်ချမ်းနေတာ အနွေးထည်လဲ မဝတ်ပါလား"

"မချမ်းပါဘူး . . မီးလှုံနေတာ"

"ဟုတ်လား"

"ကိုကြီးကမှ ကူးမလာတာ"

"သိမှ မသိဘဲ"

ကိုကြီးက သက်တမ့်ကို ငုံ့ကြည့်ကာ ပြုံး၏။ စောစောတုန်းကလို မဟုတ်တော့ဘဲ ကြည်ကြည်သာသာ ရှိလာ၏။

"သက်တမ့်"



www.burmeseclassic.com

www.burmeseclassic.com



တိုးဖွဖွလေးခေါ်တော့ ရင်ထဲ ထိတ်ခနဲဖြစ်သည်။ ကိုကြီးနှင့် မျက်လုံးချင်း ဆုံမကြည့်ရဲဘဲ မျက်လွှာချကာ အသက်အောင့်ထားမိသည်။

"သိပ်ကလေး မဆန်နဲ့တော့ကွာ"

သက်တမျှ ဆံပင်လေးတွေ ဖွပစ်ကာ ပြော၏။

"ကြားလား"

"ဟုတ်ကဲ့ပါ"

"မိန်းမပီပီသသကလေး နေစမ်းပါကွာ"

"အင်း . . ."

"ညည မိုးချုပ် အပြင်လဲ မထွက်နဲ့"

"ဟင် . ."

"အိမ်ကလူကြီးတွေမပါဘဲ မသိဘဲပြောတာ"

"အင်းပါ"

ကိုကြီးက သက်ပြင်းရှိုက်သည်။ တစ်ခုခုပြောချင်ပုံနှင့် ပြောလည်း မပြောဘဲ နှုတ်ခမ်းစေ့ထား၏။

"ကိုကြီးကို အန်တီဆူတယ်ဆို"

"မဆူပါဘူး"

"ဖိုးသားပြောပါတယ် . . . ကိုကြီးမညာနဲ့"





"မညာပါဘူးကွာ"

သက်တမျှ မျက်နှာကို ငေးစိုက်ကြည့်ကာ ကိုကြီးက ခေါင်းညိတ်၏။

"ဆူတာမှ မဟုတ်ဘဲ . . . အမိန့်ပေးတာ"

"ဟင် . . . ဘာကိုလဲ"

"အလကားပါကွာ . . စိတ်ရှုပ်စရာတွေပါ . . မသိချင်နဲ့နေ . . တကယ်လဲ ဘာမှဖြစ်သေးတာမှ မဟုတ်ဘဲ . ."

"ဘာတွေလဲ ကိုကြီးရယ်"

"မေမေက စည်းကမ်းတွေ ထုတ်တာပါ"

"သက်တမျှနဲ့ရော ပတ်သက်လား"

"ဟင့်အင်း . . ."

"အဲဒါဆိုပြီးတာပဲ . . အပြင်မှာ ဒေါ်လေးပ စောင့်နေမှာ . . လာလေ . . မီးသွားလှုံမယ်"

သက်တမျှက ပေါ့ပေါ့ပါးပါး စိတ်ကလေးနှင့် အပြုံးနှင့် လက်ဆွဲခေါ်သည်။ မင်းဒင်လူ သူမ လက်ဖဝါးအေးစက်စက်လေးကို အင်အားပါစွာ ဆုပ်ထားမိသည်။

"လာလေ"

"အင်းပါ . . အရမ်းလောလွန်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



“ဒေါ်လေးပ စောင့်နေတယ်လေ”

“အဲဒါ ဘာဖြစ်လဲ . . မေမေနဲ့ စကားပြောနေတာ မဟုတ်လား”

ကိုကြီးက ဂရုမစိုက်ချင်သလိုပြော၏။

“ကိုကြီးရေ”

“ဟင် . .”

ကိုကြီးလက်ကိုဆွဲကာ ယှဉ်လျှောက်ရင်း . . .

“သက်တမျှက စိတ်ကောက်နေတာ”

“ဟုတ်လား . . မလာလို့လား”

“အင်းပေါ့”

“ကလေးလိုပါပဲလား”

“ကလေးပဲဟာ”

“အဲဒါကြောင့် မေမေက ကလေးလေးပါလို့ ပြော[illegible] တာ”

“ဟင် အန်တီက ဘယ်တုန်းက ပြောတာလဲ”

မင်းဒင်လူက ရယ်သည်။

“ကြာပြီ . .”

“ကလေးဆန်တာပါနော်. . တော်ပြီ လူကြီးမလေး[illegible]





လုပ်တော့မယ် . . နံနက်ဖြန် မေမေ့ကို ထဘီဝယ်ခိုင်းမယ်”

“မလုပ်ပါနဲ့ . စကပ်လေးတွေနဲ့ လှနေသားပဲ . . လုံလုံခြုံခြုံ ပေါ့ပေါ့ ပါးပါးလဲရှိတယ်. . ရိုင်းမှမရိုင်းတာ”

“တကယ်”

“အင်း”

“ဒါဆို တစ်သက်လုံး စကပ်ပဲဝတ်မယ်”

“သဘောဗျာ”

“ကိုကြီးကလဲ. . .”

ကိုကြီးလက်မောင်းကိုတွဲခိုကာ ခုန်ပေါက်ပါလာပုံက တကယ့် ပေါက်စနလေးလို။

မေမေတို့က သူတို့ကို လှမ်းကြည့်တော့ သူခြေလှမ်းတုန့်ချင်သော်လည်း သက်တမျှလေးက ပုံမှန်အနေအထားအတိုင်း။

မင်းဒင်လူ သက်ပြင်းကြိတ်ချသည်။

မေမေရယ် . . သား . . အကြီးအကျယ် ရှုံးပါတယ်။

မေမေ ထောက်ပြ၊ ပြောပြ၊ နားချတာတွေဟာ အမှန်တွေချည်းပဲမို့ သား ဘယ်လိုငြင်းဆန်မလဲ။

ဒါပေမယ့် နှလုံးသားက သည်ပေါက်စနလေးကို တွယ်တာနေတာ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချုပ်နေတာ . . သာသာယာယာမရှိတာ . . ခေါင်းရှုပ်နေတာ အားလုံးအားလုံး သူမမျက်နှာလေးမြင်ရတာနဲ့ ယူပစ်သလို လွင့်စင်သွားတာ။

"ကိုကြီး"

"ဟင်"

"အတူတူ မီးလှုံမယ်နော်"

"အင်းလေ"

"ကိုကြီးမလာတာ အရမ်းပျင်းတာပဲ"

မင်းဒင်လူ သက်တမျှ မျက်နှာလေးကို ဆွေးမြေ့စွာ ငုံ့ကြည့်သည်။

"ကိုကြီး အကြည့်က တစ်မျိုးပဲ"

"ဟင် . . "

သက်တမျှက အတွင်းစိတ်သဏ္ဍာန်ကို လှစ်ဟကြည့်နိုင်သည်။

"ဘာဖြစ်လို့လဲ"

"မသိဘူး . . အကြည့်က ကြေကွဲချင်စရာကြီး"

"အဟား . . မဟုတ်ရပါဘူး"





"ကိုကြီး . . ညာတတ်ပြီနော် . . "

သက်တမျှက မျက်လွှာလေးချကာ ဝမ်းနည်းသလိုပြောသည်။

"ပြန်တော့မှာလားဟေ့"

ဒေါ်လေးပပခင်က လှမ်းမေးတော့ ခေါင်းညိတ်ပြ၏။ ဒေါ်လေးက ကိုကြီးမေမေကို နှုတ်ဆက်ကာ ခပ်သွက်သွက် လိုက်လာသည်။

"ကိုကြီး"

ကိုကြီးလက်ကို ဆုပ်ကိုင်ကာ မကျေနပ်ခေါ်မိသည်။

"ဟင်"

"ကိုကြီးဘာဖြစ်နေတာလဲ . . မတုန်လှုပ်နဲ့"

"မှားပြီ"

"ဘာမှားတာလဲ"

"သက်တမျှပြောတာမှားပြီ . . မတုန်မလှုပ် မဟုတ်ဘူး သိပ်တုန်လှုပ်နေတာ"

"နားမလည်တော့ဘူး"

ကိုကြီး ပြုံးနေသည်။

ကိုကြီးဘေးမှာ ထိုင်ချရင်း မီးလှုံရတာ သိပ်ပျော်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။

မီးတောက် မီးညွန့်တွေကို ငေးကြည့်နေသော ကိုကြီးက ထူးဆန်းလွန်းလှသော စကားကို ဆိုလာသည်။

"သက်တမ့်"

"ဟင်. . ."

"ကိုကြီးကို ခွင့်လွှတ်ကွာ"

"ရှင် . . ."

အံ့လည်း အံ့ဩသည် . . နားလည်းမလည်ပါ။

"ဘာကိုလဲဟင် . ."

"အစစအရာရာကိုပါပဲ"

"ကိုကြီးစကားက ရင်ပူစရာကြီး"

"ဟုတ်မှာပါ"

"သက်တမ့်က ဘာကိုခွင့်လွှတ်ရမှာလဲ"

"ခွင့်လွှတ်ဖို့ထက် နားလည်ဖို့ပါ"

"ကိုကြီးပြောတာ ဆန်းနေတယ်"

"နောက်တော့ အားလုံးနားလည်လာမှာပါ"

ဒေါ်လေးပပခင်က အနားမလာပဲ ဒန်းဖြူဖြူပေါ် ထိုင်ရင်း လှမ်းကြည့်နေ၏။





"ကိုကြီး ပပနဲ့ခဏသွား စကားပြောမယ်"

ကိုကြီးက အထူးအဆန်း ခွင့်တောင်းနေပြန်သည်။

"အင်းလေ"

သက်တမ့်က အသာတကြည်ပဲ ခေါင်းညိတ်မိ၏။

ကိုကြီးက ဒေါ်လေးပပဘေးမှာ ခပ်တည်တည်ဝင်ထိုင်တော့ သက်တမ့် မျက်မှောင်ကုတ်သွားရသည်။

ချက်ချင်းပဲ အနားရောက်သွားကာ သူတို့နှစ်ဦးအလယ်မှာ ဝင်ထိုင်မိ၏။ ဒေါ်လေးပပက သက်တမ့် ပခုံးလေးကို လှမ်းဖက်ထားသည်။

ကိုကြီး နှင့် ဒေါ်ပပလည်း ပြောလက်စစကား ရပ်သွား၏

"နံနက်ဖြန်ကျရင် စတိတ်ရှိုးကြည့်ရမှာ ပျော်တယ်"

ဒေါ်လေးပပက ကိုကြီးကို အကဲခတ်သလို လှမ်းကြည့်သည် . . စူးစူးစမ်းစမ်း ဒေါ်လေးအကြည့်ကို သက်တမ့် မကြေသက်လှ။

အပျော်တွေ ရင်ထဲရောက်လာမယ်မကြံသေး . . ခဏလေးနှင့်ပဲ ပြန်ပြန်ဆုတ်ယုတ်သွားတော့ မောပန်းလာရသလိုပင်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ကိုကြီးတို့ ရုပ်ရှင်သွားကြည့်ကြမယ် ဟုတ်လား"

သက်တမ္မာက ခုန်ပေါက်ရင်း ပျော်မြူးသွား၏။

"ဒေါ်လေးပပရေ . . သက်တမ္မာလဲ လိုက်မယ် . . ခဏလေးပါ . . ရေချိုးအဝတ်အစားလဲရုံလေး"

သက်တမ္မာက လွယ်အိတ်ကို ရင်ခွင်ထဲ ပိုက်ထားရင်း အားတက်သရော ပြောသည်။

"သမီး . . သက်တမ္မာ"

"ရှင် . . မေမေ"





မေမေရတနာခင်က အနားရောက်လာပြီး ပခုံးလေးကို ဖက်ထားရင်း . . .

"သမီးက မေမေနဲ့ ဘုရားလိုက်ခဲ့လေ"

"ဟာ . . ကိုကြီးတို့နဲ့ ရုပ်ရှင်ပဲလိုက်သွားမယ်"

ပါးလေးဖောင်းသည်အထိ နှုတ်ခမ်းစူထားရင်း ပြောမိသည်။

"နေဦး . . ဒေါ်လေးပပ"

ဒေါ်လေးပပခင်က ဖျော့တော့စွာပြုံးရင်း . .

"နောက်တော့မှ လိုက်လေ" ဟု ဆိုသည်။

"ဟင် . . "

သက်တမ္မာ ဆတ်ခနဲဖြစ်သွားရင်း မျက်နှာလေး ပျက်သွား၏။ ကိုကြီးကိုလှမ်းကြည့်တော့ မသိမသာ အကြည့်လွှဲသွားသည်။

မေမေကလည်း မျက်နှာသိပ်မကောင်း။

လွယ်အိတ်ကလေးကို ပိုက်ထားရင်း ခြေစုံရပ်ကာ ကြောင်ငေးငေး ဖြစ်သွားသည်။

ဒေါ်လေးပပစကားကို အံ့ဩသည်။ ဝမ်းနည်းသည်။ ကိုကြီးကလည်း 'လိုက်ပါစေ' ဟု တစ်ခွန်းဝင်မပြော။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနှင့် ဒေါ်လေးပပ ဧည့်ခန်းရောက်သွားတော့ မေမေက သက်တမျှကို တင်းတင်းမာမာကြည့်သည်။

"သက်တမျှ"

"ရှင် . . မေမေ"

မေမေ့အကြည့်မှာ ခါးသီးသရော်ခြင်းတွေပါ ပါသလိုမို့ မနေတတ်သလိုတောင် ဖြစ်သွားရသည်။

"ကလေးလုပ်ပြီး ဆိုးဖို့ပဲ စဉ်းစားနေတာအကြောင်း မဟုတ်ဘူး . . မဖြစ်သင့်တာတွေဖြစ်လာရင် မကောင်းဘူး"

မေမေက ကြည့်မရသလိုပြောတော့ နေစရာတောင် မရှိတော့ပါ။

"သမီး . ."

အသံလေးထစ်ငေါ့ကာ ငိုသံပါသွားရသည်။

"ဒေါ်လေးပပနဲ့ မောင်မင်းဒင်က လူကြီးချင်း စေ့စပ်လိုက်ကြပြီ . . သူတို့ကြားမှာ အမြဲ ကန့်လန့်ကန့်လန့် လိုက်ရှုပ်ဖို့ မစဉ်းစားနဲ့တော့"

"ရှင် . ."

သက်တမျှ မိုက်ခနဲဖြစ်သွားရသည်။ မျက်စိတွေ ဘာမှ မမြင်တော့အောင်ပါပဲ . . ခြေထောက်တွေလည်း မြမြအောင်





မရပ်နိုင်တော့ပဲ မေမေ့ကို လှမ်းမီကာ ယိုင်ခွေကျသွားရသည်။

"ဝေးကြပြီ"ဆိုသောအသိက နှလုံးသားကို ဆုပ်ချေပစ်လိုက်သလိုပါ။

"သမီး"

မေမေက ခပ်တိုးတိုးပဲခေါ်သည်။ ဧည့်ခန်းထဲရှိနေသော သူတို့ သမီးလေးအဖြစ်ကို သိသွားမှာ စိုးလို့သည်။

ကိုယ်ကတော့ ဗိုက်ထဲက ခက်ခက်ခဲခဲ ခွဲထုတ်မွေးထားတာမို့ သမီးလေးရင်ထဲကို မြင်သည် . . သိသည် . . နားလည်သည်။

အဲဒါကြောင့်လည်း ခံစားနာကျင်ရသည်။ မင်းဒင်လူ မိခင်က 'ပပခင်'ကိုမှ မင်းဒင်လူနှင့် ရွေ့သွားနောက်လိုက်ညီသည်ဟု တွေးထင်သည်။

တကယ်တော့ ပပခင်ဆိုတာလည်း ကိုယ့်ညီမ အငယ်ဆုံးလေ။ သမီးလေးသက်တမျှနှင့်မခြား။ ဒေါ်ရတနာခင် ချစ်ကြင်နာလာရသည့် ညီမထွေးပါပဲ။

"သမီးလေး . . သမီး"

မျက်ရည်တွေ တားမရဆီးမရ ကျလာတော့ ရင်ခွင်ထဲ ထွေးပိုက်ကာ သနားပိုရသည်။

သက်တမျှခင်ဇာ မေမေ့ရင်ခွင်မှ ဆတ်ခနဲရုန်းထွက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ထပ် တက်ပြေးသွား၏။

ဒေါ် ရတနာခင်က သက်ပြင်းတရှိုက်နှင့် ကျန်ရစ်သည်။

သမီးလေးအတွက် စိုးရိမ်စိတ်က ငယ်ထိပ်အထိ တက်လာသည်။

အပေါ် ထပ် လိုက်တက်လာတော့ အခန်းတံခါး ပိတ်ထားတာ တွေ့ရသည်။

"သမီး. . သက်တမျှ"

"မေမေ . . သမီး ခဏနားပါရစေ. . သမီးဘာမှ မဖြစ်ပါဘူး"

ငိုသံတစ်ဝက်နှင့် အခန်းထဲမှ လှမ်းပြောတော့ ဒေါ် ရတနာခင် လက်လျှော့ရသည်။

၀ ၀ ၀



ညနေစာ စားချိန်ရောက်တော့ သက်တမျှခင်က ဘာမှ မဖြစ်တော့သလို ပုံမှန်အနေအထားနှင့်ပဲ ဆင်းလာသည်။

ခေါင်းလျှော်ရေချိုးထားတာကြောင့် ဆံပင်တွေက စိုကပ်နေသည်။

မျက်လုံးတွေ မို့အစ်နီရဲနေတာကလွဲရင် သူမ ဟန်ပန် အမူအရာက ခါတိုင်းလို သွက်သွက်လက်လက်ပါပဲ။

ဒေါ် ရတနာခင်က သမီးကိုကြည့်၍ သက်ပြင်းကြိတ်ချသည်။

စကပ်အနက်လေးနှင့် အင်္ကျီအနက်လေးကို ဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တော့ ရင်ထဲမကောင်း။

"မြေးလေး . . ဒီနေ့ တစ်နေ့လုံး ပျောက်ချက်သာ
ကောင်းနေပါလား"

မေမေကြီး (ဘွားဘွား)က သက်တမျှကို ချစ်မဝသ
ကြည့်ကာပြော၏။

"ရတနာ သမီး . . အားလုံးအဆင်သင့်ဖြစ်ရဲ့လား"

"ဖြစ်ပါပြီ"

ဒေါ်ရတနာခင်က မေမေ့ကို ခပ်ပြုံးပြုံးပြော၏။

ဒေါ်ဒေါ်လတ် သဇင်ခင်ကလည်း ထမင်းစားပွဲမှာ ရှိ
သည်။

"သက်တမျှလေးက ရုပ်ရှင်ကြည့်ချင်လို့လား . .
ဒေါ်လတ်နဲ့ ကြည့်မယ်လေ . . ပြော . . ဘယ်ရုံက ဇာတ်လ
ကြိုက်လဲ"

"ဟင့်အင်း"

သက်တမျှက နှုတ်ခမ်းလေးမဲ့ကာ ခေါင်းခါသည်။

"မကြည့်ချင်ပါဘူး . . စာတွေတောင်ကျက်လို့ မပြ
သေးတာ"

အသံကို ငိုသံမပါအောင် မနည်းထိန်းပြောရသည်။





ရေချိုးပြီးစ အေးသလိုရှိတာမို့ ကြွေခရားလေးထဲမှ ရေနွေးတစ်ခွက်ငှဲ့ထည့်ကာ မော့သောက်လိုက်တော့ ရင်တစ်လျှောက်လုံးပူဆင်းသွားရသည်။

"သမီး"

"ရှင်"

"ထမင်းစားတော့မလား"

"ဟုတ်ကဲ့"

"စားရင်စားတော့လေ . . ညှော်သည်တွေနဲ့ဆို သမီး ဆာနေဦးမယ် . . အခုစားထားလိုက်"

"ဘယ်က ဧည့်သည်တွေလဲ မေမေ"

"မောင်မင်းဒင်တို့ မိသားစုပေါ့"

သက်တမျှခေါင်းငုံ့ကာ သက်ပြင်းရှိုက်သည်။

ထမင်းကို အဖြစ်လောက်သာစားတော့ ဒေါ်လတ် သဇင်က အံ့ဩသည်။

"ဟဲ့ . . . စားမကောင်းဘူးလား"

"ကောင်းပါတယ်"

"ထပ်ယူဦးလေ"

"ဟင့်အင်း . . . တော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးနဲ့ ဘယ်လိုဝမလဲ . . မေမေ . . မေမေ့မြေး နေကောင်းရဲ့လား"

ဒေါ်လတ်သဇင်ခင်က အဖွားကို လှမ်းပြောသည်။

"နေကောင်းပါတယ် ဒေါ်လတ်ရဲ့ . . ရင်ပြည့်နေလို့ပါ"

"ဒါဆိုလဲ ပူတင်းစားမလား . . ဖုတ်ပေးမယ်"

"ဟင့်အင်း . . အခုဘာမှ မစားချင်ဘူး . . ဆာမှ စားမယ်"

ထမင်းစားခန်းမှဖြတ်ကာ ခြံထဲ ဆင်းလာခဲ့သည်။ ခေါင်းငုံ့လျှောက်လုပ်ရင်း မြေအစုံကို မမြင်ဖူးသူလို ငေးမောဖြစ်သည်။

ပါးပြင်ပေါ် မျက်ရည်စတွေ လိမ့်ဆင်းကျလာတာ ပူနွေးနွေးအထိကြောင့်သိသည်။

သည်မျက်ရည်တွေက ကျကျလာသည်။

ရင်ထဲဘာတွေဖြစ်နေသလဲလို့ မဆန်းစစ်ချင်တော့။

တစ်ခုပဲသိသည်။

သက်တံမျှ လုံးဝမပျော်တော့။

ကိုကြီး ရက်စက်သည်။

ဒီလောက်တောင်ပဲ ဆုံးဖြတ်ရဲသလား ကိုကြီးရယ် . . ဟု အကြိမ်တစ်ရာမက မေးမိသည်။





မေ့ပစ်ပါ့မယ် ကိုကြီးရယ်။

နှလုံးသားကို စော်ကားသွားတာ တစ်သက်လုံး တေးမှတ်ထားမိတော့မယ်။ ကလဲ့စားချေ တုံ့ပြန်ဖို့ မဟုတ်ပါဘူး။

နောက်တစ်ခါသည်လို ဘယ်တော့မှ လှည့်စားမခံရဖို့ပါ။

"ခင် . . ."

ဖိုးသားအသံကြောင့် ဆတ်ခနဲဖြစ်သွားရင်း မျက်ရည်တွေကို ဘယ်လို သိမ်းဆည်းရမှန်းမသိ။

"ဟင် . . ငိုနေတယ် . . ဟုတ်လား"

ချက်ချင်းပဲ ဖိုးသား သိသွားပြီ။

"ခင် ဘာလို့ငိုနေတာလဲ"

သက်တမျှခင်က မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။

"ခင် . ."

ဖိုးသားက သူမရှေ့မှာ လာပိတ်ရပ်သည်။

"နင် ငိုစရာလားဟာ"

အားမလိုအားမရ ပြောတော့ မဲ့မိသည်။

"အဲဒါကြောင့် ငါပြောမထွက်ခဲ့တာ"

"စောစောစီးစီးပြောခဲ့ရင် ငါ အခုလို ရှက်စရာကြုံမှာ မဟုတ်ဘူး . . အားလုံး ဖုံးထားကြတော့ ငါ . . ငါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးခင် . . အဲ့ဒီသဘောမျိုးနဲ့ မဟုတ်ပါဘူး . . ငါ ခင့်ကိုပြောမလို့ပါဟာ . . လုံးဝပြောမထွက်ဘူး"

"ဘာလို့ပြောမထွက်တာလဲ"

"မသိဘူးဟာ"

ဖိုးသားက အလိမ္မာနှင့် ရှောင်ထွက်သည်။

"ခင် ဆိုးဆိုးရွားရွား ကြုံလို့လား"

"ဟင့်အင်း . . မကြုံပါဘူး"

"ငါ့မှာ အပြစ်မရှိပါဘူးနော်"

"ငါ အားလုံးကို စိတ်နာတယ်"

ဖိုးသားက စိတ်မသက်သာသလို သက်ပြင်းချသည်။

"ငါ့ကိုယ်ငါ စိတ်အနာဆုံးပဲ"

"မဟုတ်တာဟာ"

"ဟုတ်တယ် . . ကိုယ့်ကိုကိုယ်မုန်းတယ် . . ခါးသီးတယ်"

"ခင်ရယ် . . ."

သက်တမျှခင်က နှုတ်ခမ်းကိုက်ထား၏။

"နင် ဘာဖြစ်ချင်လဲ"

"ဘာမှမဖြစ်ချင့်ဘူး"

"ကိုကြီး မတရားဘူး . . ပြန်လာရင် ငါပြောမယ်"





"အဲဒါဆို ငါနင့်ကို အမုန်းဆုံးဖြစ်သွားလိမ့်မယ်"

"ဟာ . ."

"ငါ့မာနက ငါ့ကိုထိန်းပေးသွားမှာပါ"

သက်တမျှက မျက်နှာလေးမော့လာသည်။

"ဖိုးသား ဒီကိစ္စတွေထဲ နင် ဝင်မစွက်ပါနဲ့"

"အေးပါ . . ခင်မကြိုက်ရင် ငါ မပါပါဘူး"

ဖိုးသားက ဆတ်ခနဲ ခေါင်းညိတ်တော့ သက်တမျှသူ့ကို ကျောခိုင်း ထွက်ခဲ့မိသည်။

ရင်ထဲမှာ ဗလောင်ဆူနေတာ ကိုယ်ပဲသိသည်။

ကိုယ့်ဝေဒနာကို ဘယ်သူသိနိုင်မလဲ . . .။

o o o



www.burmeseclassic.com

www.burmeseclassic.com

"သမီးလေးရေ . . သက်တမျှ"

"ရှင် . . ."

မမေကြီး (အဘွား) ခေါ်သံကြောင့် သက်တမျှ တုံ့ခနဲ ဖြစ်ရသည်။

စောစောကတည်းက ချိတ်လုံချည်တွေ . . ချိတ်ထဘီတွေ ကြည့်ကြ၊ ပြောကြ၊ ရွေးကြနှင့်ရှိနေတာမို့ အသာလေး လစ်ထွက်ခဲ့တာ။

အနားရှိနေရင် မျက်စိရှေ့မြင်နေလျှင် အခေါ်လွှတ်တော့မှာ သိလွန်း၍ . . .





ဝေးဝေးရှောင်ထွက် အခန်းအောင်းနေတာတောင် မလွတ်ဘဲ လှမ်းခေါ်သေးတော့ ငိုချင်သလိုတောင် ဖြစ်ရသည်။

"မြေးလေး . . လာပါဦး"

"ဟုတ်ကဲ့ပါ"

ဧည့်ခန်းကို ပေကပ်ကပ်ထွက်လာတော့ ဘွားကရယ်နေလျှက် . . .

"သမီးရေ . . ဒေါ်လေးပကို သွားခေါ် ချည်စမ်း . . ခဏလာဦးလို့ . . ဒီမှာ လာကြည့် လာရွေးလှည့်လို့ သမီးကိုကြီးကိုပါ ခေါ်လာခဲ့ ကြားလား အဲဒီအခန်းပြင်တာ နောက်မှ ဆက်လုပ်လို့"

"အင်း . ."

ဘွားစကားကို မပယ်ရှားချင်တာမို့ ခေါင်းညိတ်ရပေမယ့် ဝန်လေးသည်။ ဖြစ်နိုင်လျှင် လုံးဝသွားမခေါ် ချင်ပါ။

ကိုကြီးနှင့် ဒေါ်လေးပပ မင်္ဂလာဆောင်က ရက်ကပ်လာပြီမို့ ကိုကြီးတို့အိမ်ကို အလှပြင်နေကြတာ။

မင်္ဂလာဆောင်ပြီး ဒေါ်လေးပ အဲဒီမှာပဲ နေမှာမို့ ခန်းဝင်ပစ္စည်းတွေဝယ် အိပ်ယာခင်းနားတွေစီစဥ်နှင့် အလုပ်ရှုပ်နေတာ။

"သွားလေ သမီး . . မြန်မြန်သွားခေါ် ချည်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဖိနပ်ပါးတစ်ရံကို ကောက်စွပ်ကာ ငိုက်စိုက် ငိုက်စိုက်နှင့် ထွက်လာမိသည်။

ဝတ်ထားသော ဂျင်းစကပ်ဖားဖားကြီးက သည်နေ့မှ သိပ်လေးနေသလိုထင်ကာ ခြေလှမ်းတွေက ရှေ့မရောက်ချင်။

တစ်စုံတစ်ခုက ဆွဲထားသလို နောက်တွန့်နေမိသည်။

ကိုကြီးနှင့် မတွေ့တာလည်း ကြာလှပြီ။

မတွေ့အောင်လည်း တမင်ရှောင်တိမ်းနေခဲ့တာပါ။

မတွေ့ချင်တော့ပါဘူး . . ကိုကြီးရယ်။

တွေ့ရင်လည်း . .

သက်တမ့် သက်ပြင်းရှိုက်သည်။

နှလုံးသားထဲမှာ နင့်နေအောင် နာသည်။

ရင်တစ်ခုလုံး ပွင့်ထွက်မတတ် ဆို့နင့်မွန်းကျပ်ကာ သိပ် သိပ်သည်းသည်း ခံစားရသည်။

ကလေးမို့လား ကိုကြီးရယ်။

ကလေးမို့ စာရင်းသွင်းထည့်မတွက်တာလား။

ရပါတယ်။

နှုတ်ခမ်းလေး တင်းတင်းစေ့ရင်း ခုချိန်ထိ ဝေ့တက်





သော မျက်ရည်စတွေကို မကြိုက်လှသလို ထိန်းသည်။

ဘယ်တော့များမှ သွေးအေးအနည်ထိုင်ပါ့မလဲနော်။

သက်တမ့်ကိုယ် သက်တမ့်မေးကြည့်ပေမယ့် အဖြေ မရပါ။

ကိုကြီးကို ဆုံးရှုံးရတာ အရာရာဆုံးရှုံးရသလိုပါပဲ ကိုကြီး ရယ်။

သက်တမ့် နှလုံးသားနုနုလေးကို လုပ်ရက်လိုက်တာ။

"ဟာ . . ခင်"

ခြံအဝင်ဝမှာ ဖိုးသားနှင့် တန်းတန်းမတ်မတ် ဆုံတော့ အတွေးတွေ လွင့်ခနဲပျောက်သည်။

"ခင် . . အိမ်ကို လာလည်တာလား . . လာလေ"

ဖိုးသားက ပျာပျာသလဲ ကြိုရှာသည်။

သူ့ကို ခပ်တင်းတင်း တစ်ချက်ကြည့်ကာ မျက်နှာလွှဲ လိုက်သည်။

"ဒေါ်လေးပရော"

"ရှိပါတယ် . . စောစောကတင် ဧည့်ခန်းမှာ ကိုကြီးနဲ့ လိုက်ကာတွေအကြောင်း ပြောနေတာ"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားက သက်တမျှနှင့်အတူ ယှဉ်လျှောက်လာသည်

အစကတည်းက သားနားသစ်လွင်တောက်ပသော ခြံ

နှင့် တိုက်ကြီးက ပိုပြီးခမ်းနားလှကာ နေချင်စဖွယ် ဖြစ်နေသည်

ဒေါ်လေးပရယ် ကိုကြီးတို့မိသားစုဝင်အဖြစ် ဒေါ်လေး

တန္တေးတတွေး တရေးတယူ တခမ်းတနား ကြိုဆိုလိုက်ကြတာ

သက်တမျှကိုကျ . . .

မယှဉ်စကောင်း ယှဉ်စကောင်းပါ။

မဲ့ကျလာသော နှုတ်ခမ်းကို ထိန်းမရချင်ပါ။

"ဒေါ်လေးပကို လာခေါ်တာလား"

"အင်း . ."

ဖိုးသားက သူမမျက်နှာကို ငုံ့ကြည့်မေးတော့ ကမန်း

တန်း မျက်နှာလွှဲချကာ ခေါင်းညိတ်ပြရသည်။

ဘယ်သူနှင့်မှ အကြည့်ချင်း မဆုံချင်တော့။

သက်တမျှရင်ထဲ ရှက်ရတာတွေ . . နာရတာတွေ . .

ကြေကွဲရတာတွေ . . ဘယ်သူတစ်ဦးတစ်ယောက်မှ မသိစေ

တော့ပါ။

ပြီးခဲ့တာတွေ ပြီးပါစေတော့။

ပြင်ယူလို့ မရနိုင်သည့် လက်လွန်မှုတွေကို တား





ဆီးမရသည့်အတူတူ လုံးဝမြှုပ်နှံဖျောက်ဖျက်ပစ်လိုက်တာပဲ

အကောင်းဆုံး။

"ခင် . ."

"ဘာလဲ"

"ခုတလော ခင် အရမ်းပျောက်နေတယ်"

"မပျောက်ပါဘူး . . ရှိသားပဲ"

"အသံလဲ မကြားရဘူး . . အရိပ်လဲမမြင်ရဘူး"

"နင်ထင်တာ"

"မဟုတ်ပါဘူးဟာ"

ဖိုးသားက လက်နှစ်ဖက် တင်းတင်းပိုက်ရင်း ခေါင်းရမ်း

သည်။

"မဟုတ်ရင်လဲ နေဟာ"

ဖိုးသားက နှုတ်ခမ်းစူသွားကာ ဘာမှမမေးတော့။

ဧည့်ခန်းကို အတူတူတက်ခဲ့ကြတော့ ဒေါ်လေးပတို့ကို

တွေ့ရသည်။

"ဒေါ်လေးပ"

"ဟော . . သက်တမျှလေး လာလေ"

"ဘွားခေါ်နေတယ် . . ချိတ်လုံချည်တွေ သဘီတွေ

လာရွေးပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ဒေါ်လေးပဘေးနားရှိနေသော ကိုကြီးက သက်တမျ
ကို စူးခနဲကြည့်လာသည်။

"ဒေါ်လေးပရော . . လေးလေးရော လာခဲ့ပါဘဲ့"

သက်တမျှစကားကြောင့် ကိုကြီးက နည်းနည်းမတ်သွာ
သည်။

ဒေါ်လေးကတော့ ရှက်ပြုံးလေးနှင့် ကိုကြီးကိုကြည့်
ဖိုးသားက ပြုံးသည်။

"ဟုတ်တယ် . . ငါလဲ လေးလေးလို့ ခေါ်ရမယ်"

ဖိုးသား စကားကို ဘယ်သူမှ မရယ်ပါ။

ကိုကြီးကတော့ သက်တမျှကို တွေတွေကြီး ငေး
သည်။

"မြန်မြန်လာခဲ့နော်"

"အင်းလေ . . အခုလာမှာပေါ့ . အတူတူသွားမယ်လေ

"ဟင့်အင်း . . သက်တမျှက လမ်းထိပ်ဘက်ခဏသွားမ

"ဘာလုပ်ဖို့လဲ"

"အချဉ်ထုပ် ဝယ်ဖို့ပါ"

"ငါ လိုက်ပို့မယ်လေ . . စက်ဘီးနဲ့"





ဖိုးသားက ဝင်ပြောသည်။

"ရတယ် . . အိမ်ထဲမှာညည်းစီစီနဲ့မို့လို့ ငါ လမ်းလျှောက်
ချင်တာ"

"ဒါဆိုလဲ အဖော်လိုက်ပေးမယ်"

"နေပါစေဟာ"

သက်တမျှက အပြုံးလေးနှင့် ခေါင်းခါသည်။

"ဒေါ်လေးနှင့် လေးလေးပဲ မြန်မြန်သွားလိုက် . . ဘွား
စောင့်နေတာ"

"အေးပါ"

သက်တမျှ ကျောခိုင်းလှည့်ထွက်လာခဲ့သည်။

ဖိုးသားကလည်း သူမ မာကျောတာကြောင့်လားတော့
သိ . . နောက်မှ လိုက်လာခြင်းမရှိပါ။

တစ်လှမ်းချင်း လျှောက်လှမ်းရင်း နေမရအောင် ခံစား
နေရသည်။

ရှူးတော့မလားပဲ ကိုကြီးရယ်။

လူတစ်ယောက်ဟာ သည်လောက်အထိ ရက်စက်နိုင်
သားပဲနော်။

နူးညံ့ဖြူစင်တဲ့ နှလုံးသားဆိုတာ လူတိုင်းမှာ မရှိနိုင်ဘူး
နော်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်"

"ဟင်"

ဖိုးသားပါလာပါလား..။

"နင်အိမ်မှာပဲပြန်နေ ..ဘာအချဉ်ထုပ်လည်းပြော လိုက်..ငါဝယ်လာမယ်"

"ရပါတယ်ဆိုမှ"

"ဟာ..ခင် တော်တော် ခေါင်းမာပါလား.. ကဲ.. ဘယ်မှာလဲပိုက်ဆံ..အချဉ်ထုပ်ဝယ်မယ်လဲ ပြောသေးတယ်"

ဟုတ်သား။ ပြောမိပြောရာ ပြောလိုက်တာ။

သူတို့နှင့်အတူတူ မပြန်ချင်လို့သာ လျှောက်လာရတာ။ အချဉ်ထုပ်ဝယ်ဖို့ ရည်ရွယ်ချက်မှ မရှိခဲ့တာ။

"ပိုက်ဆံ ပါပါတယ်"

"ပါရင်ပြလေ"

"နင်နဲ့ ဘာဆိုင်လဲ"

"ဟုတ်ပါတယ်..ခင်အိမ်ပြန်တော့.. ငါဝယ်ခဲ့မယ် အချဉ်ထုတ်ကောင်းကောင်း မေးဝယ်ခဲ့မယ်"

သူက စိတ်မရှည်တော့သလို စက်ဘီးကို ခြေထောက်နှင့်ထောက်ကာ ရပ်ပစ်ရင်းပြောသည်။





"ပြန်လှည့်တော့လေ"

ဖိုးသားက 'ကျွတ်' ဟု ရေရွတ်ရင်း . . .

"ခင် ပြောမရရရင် ငါစက်ဘီးနဲ့ တိုက်ပစ်မှာ"

"အဟင်း . . ."

ခင်က ရယ်သည်။ ခင် ရယ်ပုံက မဆိတထိ။

"အကောင်းပြောတာပါ..စေတနာနဲ့ပါ"

"စေတနာကို ကြောက်တယ်"

သက်တမ့်ခင်က ပခုံးလေးတွန့်သည်။

ဖိုးသားမျက်နှာပျက်သွားရင်း ခေါင်းငိုက်စိုက်ချ၏။

"အဲဒါဆိုလဲ ငါ ဘာမှ ဝယ်မလာဘူး.. ခင်လဲ အိမ်ပြန်တော့ကြားလားခင်"

သည်တစ်ခါတော့ သူ့စကားကို နာခံသလို ခင်က နောက်ကြောင်း ပြန်လှည့်သည်။

အကျီအဖြူလေးနှင့် ဂျင်းစကပ်လေးနှင့် ဖိနပ်ပါး အမဲလေးနှင့်။

ခင်ရယ်။

ဖိုးသား အလိုလိုရင်ထဲမောလာသည်။

ခင်က တစ်ချက်မှ လှည့်မကြည့်ပဲ လျှောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဘာဖြစ်နေတာလဲ။

ခင်ဘာတွေ ခံစားနေရသလဲ။

ခင့်ရင်ထဲမှာ ဘာတွေဘယ်လိုဖြစ်နေသလဲ သိချင်လိုက်တာ။

သိသင့်သလောက်လည်း သိနေပါပြီ။

အစောကြီးကတည်းကလည်း သိနေခဲ့တာပါ။

ခင်ရယ်။

ခင်သနားပါတယ်။

ဖိုးသားရင်ထဲမှာ ဂရုဏာတွေ ဒလဟောပါပဲ။

တစ်ခုခုလုပ်ပေးချင်ပါတယ် . . ခင်ရယ်။

ခင့်ကို ပျော်စေချင်တယ်။

○ ○ ○



မျက်လုံးကို စုံမှိတ်ထားရင်းမှ ကက်ဆက်ခလုတ်လေးကို သွမ်းဖိလိုက်သည်။

ငြိမ့်ညောင်းသော ထိုင်းသံစဉ် သီချင်းလေးက ရင်ထဲကို ဖောက်ဝင်လာသလိုပါပဲ။

ဒရင်းဘတ်ပေါ် မှီထားသောခေါင်းကို တစ်ဖက်စောင်းထား အိပ်ပျော်အောင် အိပ်ပစ်လိုက်ချင်သည်။

သည်နေ့ အိမ်မှာ ဘယ်သူမှမရှိတာမို့ သက်တမျှ ခြံထဲ ဆင်းထိုင်နေတာ။

နေ့ခင်းနေ့လည် ဘယ်သူမှ မရှိကြတော့ ဘာကယ် ခြောက်သွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ရက် ကပ်လာလေလေ အလုပ်များ
ပါပဲ။

အဝတ်အစားရော အလှအပရော ဘာမှ စိတ်မပါ။

မေမေ စီစဉ်ပေးတာပဲ ဝတ်လိုက်မည်ဟု စိတ်ကူးထား
သည်။

"သက်တမျှ"

ခပ်သဲ့သဲ့ ထွက်လာသောအသံက သီချင်းသံကို ထွ
ဖောက်လာသလိုလို သက်တမျှ မျက်လုံးလေးတွေ ဖျတ်ခ
ပွင့်ကာ ခေါင်းမတ်သွားရသည်။

"ဟင်"

ကိုကြီးက မားမားမတ်မတ် ရပ်ကြည့်နေတာ။

"လေးလေး"

သက်တမျှ အသံတိတ် နှုတ်ခမ်းလှုပ်ရုံ ရေရွတ်သည်

"ခြံထဲမှာ အိပ်မလို့လား"

"ဟင့်အင်း . . သီချင်းနားထောင်နေတာ"

"ပပရော ရှိလား"

"ဟင့်အင်း . . မရှိကြဘူး"

ကိုကြီးက အိမ်ဘက်ကို လှမ်းကြည့်သည်။





"ဘာကိစ္စလဲ လေးလေး . . ဘာပြောပေးရမလဲ အရေး
ကြီးလို့လား . . ဖုန်းဆက်ပေးရမလား"

"အရေးမကြီးပါဘူး . . သက်တမျှကရော ဘာလို့ လိုက်
မသွားတာလဲ"

"ပျင်းလို့ပါ"

"အိမ်မှာတစ်ယောက်တည်း နေရတာကျ ပျော်သလား"

"အင်း . . မဆိုးပါဘူး"

"စာတွေရော ကျက်ပြီးရဲ့လား"

"အင်း . . မဆိုးပါဘူး"

သက်တမျှ ခပ်လှမ်းလှမ်းကိုငေးရင်း စိတ်မပါသလို ဖြေ
သည်။

"ပပက ဘယ်သွားတာလဲ"

"ဖိနပ်သွားဝယ်တာပါ"

"သက်တမျှညံ့တာ . . လိုက်သွားပြီး တစ်ရံယူရမှာ"

သက်တမျှပြုံးလိုက်သည်။ သူမအပြုံးက အားနည်း
လွန်း၏။

"လေးလေး ထိုင်လေ"

လူမှုရေးအရတော့ ဟန်ဆောင် ဖျော်ဖြေမှာပဲပေါ့



www.burmeseclassic.com

www.burmeseclassic.com



လေးလေးရယ်။ မဟုတ်ဘူးလား။

မင်းဒင်လူက ခုံတစ်လုံး ဆွဲထိုင်သည်။

"သက်တမျှမလာတာ ပျင်းလိုက်တာကွာ. . ကိုကြီးကလဲ အလုပ်တွေရှုပ်နေတာနဲ့ မလာဖြစ်တာ"

"ဟုတ်ကဲ့"

"သက်တမျှကရော ဘာလို့မလာတာလဲ"

"လေးလေး မအားမှာ သိနေလို့"

မင်းဒင်လူက ခြောက်ကပ်ကပ်ရယ်သည်။

"လေးလေးဆိုတော့ ကိုကြီးက အသက်ပိုကြီးသွားပြီ"

"မဟုတ်ပါဘူး. . ဝကြီးသွားတာ. . ဒေါ်လေးခင်တွေ ဆိုတော့ လေးလေးပေါ့"

"မကောင်းပါဘူးကွာ"

"နား အသားမကျသေးလို့ပါ. . နောက်တော့ ကောင်း သွားမှာ"

သက်တမျှ ရယ်သံနှင့် ပြောသည်။

ထူးဆန်းသားပဲ ကိုကြီးရယ်။

တကယ်ဆို အော်ဟစ်ငိုပစ်လိုက်ချင်တာ. . ခြေဆော ဆော့ရိုက် ဝုန်းဒိုင်းကြဲပစ်ချင်တာ။





ဆန္ဒတွေကို မျိုသိပ်ပြီး ဟန်ဆောင်ပြုံးထားရတာ မချို မဆန့်ဘူး ကိုကြီး ရက်စက်တယ်။

ကိုကြီး သိပ်ကို ရက်စက်လွန်းပါတယ်။

သက်တမျှ ဘဝလေးက ခုမှ စရုံရှိသေးတာ။

ချက်ချင်းငြိမ်ကျသွားသော သက်တမျှကို မင်းဒင်လူ တစ်ချက်ကြည့်မိသည်။

"သက်တမျှ"

"ဟင်"

"အပြင်သွားချင်လား"

"ဟင့်အင်း . . မသွားချင်ပါဘူး"

"ဒါဆို ဘာစားချင်လဲ"

"ဟင့်အင်း . . လေးလေး မင်္ဂလာဆောင်ကျမှ အဝ စားမှာ"

သည်လိုစကားမျိုးကို အရယ်အပြုံးနှင့်လည်း သက်တမျှ ပြောနိုင်သားပဲနော်။

ကိုယ့်ကိုယ့်ကိုယ် အံ့ဩယူရတော့မလိုလို။

ဒူးထောက်တောင်းပန်လည်း ကန်ချမည့်အဘွားတူ ဒူး မထောက်ရဲတော့တာပဲဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက အကဲခတ်သလိုကြည့်သည်။

"ဟော . . ဒေါ်လေးပတို့ပြန်လာပြီ"

သက်တမျှက ဝမ်းသာအားရပြောတော့ မင်းဒင်လူပါ ခြံထဲဝင်လာသောကားဆီ လှမ်းကြည့်မိသည်။

ဒေါ်လေးပက တန်းတန်းမတ်မတ်လျှောက်လာပြီး အနားမှာ ခြေစုံရပ်သည်။

"ရောက်နေတာကြာပြီလား"

"သိပ်မကြာသေးပါဘူး"

ဒေါ်လေးပပခင်က သက်တမျှဘက် လှည့်ကြည့် ကာ. .

"သက်တမျှဖို့ပါ ဝယ်လာတယ် . . သွားစီးကြည့်စမ်း တော်ရဲ့လားလို့"

"ဟုတ်ကဲ့"

ဒေါ်လေးပပ မလွှတ်လည်း သက်တမျှက အလိုက်တသိ သွားမှာပါပဲ။

"ခုပဲပြောနေတာ ဖိနပ်ဝယ်တာဆို လိုက်သွားရောပေါ့ လို့"

"ခေါ်မရဘူးလေ"





ဒေါ်လေးပက သက်တမျှကို မကြည့်ဘဲပြောၾ။

"သက်တမျှ"

"ရှင် . ."

"ဒေါ်လေးတို့ဖို့ အအေးနှစ်ခွက် ယူလာပေးနော်. . ဗို့ခိုင်းလိုက် တစ်ယောက်ယောက်နဲ့ . . ဧည့်သည်ကို ဒီလိုပဲ ထိုင်ထားရသလား ကောင်မလေးရဲ့"

"အဟင်း. . မေ့နေတာ"

ကိုကြီးရယ်. . ဟုတ်လည်း ဟုတ်တယ်နော်။

သက်တမျှက အဲဒီဂရုမစိုက်တတ်ဘူး။ ကိုကြီးကပဲ အမြဲ ဂရုစိုက်နေရတာ။

အခုလည်း ခံစားချက်ပြင်းပြင်းတွေနဲ့ ဧည့်ဝတ်ကျေဖို့ တောင် သတိမရဘူး။

သက်တမျှက သည်လိုပါပဲ၊ အမြဲညံ့နေတာ။

ညံ့လွန်းလို့လည်း ထားရက်ခဲ့တာ။

"မေမေ. . အအေးနှစ်ခွက်တဲ့ . . ကောင်မလေးကို ဗို့ ခိုင်းလိုက်နော် . . ."

"အင်း . . သမီးက ဘာလို့ ခြံထဲဆင်းနေရတာတုန်း နှစ်ယောက်တည်း ဒီလိုမနေရဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကြောင့် မျက်နှာတပြင်လုံး ထူအမ်းသွားရသည်။

"ဒေါ်လေးပစိတ်ထဲ တစ်မျိုးထင်သွားရင် ဘယ်ကောင်းမလဲ"

"ဟုတ်ကဲ့ နောက်ဆို အမြဲဆင်ခြင်ပါ့မယ် မေမေ"

"မေမေက သမီးလေးကို ချစ်လို့"

"အင်းပါ . . သမီးနားလည်ပါပြီ"

မေမေက စိတ်မသက်သာသလို ပြုံး၏။

"ထားလိုက်ပါ . . မေမေ တော်မှာပါ . . နောက်မှပဲ စီးကြည့်တော့မယ် . . သမီး ဘာမှစိတ်မပါဘူး မေမေ"

"အင်းလေ . . သမီးက သိပ်လိမ္မာပါတယ်"

မေမေချီးကျူးတော့ ရင်ထဲ နင့်ရသည်။

"ဒေါ်လေးက သမီးကို ဘာပြောလဲ"

"ဖိနပ်စီးကြည့်ဖို့ပါ မေမေ"

"ကိုယ်က အလိုက်တသိ ခပ်ခွာခွာနေပေးပါကွယ် . . သမီးက ကလေးသာသာဆိုတော့ မေမေက မှာနေရတာ"

"ဟုတ်ကဲ့"

အပေါ်ထပ်တက်လာပြီး ဝရန်တာဒရင်းဘက်မှာ လှဲချသည်။





ငိုချင်နေတာပါပဲ မေမေရယ်။

ရင်ထဲမှာ မလန်းဆန်းဘူး . . ကြေကွဲနေတယ်။

ဒေါ်လေးပနှင့် ကိုကြီး စကားပြောနေကြတာ လှမ်းမြင်နေရတော့ မျက်လုံးတွေ မှိတ်ထားဖြစ်သည်။

အဝေးဆုံး တစ်နေရာကို ရောက်သွားချင်လိုက်တာ ကိုကြီးရယ်။

ဘယ်တော့မှ မဆုံဆည်းနိုင်တော့တဲ့ အဝေးဆုံးကို ရောက်သွားပြီးမှ အနီးဆုံးမှာ လာကြုံဆုံနေရတယ်။

"သမီးလေး"

"ရှင် . . မေမေ"

မေမေက အနားရောက်လာခေါ်တော့ မျက်လုံးဖွင့်ကြည့်ရသည်။

"အောက်ထပ်မှာ ဖိုးသားလဲ ရောက်နေတယ် . ."

"အင်း . ."

"အချဉ်ထုပ်တွေ ယူလာတာတဲ့"

ဖိုးသားရယ် . . နင်ကလဲ တစ်မျိုး။

အချဉ်ထုတ်တွေ ဝယ်မယ်ပြောတာ ဟိုတစ်နေ့က ခုမှ ဝယ်လာပေးနေရသေး . . စိတ်ထဲမှာ မျက်ချင်သည်။ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



နှင့်မှလည်း စကားသိပ်မပြောချင်. . တစ်ယောက်တည်းပဲ နေချင်သည်။ တွေးချင်သည်။

"သမီးလေး မှာထားလို့လား"

"ဟင့်အင်း"

"မေမေ ဘယ်လိုပြောပေးရမလဲ . . သမီးလေးက ဘာ ပြောစေချင်လဲ"

သက်တမ့ျ မျက်လုံးလေးငြိမ်စဉ်းစားသည်။

"အိပ်နေတယ်ပဲ ပြောလိုက်ပါ မေမေ"

"ကောင်းပြီလေ . . သမီးလေး တကယ်အိပ်လိုက်တော့ နော်"

"ဟုတ်ကဲ့ပါ မေမေ"

မေမေက သက်တမ့ျဆံပင်လေးတွေကို ခပ်ဖွဖွသပ်ပေး ပြီးမှ လှည့်ထွက်သွားသည်။

သက်တမ့ျ မျက်လုံးတွေကို ဖွတ်အတင်း မှိတ်ပစ်သည်။

နေ့လယ်နေ့ခင်းပေမယ့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် သွားချင်သည်။

အိပ်ခါနီးတိုင်း ဆုတောင်းသည်။ နိုးထလာလျှင် ဝေဒနာ ပြယ်ပါစေတော့။ သည်ဆုတောင်းက ဘယ်နေ့ ဘယ်ရက်ကျမှ





ပြည့်မည်မသိပါ။

ခုချိန်ထိတော့ အိပ်မက်မှာတောင် စိတ်မချမ်းမြေ့မှုက နေရာယူ နှောင့်ယှက်ချင်သေးသည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

“သမီးလေးက ထဘီဝတ်ချင်တယ် ဟုတ်လား”

မေမေက တအံ့တသြမေးသည်။

“မဟုတ်ပါဘူး . . ဝတ်ရင်လှမလားလို့ပါ”

“လှမှာပေါ့ သမီးလေးရဲ့”

မေမေက ရယ်သံနှင့်ဖြေတော့ သက်တမ့်ရှက်သွားရသည်။

“ဝတ်တတ်ပါ့မလား မသိဘူး”

“ဝတ်ကျင့်မရှိတော့ အစကတော့ ဘယ်နိုင်ပါ့မလဲ”

“အဲဒါဆို ဒုက္ခပါပဲနော်”





“ခါးပတ်လေး ပတ်ဝတ်ပေါ့”

“အင်း . . မေမေ့အကြံ မဆိုးဘူး”

သက်တမ့် ဝတ်ထားသော စကပ်အရှည် အညိုလေးကို ငုံ့ကြည့်သည် စကပ်လေးတွေကိုပဲ အမြဲတမ်းဝတ်ခဲ့တာ . . ပေါ့ပေါ့ပါးပါးလည်းရှိ . . လုံလည်း လုံခြုံ။

“သမီးလေးက ဘာလို့ ထဘီဝတ်ချင်ရတာလဲ”

“ထူးဆန်းသွားမလားလို့ပါ”

သက်တမ့်က မေမေ့ဘေးမှာ ဝင်ထိုင်သည်။

“ဒါဆိုလဲ ပပတို့ မင်္ဂလာဆောင်မှာ ချိတ်ထဘီလေး ဝတ်ပါလား သမီး”

“အင်း . . ကောင်းသားပဲနော်”

“မေမေက နှစ်ထည်တောင်ယူထားတာ . . သမီးလေး ဝတ်ရင် ဆင်တူဖြစ်ပြီ”

“ဝတ်မှ မဝတ်တတ်သေးတာပဲ မေမေရာ”

သက်တမ့် စိတ်ပျက်သလိုပြောသည်။

“ဝတ်လိုက်တော့လဲ အကျင့်ရသွားမှာပဲ”

မေမေကလည်း ဝတ်စေချင်သလို တိုက်တွန်းသည်။

“လူကြီးမကြီးနဲ့ တူမှာလားဟင် . . ရင့်သွားမှာလား . .”



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး သမီးရယ် . . စိုးရိမ်တတ်လိုက်တာ . . ဝတ်တောင် မဝတ်ရသေးဘူး"

"ရယ်စရာလေး ဖြစ်နေမလား မသိဘူး"

"ချစ်စရာလေးပဲ ဖြစ်ချင်ဖြစ်မှာပါ . . သမီးရယ်"

"ချိတ်ထဘီဆိုတော့ ချောတော့ ချောနေမှာပေါ့နော်"

"နည်းနည်းပါ"

"သက်တမ္ဘ ဝတ်ကြည့်မယ်လေ"

"သမီးလေးပဲ ပန်းကြဲပေးရမှာ သမီးအဘွားကတော့ ပြောနေသေးတာ . . အခုဆိုဟန်ကျပြီ ချိတ်ထဘီလေးနဲ့ဆို တော့ လူကြီးမလေးနဲ့ ပိုတူသွားမှာ"

"ပန်းကြဲရမှာ"

ရင်ထဲ ဝုန်းခနဲမြည်သည်။

မင်္ဂလာမောင်မယ် လျှောက်လှမ်းကြဖို့ သက်တမ္ဘက ကျက်သရေရှိရှိ မွှေးတပျံ့ပျံ့ဖြစ်အောင် ပန်းကြဲပေးရမတဲ့လား

"ဘယ်သူက ပြောတာလဲဟင်"

"သမီးအဘွားပေါ့"

"မေမေကရော"

"သမီးလေးသဘော"





မေမေက သက်တမ္ဘ ဆန္ဒအတိုင်းဖြစ်စေတော့ ဝိုပြီး တွေးရခက်သည်။

"မေမေပဲပြောပါ"

မေမေက သက်တမ္ဘကို အပြုံးလေးနှင့် ကြည့်နေပြီးမှ

"မေမေကတော့ သမီးကို တည်ငြိမ်စေချင်တယ် . . ရင်ဆိုင်ရဲစေချင်တယ်"

"ဟုတ်ကဲ့ပါ"

"သမီးလေးရင်ထဲကို မေမေမြင်တယ် . . ဒါပေမယ့် တခြားလူတွေ မမြင်စေချင်ဘူး . . မြင်သွားမှာလဲ စိုးတယ်"

"ဒီကိစ္စမှာ သမီးမှားသလားဟင်"

ချက်ချင်းပဲ မျက်ရည်တွေ ဝေ့တက်လာသည်။

"သမီးမှားတာတွေ ရှိတော့ရှိတယ် . . ဒါပေမယ့် ယုံကြည်မှုကြောင့် မှားတာတွေပဲကွယ် . . အပြစ်တင်ဖို့ ခက်ပါတယ်"

သက်တမ္ဘ မျက်လုံးအိမ်မှာ နာကြည်းခြင်း၊ မျက်ရှုခြင်း၊ ကြေကွဲခြင်းတွေကို တွေ့ရတော့ သမီးလေးကို သနားသည်။

သည်လိုအဖြစ်မျိုးတွေသာ ကြုံရမယ်မှန်းသိရင် . .

"မေမေရယ် . . သမီး ပန်းကြဲပေးပါ့မယ်"

သက်တမ္ဘ စိတ်ဆင်းရဲခဲ့ရပေမယ့် မေမေ့ကိုသက်သာ

www.burmeseclassic.com



ရပါစေတော့။

အရှုံးတွေနှင့် သမီးကို မေမေက ကြည့်ရက်မဲ့တဲ့လား ဟန်ဆောင်ပြုံးပါ့မယ် မေမေရယ်။

"ပန်းကြုံရမှာဆိုရင်တော့ သမီး စကပ်ဖားဖားဝတ်မယ် မေမေ..ထဘီက ခုမှ အကျင့်လုပ်ရမှာ"

"သမီးလေး သဘောပါပဲ"

"ဟိုးတစ်နေ့က ဝယ်လာတဲ့ ရှန်အပွင့် စကပ်အရှည်လေးလေ .. အဲဒါဝတ်မယ် .. အကျီလက်ရှည်လေးယ် ဆင်တူရှိတယ်လေ"

"ဘယ်ကဟာလေးလဲ သမီးရဲ့"

"ဟို ညိုမှိုင်းမှိုင်းလေးလေ"

"အင်း..."

သက်တမ့်က စကပ်ဖားဖားလေးနှင့် အိမ်ပေါ်ပြေး တက်သွားသည်။

"ဒီမှာလေ..မေမေ"

"အင်း..လှသားပဲ"

သက်တမ့်ခင်က ချက်ချင်းပဲ ယူလာပြသည်။

"အန်တီ..ဟာ..ခင်လဲ ရှိနေတာကိုး"





ဖိုးသားက အိမ်ပေါ် လှမ်းတက်လျှောက်လာရင်း အသံကျယ်နှင့် နှုတ်ဆက်၏။

"အန်တီရေ..."

"ဘာလဲသား.."

"မေမေက ခဏလောက် ကူးလာမလားတဲ့"

"ကိစ္စရှိလို့လား သားရဲ့"

"ဟုတ်ကဲ့ အန်တီမအားရင် မေမေကူးလာခဲ့မယ်တဲ့"

"ရပါတယ်ကွယ်..အန်တီလည်း အားလပ်နေတာပဲ နီးနီးလေးဉစ္စာ..ဘာကိစ္စများလဲ မသိဘူး"

"ဟို ရတနာတွေလာပြတတ်တဲ့..အန်တီကြီးရောက် နေတယ်"

"ဟုတ်လား..ဒါဆိုသမီးလေးဖို့မှာထားတဲ့ မဟူရာ နားကပ်လေး လာပြတာနေမှာ..ကဲ သမီး..မေမေသွားလိုက် ဦးမယ်"

"ဟုတ်ကဲ့"

"သမီးရော လိုက်ကြည့်ပါလား"

"ဟင့်အင်း"

သက်တမ့်ကခုံရှေ့မှာ ထိုင်ချရင်း ငြင်းဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားကလည်း မမေနှင့် လိုက်မသွားဘဲ ရပ်နေ

"ဟိုမှာ သွားပြီ . . လိုက်သွားတော့လေ"

"မေးစရာရှိလို့"

"ဘာလဲ"

"ခင် ပန်းကြမှာဆို"

"ဟုတ်တယ်"

"ဟာ . . ရေလည် ပျော်စရာကြီး"

"ဖိုးသား"

သက်တမျှ အော်ဟစ်ဟန့်တားသံက စူးခနဲ။

ဖိုးသားက ချက်ချင်းမျက်နှာတည်သွားကာ အား သလို ကြည့်လာသည်။

"ဆောရီးဟာ"

အဖြစ်ကိုသိသလို ကပျာကယာ တောင်းပန်သည်။

"ငါကတော့ သဘောရိုးနဲ့ ပြောတာပါ . . ဘာစိတ် မဟုတ်ဘူး"

သက်တမျှကို ငုံ့ကြည့်ရင်း ရှင်းပြနေတော့ . .

"ပြီးရော့ဟာ . . ပြန်တော့"ဟု ခပ်မာမာပြောဖြစ်သည်

"ငါနဲ့ ကိုကြီးနဲ့ ဘာဆိုင်လဲ"





ဖိုးသားက မကျေမနပ်မေးသည်။

"နင် ဘာလာရှုပ်နေတာလဲဟာ"

သက်တမျှ ငိုချင်စိတ်ပင် ပေါက်သွားရသည်။

"လာရှုပ်တာမဟုတ်ပါဘူး . . ခင့် ဆုံးဖြတ်ချက်ကြီးက မတရားဘူး . . ငါကနင့်သူငယ်ချင်း . . အစကတည်းက မတည့် လိုက် တည့်လိုက် ရန်ဖြစ်ဘက်တွေပါ . . ကိုကြီးကိစ္စနဲ့ ငါ့ကိုပါ"

"တော်ဟာ"

သက်တမျှ ဖြတ်အော်ဖြ်သည်။

"နင်အခု ပြန်တော့"

"မပြန်သေးဘူး"

"မပြန်ဘူးလား"

"ဟုတ်တယ်"

"အဟင့် . . ဟင့် . . ဟင့် . . ဟင့်"

သက်တမျှမျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်ကြီး တငင် ငိုချသည်။

"ဟာ . . ခင်"

ဖိုးသား ဘာလုပ်ရမှန်းမသိ။

"ခင် . . ဟာ . . မဟုတ်တာ . . ပြန်မယ် အခုပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ရယ်"

ဖိုးသားရင်ထဲမှာ နင့်ခနဲဖြစ်သွားရသည်။

"ပြန်ပါမယ်ဟာ ပြန်ဆိုပြန်မှာပေါ့ . . ငါကစတာပါ"

သက်ါတမျှက သူပြောသမျှ မကြားသလို ဆက်ငိုနေ သည်။

"ဒါလေးများ ငိုစရာလား"

ရယ်ချင်သလို အပြောင်အပြက် ပြောလိုက်ရပေမယ့် ရင်နာသည်။

ခင်ရယ် . . . ။

အဲဒီလောက် ခံစားနေရလည်း နင် ပေါက်ကွဲပစ်လိုက် ပါလား . . ဝုန်းဒိုင်းကြဲပစ်လိုက်ပါလား . . တစ်ခုခုနေသာ ချေ သာအောင် လုပ်ပစ်လိုက်ပါလား . . ကိုကြီးကိုပဲဖြစ်ဖြစ် တစ်ခွန် တစ်လေ ဖွင့်ဟလိုက်ပါတော့လား။

ငါဘာလုပ်ပေးရမလဲ။

"ခင် . ."

ဖိုးသားက သက်တမျှ နံဘေးမှာဝင်ထိုင်တော့ သက်တမျှ က အထိတ်တလန့် မော့ကြည့်ကာ ကိုယ်ကို တစ်ဘက်တိုးကာ တိမ်းပစ်ရင်း . .





"ဘာလဲ . . ပြန်ဆိုပြန်လေ"

ဟု ငိုသံတစ်ဝက်နှင့် နှင်သည်။

"ခင်ရယ် . . နင် ဘာဖြစ်ချင်လဲဟင်"

"လောလောဆယ် နင့်ကို ပြန်စေချင်တယ်"

"အေးပါ . . ပြန်ပါ့မယ် . . ခင် မငိုနဲ့တော့"

ဖိုးသားက ဝေါက်ခနဲထကာ ခြေလှမ်းကျဲနှင့် ထွက်လာ သည်။

အိမ်ဘက်ပြန်ရောက်ချိန်အထိ ရင်ထဲ မငြိမ်သက်။ တစ်ခုခုလုပ်ပစ်လိုက်ချင်သည်။

"ညီလေး"

ကိုကြီး အခန်းထဲဝင်လာပြီး ဂီတာယူတော့ သူ့ကိုတွေ့ သွားကာ အကဲခတ်သည်။ မသိမသာ အကြည့်လွှဲရင်း ဖိုးသား ခေါင်းငုံ့လိုက်မှ ပိုဆိုးသွားကာ အနားကို လျှောက်လာသည်။

"ညီ . . . ဖိုးသား . . ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"မဟုတ်ပါဘူး . . မင်း ဒီလောက်မှုပျက်နေတာ"

ကိုကြီးက သူ့ဘေးမှာ လာထိုင်သည်။

"ဘယ်သူနဲ့ ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသား ဝုန်းခနဲ ထရပ်လိုက်သည်။

"ညီရာ. . ညာလဲမရပါဘူး. . မင်းဘယ်ကောင်နဲ့ ဘာဖြစ်လာတာလဲ. . ပြောစမ်း. . ကိုကြီး သိချင်တယ်"

"မသိချင်ပါနဲ့ဗျာ"

ဖိုးသားက ခါးသီးလှသလို လက်ကာပြသည်။

"ကိုကြီး သိသွားမှာ အကြောက်ဆုံးပဲ"

"ဘာတွေလဲ ညီညီရာ"

"ဘာတွေလဲ ကျွန်တော်လဲ မသိဘူး"

ကိုကြီးကို ရှောင်ထွက်သွားဖို့ လုပ်တော့ မလွှတ်ဘဲ လက်ဆွဲထားသည်။

"ဖိုးသား"

"ဖယ်ဗျာ . . . ဖယ်စမ်းဗျာ"

"ဟော့ . . ဘာလဲကွ . . မင်းရိုင်းလှချည်လား"

ကိုကြီးဆွဲထားသောလက်ကို ရုန်းပစ်တော့ ကိုကြီးက ဒေါသနှင့် ဝုန်းခနဲ ထရပ်သည်။

"မင်း အသားလွတ်ကြီး ရိုင်းပြနေပါလား"

"ဟုတ်တယ်ဗျာ . . ကိုကြီး ကျွန်တော်နဲ့ ကင်းကင်းနေပါ"

"ဘာကွ"





"ဒီထက်ပိုပြီး ကျွန်တော်မပြောတတ်ဘူး . . . ပြောလဲ မပြောချင်ဘူး. . ကိုကြီးသိမှာပါ"

ဆောင့်ရုန်းပစ်ကာ ထွက်လာတော့ ကိုကြီး ငိုင်ကျ ကျန်ခဲ့သည်။

အပေါ် ထပ် ဝရန်တာမှာ လာထွက်ရပ်ရင်း အသက်ရှူ မှန်နေတာ သတိပြုမိသည်။ သူ သိပ်ဒေါသကြီးနေမိသည်ပဲ။

ဝရန်တာ လက်တန်းကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ တောင်းကင်ကြီးကို မော့ကြည့်မိသည်။

ရင်ထဲမှာ ဘယ်လိုမှ ပေါ့ပါးမသွားပါ။

ခင်ရယ် မင်းကမကောင်းဘူး။

နှလုံးသားထဲမှာ မချိတင်ကဲ ခံစားရသည်။

ပြုံးနေသော သူမနှုတ်ခမ်းလေးတွေ ကြည်လင်သော မျက်ဝန်းတောက်တောက်လေးတွေ သွက်လက်သော ဟန်ပန် လေးတွေ ညံ့စီသော အသံချိုချွဲချွဲလေးတွေ အားလုံး အားလုံး ပျောက်ဆုံးသွားခဲ့ပြီ။

ဘယ်တော့မှလဲ ပြန်လည်မြင်တွေ့ခွင့်ရမှာ မဟုတ်ဘူး။

ကိုယ်က ကြားလူပဲ ခင်ရယ်။

ကိုယ်ဘာတတ်နိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . ကိုယ်သာအမိကလူ ကာယကံရှင် ဆိုရင်လေ . . .

ခင့်ကို . . ခင့်ကို. . ခင့်နှလုံးသားကို ဘယ်တော့မှ ဒီလိုနင်းချေရက်မှာ မဟုတ်ပါဘူး ခင်လေးရယ်။

အဲဒါ ခင်ယုံပါ. . ယုံကြည်ပါ။

"ညီ. . ဖိုးသား"

"ဟာ. ."

ကိုကြီးက ဝရန်တာထိ လိုက်လာပြန်သည်။

"ဖိုးသား . . ဖိုးသားကို မေးစရာရှိလို့ပါကွ"

ဖိုးသားမျက်နှာ တင်းတင်းနှင့်ပဲ ခေါင်းညိတ်ပြရသည်။

"မင်းသက်တမျှဆီက ပြန်လာတာလား"

"ဟုတ်တယ်"

"သက်တမျှနဲ့ ဘာဖြစ်ခဲ့လဲ. . ."

"အဲဒါ ကိုကြီးနဲ့ ဘာဆိုင်လဲ"

"ဘာ . . ."

ကိုကြီးမျက်နှာ အကြီးအကျယ်ပျက်သည်။

"လေးလေးနဲ့ ဘာဆိုင်လဲဗျာ . . လေးလေးစိတ်ဝင်စားရမှာ ဒေါ်လေးပခင်အကြောင်းပါဗျာ"





"တောက်. . စော်ကားဦး"

ကိုကြီးက ဖိုးသားမေးစေ့ကို လက်သီးနှင့် ဆွဲထိုးသည်။

ဖိုးသားမရှောင်ပါ။ ဖူးရောင်ညိုမဲသွားစမ်းပါစေ။ ခဏတဖြုတ် မေ့မျောသတိလစ်ချင် လစ်ပါစေတော့။

အဲဒါမှ သူ နေသားကျ အနည်ထိုင်သွားမှာ။

"ဖိုးသား မင်း သိပ်လွန်တယ်"

လက်သီးနှင့် ဆွဲထိုးတာက ကိုကြီး။ ပြီးတော့ ကိုကြီးကပဲ လွန်တယ်ပြောရသေး။

ကျလောက်ပါရဲ့ဗျာ။

"မင်းအနေသာကြီးကိစ္စမှာ ဝင်မစွက်ပါနဲ့ . . ဘယ်သူမှ ငါ့ကိစ္စမှာ ငါ့လောက် မသိနိုင်ဘူး"

"ဟုတ်ပါတယ် . . ဝင်လဲ မစွက်ပါဘူး . . သိလဲမသိပါဘူး. . ကိုကြီးက ဒီနေရာအထိ လိုက်လာမေးလို့သာ"

"မင်း အရှူးထနေတာလဲ ထည့်ပြောလေ"

"အဲဒါ ကိုကြီး ကိစ္စလား"

"မင်းဒီလောက် ကြောင်မှန်းမသိလို့"

"ခု သိပြီမဟုတ်လား . . ကိုကြီးသွားတော့"

"အေး. . သွားမယ်. . ငါ သက်တမျှဆီသွားမယ်"

"ဟာ . . ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက ဒေါသနှင့် လှည့်ထွက်သွားတော့ သူပါ ပါလာသည်။

"ကိုကြီး သွားစရာမလိုဘူး"

"မင်းနဲ့မဆိုင်ဘူး ဖိုးသား"

ဖိုးသားက ရှေ့မှ ပိတ်ရပ်ကာဆီးတားသည်။

"မင်း . . ဖယ်စမ်းကွာ"

"မဖယ်ဘူးဗျာ . . ကိုကြီးမသွားရဘူး"

"မင်းနဲ့ဘာတွေဖြစ်လဲ . . ဘာတွေဖြစ်လဲလို့ . . ငါသွားမေးမှာ"

"ဘာမှမပြောဘူး . . ဘာပြောစရာရှိလဲ"

"ဒါဆို မင်း ဘာဖြစ်လာတာလဲ"

"ကိုကြီး ကျွန်တော် တောင်းပန်ပါတယ်. . မသွားပါနဲ့ဗျာ. . ခင့်ကို မနှိပ်စက်ပါနဲ့ . . ခင်က အရမ်းနူးညံ့ဖြူစင်တဲ့ မိန်းကလေးပါ. . ကျွန်တော်လို ဘေးလူတောင် တစ်စွန်းတစ်စ ပေါက်ကွဲတဲ့ ကိစ္စမျိုးမှာ သူက မျိုသိပ်နိုင်စွမ်းအားရှိတယ်"

ဖိုးသားက ကြေကွဲထိခိုက်ရသလိုဆိုတော့ ကိုကြီးတစ်ချက်ငိုင်သွားသည်။ ကိုကြီးကို တားဆီးနိုင်ဖို့ပဲ အရေးကြီးတာ။

"မင်းရှေ့မှာ သူက ပေါက်ကွဲပြလိုက်သလား"





"အဲသည်လိုသာဆို သိပ်ကောင်းမှာ . . သူက ဘာမှမပေါက်ကွဲဘူး . . ထိန်းချုပ်နိုင်တယ် . . သည်းခံနိုင်စွမ်းအားကလူလေးနဲ့ မမျှဘူး . . သူ့ဟာသူ နေတာလေးကို ထပ်ဒုက္ခပေးဖို့မကြံစည်ပါနဲ့တော့ဗျာ . . ကျွန်တော် တောင်းပန်ပါတယ်"

ကိုကြီးက သက်ပြင်းရှိုက်သည်။

"ဟုတ်တယ် . . လူတွေဟာ တစ်မျိုးပဲ"

"ဗျာ. . ."

ကိုကြီးစကားကို သူနားမရှင်း။

"ဘာအဓိပ္ပါယ်လဲ ကိုကြီး"

"ဩော် . . ဘောလုံးပွဲမှာတောင် ရှုံးနေတဲ့အသင်းကို တရုဏာနဲ့ အားပေးချင်တယ်. . နိုင်စေချင်တယ် . . နိုင်တဲ့ အသင်းကျ အားမပေးချင်ဘူး. . သနားစရာကောင်းမှန်း မသိဘူး"

"အဲဒါ မှန်နေသားပဲ ကိုကြီး"

"ဒါအပေါ်ယံပဲ တိမ်တိမ်ကလေးကြည့်တတ်တဲ့ လူတွေပါ"

"အဲဒီလိုသာဆို ကိုကြီးကို သနားရမှာလား. . ခင်ဟာ သနားစရာမဟုတ်ဘူးပေါ့"

ရိုတိုတိအမေးကြောင့် မင်းဒင်လူ ဆတ်ခနဲ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီအကြောင်းအရာတွေ မင်းနဲ့ငါ မဆွေးနွေးချင်ဘူး . . မင်းကိုလဲ ဘာမှမပြောချင်ဘူး"

"ကောင်းပါတယ်ဗျာ"

"ဘာလို့လဲဆိုတော့ မင်းက သက်တမ္ဘလူပဲ . . သက်တမ္ဘ တစ်ဖက်ပဲကြည့်မယ့်လူ"

"မဟုတ်ပါဘူး . . ကျွန်တော်က ကိုကြီးညီအရင်းပါ"

ဖိုးသားက သူ့စကားကို ချက်ချင်းငြင်းသည်။

"ကိုကြီးရယ် . . ရှင်းရှင်းလေးပါ"

"ရှုံးနေရင်တောင် အနိုင်ရနေတဲ့လူပဲဗျာ . . ရှုံးထိုက်ပါတယ် . . ကျွန်တော်တော့ အဲဒီလိုပဲ နားလည်တယ်"

သူ့စကားက ကိုကြီးကို အထိနာစေမှာ သိသည်။

"မတရားဘူးဗျာ"ဟု ပေါ်တင်ပြောချပစ်ချင်တာ။

"ခင်က ကိုကြီးတို့ မင်္ဂလာပွဲမှာ ပန်းကြပေးမှာပါ"

"အဲဒါ သက်တမ္ဘက လက်ခံသလား"

ကိုကြီးက တအံ့တဩ။

"ရှင်းပါတယ် ကိုကြီးရာ"

ဖိုးသားက မရယ်ချင်ဘဲ ရယ်သည်။





"ခင်နဲ့ပတ်သက်သမျှဆို ကိုကြီးပဲ အရင်ဆုံး သိရတာ တစ်ခြားလူတွေက နောက်မှ သိရတာပါ"

"ဟုတ်တယ်လေ"

"အခု ခင့် ဆုံးဖြတ်ချက်ကို ကျွန်တော်က ပြောပြနေရတယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာလို့ အရင်လို မဟုတ်ကြတော့တာလဲ"

ကိုကြီး မဖြေနိုင်ပါ။

"ကိုကြီး မှန်နေတယ်ဆို . . ခါတိုင်းလိုပဲ ပြေပြေလည်လည် နေရောပေါ့ဗျာ . . ခင့်ကို ချက်ချင်းကြီး ရင်မဆိုင်ရဲသလို စိမ်းကားဖြတ်တောက်ပစ်စရာမှ မလိုတာ"

"အဲဒါ သူ့ဘက်က ဖြစ်သွားတာ"

"ဒါတော့ ကိုကြီးပဲ အသိဆုံးနေမှာပါ"

"နေစမ်းပါဦး . . မင်းကို မေးစမ်းပါရစေဦး"

"ဖြေချင်ပါတယ် . . မေးမှာကိုပဲစောင့်နေတာ"

ဖိုးသားက ဆံပင်တွေကို လက်နှစ်ဖက်နှင့် သပ်ပစ်ကာ ခေါင်းမော့လိုက်သည်။

"ကျွန်တော်ခင့်ကို ချစ်တယ် . . အရှင်းချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး မမေးခင် ဖြေထားလိုက်သည်။

မင်းကဘာလို့ ခင့်ဘက်က သည်လောက် နာနေရတာလဲလို့ မေးမှာမဟုတ်လား ကိုကြီး။

မင်းဒင်လူက တအံ့တဩနှင့် တော်တော်နှင့် စကားမဆိုနိုင်။

ညီက ပြတ်သားလှချည်လား။ ခိုင်မာလှချည်လား။

"ဒါပေမယ့် သူက ကျွန်တော့်ကို မုန်းမှာ"

"အစကတည်းက တည့်မှ မတည့်တာ"

"မတည့်တာဘဲ မုန်းတာမှ မဟုတ်ဘဲ"

"ချက်ချင်းကြီး ခုမှ မုန်းသွားရသလား"

"ဟုတ်တယ် . . ကိုကြီးရဲ့ညီဆိုပြီး မုန်းမှာ . . ရှောင်ပြန်ချစ်မှာလဲ မဟုတ်ဘူး . . ယုံကြည်မှာလဲ မဟုတ်ဘူး . . ဒီပုံထဲက ဒီပဲ . . မျက်နှာပြောင်တွေ . . လူမဆန်တဲ့ယောက်ျားတွေဆိုပြီး နာကြည်းရွံရှာတော့မှာ . . အဲဒါ ကိုကြီးသိရဲ့လား"

"မင်းစကားတွေ သိပ်အောက်တန်းကျနေပြီ . . ငါနှစ်ပြားမတန်တဲ့ကောင်ဖြစ်နေပြီ"

"ဒါတော့ ကိုကြီးပဲ ဆုံးဖြတ်ပါ"

မင်းဒင်လူက ဖိုးသားရှေ့မှ ချာခနဲလှည့်ပြီး ထွက်သွားသည်။





ဂစ်တာလာယူသွားတာ ဘာသီချင်းသံမှလည်း မကြားရပါ။ ကိုကြီးရယ် စကားတွေများရင် ခွင့်လွှတ်ပါ။

ကျွန်တော်ခင့်ကို ချစ်လို့ သနားလို့။

ခင့်ကိုလေ . . . ကျွန်တော် ရ. . မဆန်အောင် ချစ်နေရပါပြီ။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

"ခင်"

ငွေဖလားထဲမှာ စံပယ်ပွင့်တွေနှင့် ငွေရောင်စက္ကူ
တွေကို ဖွဖွလေး ကိုင်တွယ်ကစားရင်း အတွေးတွေရှုပ်
နေရာမှ ခေါ်သံကြောင့် ဆတ်ခနဲဖြစ်သွားရသည်။

ဖိုးသားပဲဆိုတာ တန်းခနဲသိတာမို့ မတ်လာသော ခေါ်
လေးက နောက်လှည့်ကြည့်စရာမလိုတော့။

သက်တမ့် ကို 'ခင်'လို့ ခေါ်တတ်တာ သူပဲရှိသည်
ပြီးတော့ သူ့အသံကို မှတ်မိရင်းနှီးပြီးသားပဲ။

"ခင်"





နောက်ဖက်မှာ မလှုပ်မယှက်ရပ်နေရင်း လှည့်မကြည့် မချင်း ခေါ်နေမည့်ပုံ။

"ဘာလဲ ဖိုးသား"

သက်တမ့်အသံက အလိုလိုမာကျော အေးစက်နေရသည်။

"ခင်. . အဆင်သင့်ဖြစ်နေပြီလား"

"အင်း . . ဘာလို့လဲ"

"ခင် ဘယ်ကားနဲ့လိုက်မှာလဲ"

"ကြုံရာပေ့ါ"

"ပန်းတွေက ဒါအကုန်ပဲလား"

"မသိဘူးလေ . . ဟိုမှာရှိရင် ရှိဦးမှာပေ့ါ"

ဖိုးသားက ခင့်ဘေးမှာ ပြောင်းရပ်သည်။

"ခင် စိတ်ဆင်းရဲနေလား"

"ဘာကို စိတ်ဆင်းရဲရမှာလဲ"

ဖိုးသားက ပြုံးလိုက်တာ မကြည့်ပဲသိနေသည်။ သူပြုံးတာ 'ညာချင်ညာပါ. . ညာလဲ သိနေပြီးသားပဲ" ဆိုတာမျိုး။

"ဘာကြောင့် ငါက စိတ်ဆင်းရဲရမှာလဲ ဖိုးသားရယ်"

ပင့်သက်ရှိုက်သံနှင့်အတူ သက်တမ့် စကားလေး အား



www.burmeseclassic.com

www.burmeseclassic.com



လျှော့ နှမ်းဖတ်လို့နေသည်။

"စိတ်ဆင်းရဲနေတော့ရော ဘာဖြစ်လာမှာမို့လဲ"

သက်တမ္ဘုက မျက်နှာလေးကို ဆတ်ခနဲ ပင့်မော့ပစ်ကာ နှုတ်ခမ်းလေးကို တင်းတင်းစေ့သည်။

"ဖြစ်ခဲ့တဲ့ကိစ္စအားလုံးကို ဒီနေ့ကစပြီး ငါမေ့ပစ်လိုက်ပြီ"

ပြတ်ပြတ်သားသားပြောပုံက တကယ် ဆုံးဖြတ်ထားပြီးမှန်း ပေါ်လွင်လွန်း၏။

"ဖြစ်များဖြစ်နိုင်ရင် ကြီးကြီးရှိတဲ့ ပြင်ဦးလွင်မှာ သွားနေချင်တာ.. မတတ်နိုင်လို့သာ.. ကျောင်းလဲတက်နေရသေးတယ်.. မေမေကလဲ ပေးသွားမှာ မဟုတ်ဘူး"

ဖိုးသားက ဘေးတိုက်မြင်နေရသော မျက်နှာလေးကို ငေးကြည့်နေမိသည်၊ ဖူးနေသော နှုတ်ခမ်းလေးနှင့် စင်းဖြောင့်နေသော နှာတံလုံးလုံးလေး။ မိတ်ကပ်ဆရာနှင့် အကျအန ပြင်ထားတာမို့ ပိုလှနေသည်။

"ငါမထင်ဘူး သိလား.. ဖိုးသား"

"ဟင်.. ဘာကိုလဲ"

သက်တမ္ဘုက နာကျင်သလိုမဲ့သည်။

မဲ့လိုက်လည်း သိပ်ချစ်စရာ ကောင်းနေတာပါပဲခင်ရယ်။





"ယောက်ျားလေးတစ်ယောက်က ဒီလောက်အထိ ရက်စက်နိုင်မယ် ယုတ်မာနိုင်မယ်.. လူပါးဝနိုင်မယ်.. အနိုင်ကျင့်နိုင်မယ်.. တစ်ကိုယ်ကောင်းဆန်မယ်.. မျက်နှာပြောင်တိုက်မယ်.. လူမဆန်တဲ့ လုပ်ရပ်မျိုးကို မျက်နှာတစ်ချက်မပျက် လုပ်သွားနိုင်မယ်.. ကိုယ်ချင်းစာတရား ကင်းမဲ့လိမ့်မယ်လို့ ငါ တစ်ခါမှ မတွေးမိဘူး"

သက်တမ္ဘုအသံက တုန်ယင်လိုက်မောနေ၏။

"ခင်ရယ်"

"မေတ္တာတရားမှာ ဥပဒေဆိုတာမရှိလို့ လူတွေက စည်းဖောက်ကြဖို့ အပြစ်ကျူးလွန်ကြဖို့ ဝန်မလေးကြတာလား မသိဘူး"

သက်တမ္ဘုက မျက်လွှာချထားရင်းမှ . . .

"လူတစ်ယောက်ကို သတ်ပစ်လိုက်မှ အပြစ်ရှိတယ်လို့ ဥပဒေက ဆိုထားတယ်.. ဒါပေမယ့် နှလုံးသားကို သတ်ပစ်လိုက်ရင်ကော ဘာအပြစ်မှ မရှိဘူးတဲ့လား.. ငါ့ နှလုံးသွေးနဲ့ သူတို့အနာဂတ်ကို ခင်းထားပြီးတော့ လူတွေရှေ့မှာ သူတို့ လျှောက်လှမ်းမယ့်လမ်းကို ပန်းကြခင်းပေးရမှာ မလွမ်းလောက်တော့ပါဘူး"

"ကိုကြီးကို သံယောဇဉ်ပိုခဲ့တယ်.. ရင်းနှီးခဲ့တယ်..



www.burmeseclassic.com

www.burmeseclassic.com



ချစ်လား . . မချစ်လားဆိုတာတော့ ငါလဲမသေချာဘူး . . ဒါပေ မယ့် ငါ ကိုကြီးကို စိတ်နာတယ် . . မုန်းတယ် . . ကိုကြီး လုပ်ရပ် ကို ငါမကျေနပ်ဘူး . . ဒီလောက် ယုံကြည်မှု နားလည်မှုတွေ ရှိနေရက်နဲ့ ကိုကြီးလုပ်ရက်တယ်ဟာ . . ကိုကြီး လုပ်သွားပုံက ငါ့ကိုစော်ကားတယ် . . အထင်သေးတယ် . . ပေါ့ပျက်ပျက် သဘောထားတယ် . . ဘာပဲဖြစ်ဖြစ် ငါက ဘာမှ မပြောနိုင်ပါဘူး အစကတည်းက ရှုံးပြီးသားပါ . . ရှုံးနေမှန်းသိသိကြီးနဲ့ 'နင်ရှုံး တယ် . . နင်ရှုံးတယ်'လို့ လက်ညှိုးငေါက်ငေါက်လာထိုးနေသလို ငါခံစားရတယ် . . အဲဒါအမှန်တွေပဲ . . ဘာညာစရာရှိလဲ . . ငါ ရှက်မယ် . . နာမယ် . . ကြေကွဲမယ်ဆိုတာ နင်တောင်သိနေ တာပဲ ဖိုးသားရယ် . . ကိုကြီးရော မသိဘဲနေမလား . . မေမေ လဲသိတယ် . . ဖိုးသားမေမေလဲ သိပါတယ် . . ငါ့ကို ငယ်လို့ ကလေးဆန်လို့ ချွေးမ မတော်ချင်ဘူးလို့ ရှင်းရှင်းဘွင်းဘွင်း ပြောခဲ့တာပဲ"

"တော်ပါတော့ ခင်ရယ်"

ဖိုးသား ခေါင်းငိုက်စိုက်ကျသွားရသည်။

"ငါ့ဟာငါ မနည်းကြီး အားတင်းထားရတဲ့ အနေအထား မှာ နင်ကတစ်ခါ လျှောင်ပြောင်တဲ့ရဲ့ချင်တာမျိုးတွေ လာမလုပ် ပါနဲ့ . . နင်တို့ ညီအစ်ကိုတွေကို ငါသိပ်ကြောက်ပါတယ်"





"ခင်ရယ် အဲဒီလောက်အထိ စွဲချက်မတင်ပါနဲ့ . . ငါ နင့်ကို မလှောင်ရက်ပါဘူး . . ငါနဲ့ကိုကြီးနဲ့လဲ မရောထွေးပါနဲ့"

သက်တမျှခင်က မဲ့ပြုံးလေးပြုံးသည်။

"မငိုပါနဲ့ ခင်ရယ်"

ဖိုးသားကို သက်တမျှ စူးစူးစိုက်စိုက် ကြည့်မိသည်။

"အပြတ်ပဲ ပြောပါရစေ"

သက်တမျှက နှုတ်ခမ်းကို ဖိကိုက်လိုက်၏။

"ငါနင့်ကို အရမ်းချစ်တယ်ခင် . . ဟိုးကတည်းက ချစ်ခဲ့ တာ . . ဒါပေမယ့် ငါရှေ့မတိုးရဲခဲ့ဘူး"

သက်တမျှ ဆတ်ခနဲ ဖြစ်သွားရသည်။

"နင် ဘာတွေ ဘာပြောနေတာလဲ ဖိုးသား"

ဖိုးသားက တစ်ချက်ပြုံးသည်။

"ငါတကယ်ပြောတာ . . ငါဘယ်တော့မှလဲ နောက်မ ဆုတ်တော့ဘူး . . ခင် ပြန်ချစ်လာတဲ့အထိ ပိုင်ဆိုင်ခွင့်ရတဲ့အထိ ငါကြိုးစားမယ်"

သက်တမျှခင်က လှောင်ရယ်သည်။

"ခင်"

"စိတ်ချ နောက်ဘဝအထိ သေချာတယ် . . နင်တို့ ညီအစ်ကိုတွေကို မုန်းပြီးသား . . ကြောက်ပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဖိုးသားက မျက်နှာကြီးမဲ့တက်သွား၏။

"အယုံအကြည်လဲ လုံးဝမရှိဘူး. . သိက္ခာတရား နည်းပါးတဲ့လူတွေ . . လူလူချင်း စာနာမှု မရှိတဲ့လူတွေ. . နင်တို့ မိသားစုထဲကို ဘယ်တော့မှ မဝင်ဘူးမှတ်"

"ခင် . . ဟာ. . ခင်"

ဖိုးသားက အထိတ်တလန့်နှင့် တုန်လှုပ်နေ၏။

"ငါနဲ့ ကိုကြီး ဘာမှမဆိုင်ဘူး . . စိတ်ဓာတ်ချင်း တခြားစီ"

"အပိုတွေ လာပြောမနေနဲ့ . . စိတ်ကူးထဲတောင် မထည့်ဘူး"

"ခင်"

ဖိုးသား ဘာပြောရမှန်းပင်မသိ။

"ဟိုတစ်နေ့ကတောင် ကိုကြီးနဲ့ စကားများတယ်. . ဒီမှာတွေ့လား ကိုကြီးဆွဲထိုးလိုက်တာ"

မေးစေ့ တစ်ဖိုက်မှာ ညိုမဲနေတာတွေတွေ့သား အမှတ်တမဲ့မို့သာ မမေးမိတာ။

"အဲဒါ ငါနဲ့ဘာဆိုင်လဲ ဖိုးသားရယ်"





"ဟုတ်ပါတယ် မဆိုင်ပါဘူး. . သနားအောင် ပြောနေတာလဲ မဟုတ်ဘူး . . ငါ အဲဒီလို လူစားမျိုး မဟုတ်ဘူး. . တော်ပြီ ခင် . . နင်က စော်ကားဖို့ပဲ စဉ်းစားနေတာ"

"မကျေနပ်ရင်လဲ ငါနဲ့ လာမပတ်သက်နဲ့ပေါ့ဟာ"

သက်တမျှပုံစံက အသည်းယားစရာ။ ခပ်တင်းတင်း ပြောနေတာကို လက်သီးနှင့်တောင် ဆွဲထိုးပစ်ချင်သည်။

"အေးပါ . . နင်က နိုင်နေတဲ့လူဆိုတော့ ပြောအားရှိတာပေါ့"

"အမယ်. . မယ်. . ငါ့ကို မကောင်းဖြစ်အောင် လာမလုပ်ပါနဲ့ဟာ . . အေးအေးနေပါရစေ"

သက်တမျှက ပခုံးလေးတွန့်ရင်း ပြောသည်။

ထင့်မှတ်ထားတာထက်များစွာ သက်တမျှခင်က မာနကြီးနေသည်။

သူတို့ မိသားစုအပေါ် စိတ်နာနေသည်။ သူ့အပေါ် ပြတ်သားနေသည်။

စိတ်ပျက်လွယ်မယ်ဆိုရင်တော့ နောက်ဆုတ်လိုက်ချင်စရာပါ. . .။

ခင်ရယ် . . ငါ လွယ်လွယ် လက်မလျှော့ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုကို ခင်နဲ့ပေါင်းစပ်ပြီး တည်ဆောက်ဖို့ ဆုံးဖြတ်ထားပြီးပြီ။

ခင့်ကိုချစ်တယ်။ ခင့်စိတ်ဓာတ်ကို လေးစားတယ်။ ခင့်ကိုယ်ကျင့်တရားကို တန်ဖိုးထားတယ်။ ခင့်ကို သိပ်မြတ်နိုးတယ်ကွာ။

"ခင်"

"သွားတော့ ဖိုးသားရာ"

"အင်း . . ဒါပေမယ့် ခင့်ကိုမရမချင်း ကြိုးစားနေမှာ"

"ဘာ. . ."

"ခင့်ကိုပဲ လက်ထပ်ယူမယ်"

"ဝေးသေး"

"ဘယ်ပြောနိုင်မှာလဲဟာ . . ငါ့မေတ္တာကို ငါယုံတယ်"

သက်တမျှနှင့် ဖိုးသားအနီးကို ကိုကြီးရောက်လာသည်။

ခေါင်းမပေါင်းနှင့် တိုက်ပုံနှင့် တောင်ရှည်ပုဆိုးနှင့် သတို့သားပီပီ ကိုကြီးက ငေးချင်စရာ ခန့်ညားလွန်းနေ၏။

"ညီ"

"ဗျာ"

"ဓမမေခေါ်နေတယ်"



"ဟုတ်ကဲ့ . . ဘာကိစ္စလဲ မသိဘူး"

"ကားအစီအစဉ် မေးမလို့ထင်တယ်"

"သွားကြတော့မှာမို့လား"

"အင်းလေ"

"စောပါသေးတယ်"

ဖိုးသားမျက်နှာက ပြုံးစိစိ။

"ကိုကြီး"

"ဟင် . ."

"အမှတ်တရဖြစ်အောင် ကိုကြီးမင်္ဂလာဆောင်တဲ့နေ့မှာ ကျွန်တော် ခင့်ကို ဖွင့်ပြောလိုက်ပြီ"

ဖိုးသားစကားကြောင့် ခင့်မျက်နှာလေး ရဲခနဲဖြစ်သွားရသည်။

တော်တော်အတင့်ရဲလွန်းတဲ့ ဖိုးသားပါလား။

"ကိုကြီးကို ဟိုတစ်နေ့ကတည်းက ဝန်ခံထားပြီးသား . . မေးကြည့်ပါလား"

သက်တမျှဘက်ကိုလည်း လှည့်ပြောလိုက်သေးသည်။

"ရှူးသလိုလိုနဲ့"

အားနာပါးနာနှင့်မို့ သည်လောက်ပဲရေရွတ်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက လျော့လျော့ပြုံးသည်။ ဘာစကားတစ်ခွန်းမှ မဆို။

"ကိုကြီးက တကယ်ကျက်သရေရှိတယ်"

ဖိုးသားက သူ့အစ်ကိုကို ရှေ့တင်ချီးမွမ်းသည်။

"ခင် . . ငါရော အဲဒီလိုဝတ်ရင် လှမလား . . လိုက်ပါ့မလား"

"သိချင်ရင် ဝတ်ကြည့်ပေါ့"

"ဟုတ်တယ် . . ခဏအစမ်းသဘောမျိုး ဝတ်ကြည့်ရမယ် . . ခင်လဲ သတို့သမီး လုပ်ပေးရမယ်လေ"

သက်တမျှ မဲ့တဲ့တဲ့ မျက်နှာလေးနှင့် အကြည့်လွှဲလိုက်၏။

"နော် . . ခင်"

"စိတ်ရှုပ်တယ်ဟာ"

ကိုကြီးက ဖိုးသားကိုကြည့်ပြီး ပြုံး၏။

"ကိုကြီး"

"ဟင် . ."

"ဒေါ်လေးပပကို သွားမေးဦးလေ . . ပြီးပြီလားလို့"

"အေးပါ . . ဒါပေမယ့် သက်တမျှကို မေးစရာရှိလို့ပါ"

ကိုကြီးစကားကြောင့် သက်တမျှရင်ထဲ လှပ်ခနဲ အေးသွားသည်။





"သက်တမျှက ဖိုးသားမေတ္တာကို လက်ခံလိုက်ပြီလား"

သက်တမျှ ဘယ်လိုဖြေရမှန်းမသိပါ။ ရုတ်တရက် သက်တမျှမှာ အဖြေမရှိ။

စောစောတုန်းကလို "ရှင်တို့ညီအစ်ကိုကို နောက်တစ်သက် မစဉ်းစားတော့ဘူး" လို့ ဘာကြောင့် ပြောမထွက်တာလဲ။

ဖိုးသားလို ဟောခနဲ ဝေါခနဲ ပြောမချရဲ။ စကားမှားသွားမှာလည်း စိုးသည်။ စကားလွန်သွားမှာ ကြောက်သည်။

ပြီးတော့ ရင်ထဲနာကျင်ထိရှနေတာလည်း မသိစေချင်ပါ။

သက်တမျှကို ပေါ့ပေါ့ပါးပါး ရွှင်ရွှင်လန်းလန်းပဲဟု ထင်စေချင်သည်။

ဝေဒနာတွေ တနင့်တပိုး ခံစားနေရတာ မမြင်တွေ့စေချင်။

ကိုကြီးကြောင့် သက်တမျှ ဘာမှမဖြစ်ဘူးဆိုတာ ခေါင်းမော့ပြချင်သည်။

"စဉ်းစားနေတုန်းတဲ့ ကိုကြီးရဲ့"

ဖိုးသားက ရွှင်ရွှင်သွက်သွက် ဝင်ဖြေသည်။

"ဟုတ်လား"

"ဟုတ်တယ်ကိုကြီး ကိုကြီးတို့ သားအကြီးဆုံး မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တဲ့နေ့မှာ အဖြေပေးမှာထင်တယ်ဗျ”

ဖိုးသားပြောပုံကြောင့် ကိုကြီးက ရယ်ပေမယ့် သက်တမ့ျကတော့ နှုတ်ခမ်းလေးတွန့်သွားအောင် မဲ့သည်။

“ဟော ... ဟိုမှာ ဒေါ်လေးပပ”

သက်တမ့ျက အကြပ်အတည်းတစ်ခုမှ လွတ်မြောက်သွားသလို ဝမ်းသာအားရ ပြောမိသည်။

ဒေါ်လေးပ အနားရောက်သွားပြီး အားတက်သရောလေး တစ်ကိုယ်လုံး ဝေ့ကြည့်နေမိသည်။

ကြည့်ပါဦး .. မြန်မာဆန်လှစွာ နူးညံ့သိမ်မွေ့နေလိုက်တာ ထိုင်မသိမ်းလေးနှင့် ဗမာထဘီနှင့် ...

သည်လိုဝတ်လိုက်တာလည်း ဒေါ်လေးပက ကျက်သရေရှိရှိ လှနေသား။ ရှေးတုန်းက နန်းတွင်း မင်းသမီးလေးလို သိပ် ချစ်စရာကောင်းသည်။

ဖိုးသားက သက်တမ့ျ မျက်နှာလေးကို အတင်းလိုက် ကြည့်နေတော့ သူ့ဆီ အကြည့်ရောက်သည်။

“ခင်”

ဒေါ်လေးပ မကြားရအောင် တိုးဖွဖွ ခေါ်တော့ မျက်စောင်းထိုးမိ၏။



ဖိုးသားပြောမှာ သိနေသည်။ မပြောခင်ကတည်းက ကြိုသဘောပေါက်ပြီးသား။

“ခင်ရယ် .. ခင် အဲဒီလိုဝတ်ရင် သိပ်ချစ်စရာကောင်းမှာ ..”

ဖိုးသားက ထင်ထားသော စကားကိုပဲပြောသည်။

“မဝတ်ပါဘူး .. ဝတ်ရင်တောင် နင့်သတိုးသမီးတော့ ဟုတ်မှာမဟုတ်ဘူး”

“ကျွတ် .. မပြောကောင်း မဆိုကောင်း”

ဖိုးသားက တကယ်မကြိုက်လှသလိုတားသည်။

“သက်တမ့ျက အဆင်သင့်ဖြစ်နေပြီကိုး”

“သူက ရယ်ဒီဖြစ်နေတာ ကြာလှပြီ”

ဒေါ်လေးပပအမေးကို သက်တမ့ျက မဖြေရဘဲ သူက ရှေ့မှ ကြိုဖြေနှင့်သည်။

“ခင်”

ကိုကြီးနှင့် ဒေါ်လေးပ ထွက်သွားတော့ သူက ငုံ့ကြည့် ခေါ်၏။

“ဟင် .. ဘာလဲ”

“နမိတ်မရှိတာတွေ မပြောနဲ့နော်”



www.burmeseclassic.com

www.burmeseclassic.com



"နင်က တကယ်ရယ်ရတာပဲဖိုးသားရယ် . . ဘာလဲ ကိုကြီးနဲ့တောင် အရောဝင်နေသေးတာ . . ငါကပ်လဲ ရမှာပဲလို့ ခပ်ပေါ့ပေါ့ သဘောထားနေတာလား . . ဝေးပါသေးတယ် . . ငါ အဲဒီလိုမိန်းကလေးမဟုတ်ဘူး"

"ဘယ်လိုကြီး ပြောလိုက်တာလဲ"

သူသည်လောက် မျက်နှာညှိုးရော်သွားလိမ့်မည်ဟု ထင်ကို မထင်တာ။ အားတုံ့အားနာဖြစ်သွားမိတာလေးက ချက်ချင်းပဲလွင့်စင်သွားကာ ခေါင်းမော့ရယ်လိုက်သည်။

"မသိဘူးလေဟယ် . . အဲဒီလိုများ သဘောထားနေသလားလို့"

ဖိုးသားကိုဆို အစကတည်းက ပခုံးချင်းယှဉ်ပေါင်း အနိုင်ကျင့်ပြော ရန်ထောင်တတ်တဲ့အကျင့်က ရှိပြီးသား။

"ဒီမှာ သက်တမျှကလဲ ခပ်ရှင်းရှင်းပဲ ပြောတတ်တော့ ခက်တယ်"

"ငါ့ကို မငေါ့ပါနဲ့ . . မရွဲ့ပါနဲ့ . . မစော်ကားပါနဲ့ခင် ရယ် . . ငါကနင့်ကို တကယ့်မေတ္တာစစ်နဲ့ မြတ်နိုးမိတာ . . မေမေတို့ကို လာပြောခိုင်းရမလား . . စေ့စပ်ပေးထားဖို့လေ"

"အဟင်း ပြောပဲပြောကြည့်ပါဦး နင့်မေမေက ဘာပြော မလဲဆိုတာ . . ဖိုးသားက ကလေးလိုပါပဲလား"

"နင် အဲဒီလို အထင်မသေးနဲ့၊ ပြီးရော . . ဖေဖေနဲ့ မေမေ့ကို ငါလာပြောခိုင်းမယ် . . ခင် ကြည့်နေ"

ခင်က ပခုံးလေးတွန့်ရယ်သည်။

ခင်ရယ် . . ယုံကြည်စမ်းပါ။

၀ ၀ ၀




ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

မမျှော်လင့်ပါပဲ တစ်နေ့ညနေမှာ ဖိုးသား ဖေဖေနှင့်
မေမေ ရောက်လာကြသည်။

မှတ်မှတ်ရရ ကိုကြီးတို့လက်ထပ်ပြီး တစ်ပတ်ခန့်အကြာ
မှာပါပဲ။

သူတို့ရောက်လာကြတော့ သက်တမျှလည်း ဧည့်ခန်းအ
ရှိနေသည်။

မေမေ့ကိုမေးတော့ ပြုံးပြုံးရွှင်ရွှင်ပဲ ဖိတ်ခေါ်နေရာ
ရင်း . . .

"ရှိပါတယ်ရှင်" ဟု အလွယ်တကူပဲ ဖြေမိသည်။





"သမီးက အိမ်ဘက် လုံးလုံး မလာတော့ဘဲ"

ဟု ဖိုးသား မေမေက ပြောလာတော့

"သမီး မအားလို့ပါ အန်တီ"

ဟု ညာပြောရသည်။

"ခဏ ထိုင်ပါဦးနော်. . မေမေ့ကို ခေါ်လိုက်ဦးမယ်"

"အေးကွယ်. . . အေး. . အေး"

ထမင်းစားခန်းမှာ ရှိနေသော မေမေ့ဆီလျှောက်လာ
င်း အကျိုးအကြောင်းပြောတော့ မေမေက ကော်ဖီပူပူနှစ်ခွက်
ျော်ယူခဲ့ဖို့မှာပြီး ဧည့်ခန်းကို ထွက်သွား၏။

ဖတ်လက်စ စာအုပ်ကို ထမင်းစားပွဲပေါ် မှောက်ချ
ားပြီး ကော်ဖီဖျော်ရသည်။

သတိရမိပါတယ် ကိုကြီးရယ်။

ရိုးရိုးသားသား ဖြူဖြူစင်စင် အောက်မေ့မိတာပါ။

သည်လို ညနေဘက်တွေမှာ အမြဲလာနေကျ ကိုကြီးပါ။
စ်ခါတစ်လေ စိတ်ပါလက်ပါ။ တစ်ခါတစ်လေလည်း ဗျစ်
ာက် ဗျစ်တောက်။ တစ်ခါတစ်လေတော့ စူပုတ်တင်းမာရင်း
ာ်ဖီတစ်ခွက်တော့ တိုက်ဖြစ်အောင် ဖျော်တိုက်နေကြ။

ကိုကြီးမပါဘဲ ကိုကြီးမိဘနှစ်ပါးလာတော့ ထူးဆန်း
သလိုပဲ ကိုကြီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနဲ့ ဒေါ်လေးပက ဘာလို့ လိုက်မလာတာလဲ။

"သမီးလေးရေ"

"ရှင် . . ဘွား . . ဘာလိုချင်လို့လဲ"

အဘွားက အပေါ်ထပ်မှ ဧည့်ခန်းကို ဆင်းလာပုံရသည်။

"ခဏ . . လာပါဦးကွယ်"

"ဟုတ်ကဲ့ . . ကော်ဖီဖျော်နေလို့ပါ . . လာခဲ့ပါ့မယ်"

မေမေက ပျာယိပျာယာနှင့် ထမင်းစားခန်းထဲ ပြန်ရောက်သည်။

သက်တမျှကို ဇဝေဇဝါ တစ်ချက်ကြည့်ပြီး . .

"ကဲ . . ကဲ မေမေဆက်ဖျော်ခဲ့ပါ့မယ် . . သမီးအဘွားက အခုလာခဲ့တဲ့"

မေမေက စိတ်မရှည်သလိုပြောသည်။

သက်တမျှအဘွားဘေးမှာ ကျုံ့ကျုံ့ဝင်ထိုင်ရင်း နှုတ်ခမ်းဟရုံရှိသေး . .

"သမီးလေး သက်တမျှ"

ဟု ဘွားက ခေါ်သည်။

"ရှင် . ."

"သမီးက ဖိုးသားကို လာစေ့စပ်ထားဖို့ ပြောတယ်ဆို"





"ရှင် . ."

ဘွားအမေးကြောင့် သက်တမျှ ကိုယ်လေးမတ်ကာ မျက်လုံးလေး ဝိုင်းသွားရသည်။

"မဟုတ်ပါဘူး . . အဲဒီလို မဟုတ်ပါဘူး"

ဖိုးသား မေမေက ကြားဝင်ပြော၏။

"ကျွန်မတို့က သားလေးနဲ့ သမီးလေးကို စေ့စပ်ပေးဖို့သာ လာပြောတာပါ"

သက်တမျှ အသက်ရှူဖို့ပင် မေ့လျော့သွားရသည်။

ဘာတွေလဲ။ ဘာတွေဖြစ်ကုန်တာလဲ။ လုံးဝနားမလည်နိုင်။

"အင်းလေ . . ဟုတ်ပါတယ် . . ဒါပေမယ့် ဒီကိစ္စကို သမီးလေးက ဘာမှပြောမထားလို့ပါ . . ဘွားက အဲဒါ မကြိုက်တာ . . စေ့စပ်ပေးဖို့ ပြောထားပြီးဆို ဒီဘက်ကလူကြီးတွေလဲ ကြိုအသိပေးတိုင်ပင်ရမှာပေါ့ မဟုတ်ဘူးလား . . အခုဟာက ပြန်းစားကြီး ဘာသံမှကို မကြားရဘူး . . သူတို့က တည့်ကြတာလဲ မဟုတ်ဘူး"

ဘွားက သက်တမျှလို အလိုမကျလှသလို ကြည့်သည်မို့ ခေါင်းငုံ့မျက်လွှာချမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသား. . ။

ရင်ထဲမှာ တေးမှတ်ကြိမ်းဝါးလိုက်မိ၏။

အလိုလိုမှ စိတ်ဆင်းရဲနေချိန် အပျော်တွေ ပျောက်ဆုံးနေချိန်။

"သမီးလေး"

"ရှင် . ."

ဘွားက စူးစူးစမ်းစမ်းကြည့်တော့ ပိုအနေကျုံ့သည်။

"ဘာလို့ မေမေတို့ ဘွားတို့ကို ကြိုအသိမပေးရတာလဲ"

ဘွားက အပြစ်တင်မာန်မဲသည်။

"သမီး နောက်လိုက်တာ"

ဆိုလည်း သက်တမ္ဘကို တအား ဆူတော့မည်။

"ဖိုးသားကို အဲဒီလို တစ်ခါမှ မပြောခဲ့ဖူးဘူး"

ဆိုလည်း ပြောင်ညာရာရောက်မည်. . နှုတ်က ထွက်ပြီးသား စကားတစ်ခွန်းကို မပြောခဲ့ပါဘူးဟု ဘယ်လို ငြင်းဆန်မလဲ . . ဒါ ကိုယ်ကျင့်တရားနှင့်ဆိုင်တာ။

လူကြီးမိဘတွေ မသိပေမယ့် ကိုယ်တိုင်သိသည်။ ဖိုးသားသိသည်။

ပြီးတော့ ဘုရားသိသည်။





သက်တမ္ဘ မျက်လွှာ စိုက်ချထားမိ၏။

"သမီးလေး"

ဘွားက အားမလိုအားမရ ခေါ်၏. . မေမေလည်း ဧည့်ခန်းကို ရောက်လာသည်။

"ကဲပါဗျာ. . ဒါအရေးတကြီးမှ မဟုတ်ပဲ . . တိုင်ပင်ကြပါဦး. . သမီးလေးကလည်း ပွင့်လင်းပေါ့ကွယ်. . ကျွန်တော်တို့ကို အားနာစရာမလိုပါဘူး. . လူရင်းတွေပဲ. . ဆွေမျိုးတွေတောင် တော်ထားကြပြီပဲဟာ. . နောက်တော့မှ အကြောင်းပြန်ပါ. . ရပါတယ်. . သားက ဒါဆိုဒါ ဇွတ်တရွတ်ဗျ. . သားက စိတ်သိပ်ပြတ်တာ"

ဖိုးသားဖေဖေက သက်တမ္ဘ အခက်အခဲကို ဝင်ရှင်းပေးသည်။

"ကော်ဖီသောက်လိုက်ပါဦး"

မေမေလည်း မျက်စိမျက်နှာပျက်နေရာမှ ပြန်လည်အနည်ထိုင်လာ၏။

"သမီးပပတို့လဲ နီးနီးလေးတောင် တစ်နေ့ တစ်ခေါက်မရောက်ကြဘူး"

ဘွားက မကြေလည်ဖြစ်နေတာကို ပြောသည်။

www.burmeseclassic.com



"လူငယ်တွေမို့လား . . သားကြီးကိုလာဖို့ ကျွန်တော် ပြောပါ့မယ်"

သက်တမျှက လူကြီးတွေပြောသမျှ ဘာမှမကြားနိုင်တော့။

ဖိုးသားကို ပြေးသွားတွေ့လိုက်ချင်သည်။ ရင်ထဲမှာလည်း နာကျင်မျက်ရှသည်။

သူ့ကို သက်တမျှမှ လက်မခံသေးတာ။

သည်လိုလုပ်ဖို့ မကောင်းဟုထင်သည်။ သူ့ဖေဖေနှင့် မေမေကိုတော့ သူပိုင်သား။

ဖိုးသားက ငယ်ပေမယ့် ပြတ်သားမှုရှိသည်ပဲ။

လူကြီးတွေနှင့် အတိအလင်းပြောခိုင်းသည်ဆိုတော့ သက်တမျှကို သူအမှန်တကယ်ရည်ရွယ်ထားပြီးသား။

ဘယ်တုန်းကတည်းက သူ သည်လိုစိတ်တွေဖောက်ပြန်တွေပြားနေသလဲ။ ဖိုးသားကို နားမလည်နိုင်အောင် ဖြစ်ရသည်။

ကိုကြီးနှင့်ပတ်သက်ပြီး ဘာကိုမှန်းမသိ။ နာကြည်းခြောက်ခွဲနေတာ။

"သားလေးက သမီးမှသမီးတဲ့. . မလိုက်လျှောရင် ဆင်မယ် ဘာမယ်တောင်လုပ်တာ"





ဖိုးသားမေမေ့ကို မျက်လုံးလေး တလည်လည်နှင့် ကြည့်နေသည်။

"သမီးလေးကလဲ အိမ်ဘက်တစ်ခါမှ မကူးဘူး"

သက်တမျှက ဘာစကားမှ ပြန်မပြောနိုင်အောင် တိတ်နေမိသည်။

"သမီးလေးက မအားလို့ပါ . . လာမှာပါ"

မေမေက ဝင်ပြောပေးသည်။

မသိမသာနှင့် သက်တမျှ လစ်ထွက်လာခဲ့၏။ ခြံထဲရောက်မှ လွတ်လပ်သွားသလို သက်ပြင်းရှိုက်နိုင်သည်။

မေမေမေးလာခဲ့ရင် ဘယ်လိုဖြေရပါ့မလဲ။

သည်အကြောင်းအရာကို အရိပ်အမြွက်လောက်တောင် မေမေ သိတာမဟုတ်။

ဒန်းဖြူလေးပေါ် ထိုင်ချရင်း ထိတ်လန့်နေမိသည်။

မပြောထားရကောင်းလားဟု မေမေစိတ်မကောင်းဖြစ်မှာ ကျိန်းသေ။ တိုင်ပင်ဖော်မရတာ ဘွားတောင် ဆူငေါက်နေသေးတာ။

မေမေ့ကို ဘယ်လိုပြောရပါ့။

ဖိုးသားနှင့်ဆို မေမေတို့ ဘွားတို့ကရော သဘောတူမှာလား. . .။



www.burmeseclassic.com

www.burmeseclassic.com



သက်တမျှခေါင်းထဲ ရှုပ်ထွေးသွားပါသည်။

ကိုကြီးနှင့်သာ ရင်းနှီးကျွမ်းဝင်ခဲ့တာ။ တစ်ယော[illegible] အကြိုက် တစ်ယောက်သိခဲ့တာ။

ဖိုးသားနှင့်က တကယ့်သူစိမ်း. . တစ်နာရီပြည့်အော[illegible] တောင် စကားပြောဖူးတာမဟုတ်။

တည့်လည်း တည့်ခဲ့တာမဟုတ်ပါ။

ဖိုးသားကိုဆို အရိုအသေလည်း တစ်စက်မှရှိခဲ့တာ မဟုတ်။

သူသာ အိမ်ဦးနတ်ဖြစ်လာခဲ့လျှင် . . .

အို . . မဟုတ်တာ။ သူ့ကို မယူပါဘူး။

သက်တမျှ ဆုံးဖြတ်လိုက်သည်။

ဖိုးသားရယ်. . နင်လုပ်ပုံက အရှက်ရစရာတွေ ဖြစ်[illegible] တော့မယ်။ လူကြီးတွေကို ဘာလို့ ဆွဲထည့်လာရတာလဲ။

သက်တမျှ ဘယ်လို ဆုံးဖြတ်ရတော့မလဲ။

အားနာလိုက်တာ မျက်နှာပျက်ရမှာကြောင့်တော့ လ[illegible] မထပ်ချင်ပါဘူးဖိုးသားရယ်။ အလိုလိုမှ ကိုကြီးကြောင့် ဖိုးသာ[illegible] တို့ အမျိုးတွေဆို ကြောက်လန့်နေတာ. . ယောကျ်ားတော[illegible] ပီပီလာတောင်းပေးတာတော့ ကျေးဇူးပါ။





"ခင်"

သူ့အသံကြောင့် သက်တမျှတုံ့ခနဲတောင် ဖြစ်သွားရသည်။

"ခင်"

ဖိုးသားက ဘေးမှာဝင်ထိုင်ချပြီး ဖွဖွခေါ်၏။ ပုဆိုးအညို လေးနှင့် ရှပ်အင်္ကျီအဖြူလေးနှင့် သန့်ပြန့်ချောမောနေလိုက်တာ ဟု ပထမဆုံး တွေးမိသည်။

ကိုကြီးက ဖြူဖြူသန့်သန့်။ သူက ညိုညိုထွားထွား။

သူ့သဏ္ဌာန်က ကိုကြီးလိုအထင်ကြီးစရာ ခင်မင်စရာ မကောင်းပေမယ့် ဆွဲဆောင်မှုရှိသည်. . အားကိုး ယုံကြည်လိုက် ချင်စရာကောင်းသည်။

ကိုကြီးသာဆို ထူးထူးခြားခြား ဘာခံစားချက်အသစ်မှ ဖြစ်မှာ မဟုတ်။

ဖိုးသားနှင့် သက်တမျှ ဘယ်တုန်းကမှ ရင်းနှီးမှုမရှိခဲ့။

"ခင်"

"ဖိုးသား နင်ဘာတွေ လျှောက်လုပ်နေတာလဲ"

သူ့ဘက်ကို မကြည့်ဘဲ မေးမိသည်။

"ဘာကို ပြောတာလဲခင်"

"အခု နင့်ဖေဖေနဲ့မေမေ ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ . . ခင်ပဲ လာစေစွပ်ထားဆို"

"အဲဒါတမင် ရွှဲပြောတာ . . နောက်တာ"

"ဘာ . . ရွှဲတာ . . နောက်တာ . . ဟုတ်လား"

ဖိုးသားက ဖျတ်ခနဲ မတ်တပ်ရပ်လိုက်သည်။

"ဟာ . . ဘယ်လိုစကားကြီးလဲ . . ဒါမိန်းမကောင်း မိန်းမမြတ်စကားလားခင်ရယ်. ငါက နင့်ကို သိပ်တန်ဖိုးထားတာဟာ. . နင့်စိတ်ဓာတ်ကို သိပ်သဘောကျတာ. . ဒီလောက်နိမ့်ကျ အထင်သေးစရာကောင်းတဲ့စကားမျိုး မပြောသင့်ဘူးကွာ"

ဖိုးသားအပြောတွေက ခင့် မာနကို ထိပါးလွန်းသည်။

"သူစိမ်း ယောကျ်ားလေးတစ်ယောက်ကို ဒါမျိုးကျီစယ်စရာလားဟာ . . မျှော်လင့်ချက်ပေးစရာလား. . ဘာလဲ ငါအရှက်ရအောင် ကိုကြီးအစား လှည့်စားလိုက်တာလား. . ဟုတ်လား"

ဖိုးသားက ခပ်ထေ့ထေ့ပြောသည်။

"တော်တော့ ဖိုးသား. . ပြောလို့ရတိုင်း ဖိမပြောနဲ့"

"နိုး. . နိုး. . ငါ လုံးဝအနိုင်ပိုင်းမပြောတတ်ဘူး"

ဖိုးသားက လက်ကာငြင်း၏။

"ငါကနင့်ကို တကယ်ချစ်လို့ လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်တာ. . ကိုကြီးနဲ့ ခင် အနေအထိုင် ကင်းရှင်းတယ်ဆိုတာလဲ ငါအမြင်ပဲ. . နှလုံးသားချင်းသာ ရင်းနှီးချင်ရင်းနှီးခဲ့မှာ. . ခင့်ကို





မြတ်နိုးမှုလုံးဝမလျှော့ဘူး"

သက်တမ့် ပင့်သက်ရှိုက်သည်။

"အဲဒါတွေ ငါနဲ့အရင်ဆွေးနွေးသင့်တာပေါ့. . ပြေလည်မှ လူကြီးတွေကို ပြောသင့်တာ. . အခုရှုပ်ကုန်ပြီ"

"မေမေ့ကို ငါအပြတ်ပြောခဲ့ရတာ. . လက်ခံပါခင်ရယ်"

"အဲဒီလို လွယ်လွယ်တွက်တာကိုက မှန်းတာ"

"မှန်းတယ်. . ဟုတ်လား"

"ဟုတ်တယ်. . ငါငြင်းမှာပဲ. . ငါနင့်ကို လက်မထပ်နိုင်ဘူး ဖိုးသား"

ဖိုးသားမျက်နှာ ညှိုးကျသွားပြီးမှ တင်းမာရိပ်တွေ ထင်ဟပ်လာ၏။

"ငြင်းရဲငြင်းကြည့် . . နင့်ကိုငါ ခိုးပြေးမယ်. . ကားတင်မယ်ခင်"

အပြတ်ပြောလိုက်တော့ ခင်တွန့်သွားရသည်။

"ငါ ဆုံးဖြတ်ချက်ချပြီးသား"

"မေတ္တာကို ဒီလောက်အကြမ်းနည်းနဲ့ ဘယ်တောင်းမှ တောင်းလို့မရဘူး"

"မရလဲ နေပါစေ. . နင့်ကို ပိုင်ဆိုင်ရရင်ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



"နင် လူပါးဝမလာနဲ့ ဖိုးသား"

"အဟား. . နူးနူးညံ့ညံ့တောင်းနေတာ နင်မှမပေးပဲ ခင်

ဖိုးသားက ခင့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"ငါ ခင့်ကိုချစ်တယ်. . ခင့်ကိုယူမယ်"

"နင့်ကိုမယူဘူး ဖယ်. . ."

"မဖယ်ဘူး"

ဖိုးသား အသံက ဟိန်းထွက်လာ၏။

"လူကြီးတွေစီစဉ်ပေးတာကို အသာတကြည်လက်ခံ မယ်လို့ ကတိပေး"

"ဟင့်အင်း . . မုန်းတယ်. မုန်းတယ်. . မယူဘူး လုံး မယူဘူး"

သက်တမ်ျှက သူ့လက်တွေကို ဖယ်ချပစ်ရင်း မျက်ရည် တွေ ဝဲတက်လာသည်။

"နင့်ကို ငါမယူနိုင်ဘူး. . ချစ်လဲ မချစ်ဘူး"

"သိပါတယ်"

ဖိုးသားက အမိပ္ပာယ် ပါပါပြောသည်။

"ဇာတိပြလာပြီ. . မဆိုင်တာတွေ ထည့်ရမ်းတော့မယ်. . ယောက်ျားမပီသတဲ့ အပြောတွေ ကြားရတော့မယ်. . အဲဒါကြောင့်





သူချင်တာ. . ကိုကြီးနဲ့ပတ်သက်ပြီး နင်သဝန်တိုမှာပဲ . . မနာ ပြုဖြစ်မှာပဲ. . ပြီးဆုံးခဲ့တာသိရက်နဲ့လဲ မေ့နိုင်မှာမဟုတ်ဘူး. . များတစ်ခု လုပ်မိတာနဲ့ ဒါကြီးကိုဆွဲထုတ်အပြစ်ရှာမှာ. . ကြီး မိသားစုထဲက နင့်ကိုဘယ်သူယူရဲပါ့မလဲ. . သိပ်ချစ်နေ နင်တောင် ငါရှေ့တိုးရဲမှာမဟုတ်ဘူး"

"ခင်ရယ်"

ဘာမပြော ညာမပြောနှင့် ဖိုးသားက သက်တမ်ျှရင်ခွင် ဲ ဆွဲသွင်းဖက်ထားသည်။

"ဟင့်အင်း"

"ခင်"

"ဖယ်. . ဖယ်. . ဖယ်ပါ ဖိုးသား"

သက်တမ်ျှ အထိတ်တလန့်နှင့် သူ့ကိုမော့ကြည့်မိသည်။

နီးကပ်လွန်းသော အနေအထားကြောင့် သက်တမ်ျှ င်ထဲ ဝုန်းခနဲမြည်ကာ နှုတ်ခမ်းတွေခြောက်သွေ့လာရသည်။

ကမန်းကတန်း မျက်လွှာချ ခေါင်းငုံ့ပစ်တော့ သူကမေး လေးကို ဖိညှစ်ကာ ပင့်မော့စေသည်။

သူ့လက်ကို ဆွဲဖယ်တော့ သက်တမ်ျှလက်ဖျားလေးကို င်းဆုပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်"

သူ့မျက်လုံးစူးစူးတွေကို သက်တမ့ျ ရင်မဆိုင်ရဲ။

"ခင်. . ဘာလို့ အရမ်းရှုန်းနေတာလဲ"

"အဲဒီလို မလုပ်ပါနဲ့. . သက်တမ့ျ မကြိုက်ဘူး"

သက်တမ့ျအသံက တုန်တုန်ယင်ယင်မို့ ကရုဏာ စိတ်နှင့် တင်းတင်းကျပ်ကျပ် ဖက်ထားမိတော့သည်။

ကိုယ့်ရင်ခွင်ထဲမှာ အကြာကြီး ငြိမ်သက်နေတော့ ကျေနပ်သည်။

ရှက်လို့ပဲဖြစ်ဖြစ် ထူပူအနေခက်လို့ပဲဖြစ်ဖြစ်. . မကျေနပ်လို့ပဲဖြစ်ဖြစ် ခုလို သတိလက်လွတ် ငြိမ်နေတာ လေး ကြည်နူးရသည်။

ဖိုးသားလည်း စကားတစ်ခွန်းမှမဆိုဘဲ သူမကျောပြင် လေးကို ဖိသပ်ပေးနေမိသည်။

တိုက်ကြီးရှိရာ လှမ်းကြည့်မိတော့ ဖေဖေနှင့်မေမေ သက်တမ့ျမေမေပါ ဆင်းလာတာ မြင်ရတာမို့ သူ ဆတ်ခနဲ မြ သွားရပေမယ့် ချက်ချင်းပဲ ဟန်မပျက် ဆက်ပွေ့ထားမိသည်။

ခင်ကတော့ ကျောပေးထားတာမို့ လူကြီးတွေကို မြင် မရပါ။ ကိုယ့်ပခုံးပေါ် ခေါင်းလေးမှေးတင်ကာ လုပ်တော မလှုပ်တော့။





ဖေဖေနှင့် မေမေက တစ်ချက်လှမ်းကြည့်ပြီး ဆင်းလျှောက် သွားသည်။

သက်တမ့ျမေမေလည်း တိုက်ပေါ် ပြန်တက်သွား၏။

ကိုယ့်ပခုံးမှာ ပူခနဲ ပူခနဲနွေးသွားကာ သတိပြုမိတော့ တုန်လှုပ်ရသည်။ ခင် ငိုနေပြီဆိုတာသိသည်။

"ခင်ရယ်. . မောင့်ကို စိတ်ဆိုးလား. . ခင့်ကို မောင် ချစ်လွန်းလို့ပါ"

သူ ဘယ်လို အားပေးနှစ်သိမ့်ရမှန်းမသိ။

"ခင်. . မောင် မချော့တတ်ဘူး. . တိတ်နော်"

သက်တမ့ျက သူ့ရင်ခွင်ထဲမှ ရုန်းထွက်သည်။

"ခင် . . ဖေဖေနဲ့ မေမေတွေ့သွားတယ်. . ခင့်မေမေ ရောပဲ"

"ဟင်. . "

သူမက တအံ့တသြနှင့် မျက်လုံးလေးဝိုင်းသွားကာ မယုံ ချင်သလိုကြည့်သည်။

"ဖေဖေနဲ့ မေမေပြန်သွားပြီ"

"ဟင် . . "

ခင်က "အင့်"ခနဲ ရှိုက်သည်။

"တိတ်ပါခင်ရယ်. . မောင်တို့လက်ထပ်ကြဖို့ ပြောထား

www.burmeseclassic.com

www.burmeseclassic.com



ပြီးသားပဲ"

"ဘယ်ဟုတ်မလဲ. . မေမေက ဘာမှ ကြိုမပြောထားတာ ဆူမှာ"

"ဆူမှာ မို့လား"

"ဆူမှာပေါ့"

"မောင် လိုက်ပြောပေးမယ်လေ"

"ဟင့်အင်း. . ."

ခေါင်းခါငြင်းဆန်တော့ သူလည်း ဘာလုပ်ပေးရမှန်း မသိပါ။

သက်တမျှကတော့ ကိုယ့်ကိုယ်ကို ဒေါသဖြစ်သည်။

စိတ်တွေဘာလို့ ဒီလောက်တောင် ယိမ်းယိုင် တိမ်းလွယ် နေမိသလဲ။

ဖိုးသားကို အလွယ်တကူ လက်ခံလိုက်မိတာ အစက တည်းက ညိုးရော်သောစိတ်. . အထီးကျန်ခြောက်သွေ့နေသော အနေအထား တစ်ခုခုကြောင့်များလား။

အစားထိုးတာမျိုးတော့ မဖြစ်ပါရစေနဲ့။ ဖိုးသားကို အားနာသည်။

အခုလောလောဆယ် ဘာတစ်ခုမှ တိတိကျကျ ဆုံးဖြတ်



ချက် မချနိုင်သေး။

"ဖိုးသား"

"ဟာ. . အဲဒီလို မခေါ်နဲ့တော့လေ"

"ငါတစ်လ. . နှစ်လလောက်တော့ အချိန်ယူစဉ်းစား ပါရစေဦးဟာ. . ချက်ချင်းကြီးဘာကိုမှ လက်မခံပါရစေနဲ့"

"မဟုတ်တာ ခင်ရယ်"

သူက ခင့်ပခုံးလေးကို ဖက်ထွေးလာ၏။ ပြီးတော့ ပါး ဖောင်းဖောင်းလေးကို နွေးခနဲ နမ်းရှိုက်လိုက်၏။

သက်တမျှက မျက်နှာလေးတိမ်းရှောင်ပစ်တော့ သူက ပြုံးသည်။

"သွားတော့မယ်"

ဒန်းလေးပေါ်မှ ခုန်ဆင်းတော့ သူက ခါးလေးကို အလိုက်တသင့် ဖက်ထား၏။

လက်ကလေး နှစ်ဖက်ဖြင့် သူ့လက်သန်တွေကို ဖယ်ချ မိသည်။

"အား. . လူတွေမြင်ကုန်ပါလိမ့်မယ် ဖယ်ပါ"

"ဖယ်ပါ့မယ်. . ခဏလေးနေပါဦး"

သူ့မျက်နှာကြီးနီးကပ်လာတော့ လက်နှစ်ဘက်နှင့် တွန်း



www.burmeseclassic.com

www.burmeseclassic.com



ထားမိသည်။

"ဖယ်ပါ . . သက်တမျှ အိမ်ထဲသွားတော့မယ်"

"စကားပြောချင်သေးတယ်ကွာ"

"နောက်မှပြောနော်"

"ခင် . . မှာစရာရှိသေးတယ်"

"ဘာလဲ"

"လူကြီးမေးရင် ကလန်ကဆန်မပြောနဲ့နော်. . မောင့်
နည်းနည်းပါးပါး ငဲ့ညှာတွေးပေးဦးကွာ"

"အင်းပါ . . လွှတ်တော့"

ဖိုးသားက မျက်လုံးတစ်ဖက်မှိတ်ပြပြီးမှ ခပ်ဖြည်းဖြည်း
လွှတ်ပေးသည်။

သက်တမျှ လှည့်မကြည့်တော့ဘဲ အပြေးကလေး ထွ
လာခဲ့၏။

တိုက်ထဲ လှမ်းဝင်ခါနီးတော့ ခြေလှမ်းတွေ တန့်သွား
သည်။

ရှက်စိတ်နှင့် လန့်စိတ်က ရင်ထဲဝင်လာသည်။

မေမေနှင့် ဘယ်လိုရင်ဆိုင်ရပါ့မလဲ။

မေမေက ဘာပြောမလဲ။





ဖိုးသားရှိရာ လှမ်းကြည့်တော့ သူက လှမ်းကြည့်နေတုန်း။
ဖိနပ်ကလေးချွတ်ကာ လှစ်ခနဲ အိမ်ထဲဝင်လာမိတော့သည်။
ကျောထဲမှာ စိမ့်ခနဲအေးသွားရတာ ဘာကြောင့်လဲ။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

"သမီး"

"ရှင် . . ."

မေမေ့ကို အခန်းဝမှာ မြင်လိုက်ရတော့ လန့်တော့ လန့်သွားရသည်။

"ညှော်ခန်းမှာ ညှော်သည်ရောက်နေတယ် သမီးရဲ့"

မေမေက သက်တမျှ တွေးထင်ထားတာကို မမေး မထင်မှတ်တာကို ပြောလာ၏။

"ဘယ်သူလဲ မေမေ"

"သမီးဒေါ်လေးပပနဲ့ သမီး လေးလေးပေါ့"





"ဟင် . . ဟုတ်လား"

"ဟုတ်တယ် သမီးကို မေးနေတယ်"

သက်တမျှ မတ်တတ်ရပ်လိုက်၏။

"ဒေါ်လေးပကို သမီး သွားတွေ့လိုက်မယ်လေ"

"အင်း . . . ကောင်းပါတယ်"

အလျှင်စလို ထွက်တွေ့ဖို့ပြင်ပြီးမှ လေးလေးနှင့် ဆုံရမှာ တစ်မျိုးကြီး ဖြစ်နေသည်။

ကိုကြီးက ဘာတွေ ပြောမှာလဲ။

ဖိုးသားနှင့်ကိစ္စကို ကိုကြီး သိထားပြီးရောပေါ့။

"သမီး ဒေါ်လေးက သမီးကို မတွေ့လို့တဲ့ . . မေမေက အိပ်ပျော်နေပြီထင်တာ သမီးက မျက်စိမှိတ်ပြီး ငြိမ်နေတာကိုး"

သက်တမျှက ရှက်ပြုံးလေး ပြုံးလိုက်၏။

"ဘာလဲ ဘွားတို့ မေမေတို့ မေးမြန်းကြမှာစိုးလို့ ရှောင်နေတာလား . . ဒါမှမဟုတ် ဆူမှာစိုးလို့လား"

"နှစ်ခုစလုံးပဲ"

မေမေက သက်တမျှကို ဖွဖွလေး ဖိသပ်ပေးနေ၏။

"အပြစ်မတင်ရက်ပါဘူး သမီးရယ်"

မေမေ့စကားက တစ်မျိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အိမ်ထောင်တစ်ခုဆိုတာ မြဲမှကောင်းမှာ ခဏတဖြုတ် သာယာမိတာမျိုး . . အစားထိုးတာမျိုး ဝေဒနာ တစ်ခု ပျောက်ပါစေတော့ဆိုတာမျိုးဆို မကောင်းဘူးပေါ့"

မေမေ့ရယ်။ မေမေ့စကားတွေက ဖိုးသားကို အားနာစရာ။ သက်တမျှက အဲဒီလောက်တောင် နိမ့်ကျ ယိုင်ယိမ်းနေပြီလား။

"သမီးကိုယ်သမီး သေချာအောင်ပါကွယ်"

သက်တမျှ သက်ပြင်းလေး ရှိုက်သည်။

"မေမေ သမီးက ဆုံးဖြတ်ပြီးရင် အတည်ပါပဲ"

"အခု ဆုံးဖြတ်ပြီးပြီလား"

"ဟင့်အင်း . . သမီး ဘာတစ်ခုမှ မဆုံးဖြတ်ရသေးခင်မှာပဲ ဆုံးဖြတ်ချက်တွေက သူ့အလိုလိုကျသွားပြီးသား ဖြစ်ရတယ် မေမေ"

"ဖိုးသားကို သမီးတစ်သက်လုံး လက်တွဲသွားဖို့ ရည်ရွယ်သလား . . ယုံကြည်သလား"

"ယုံတော့ယုံတယ်မေမေ . . ဒါပေမယ့် ဘာကိုမှ အပိုင်မတွက်ရဲတော့တာ သက်တမျှရဲ့ အားနည်းချက်ပါပဲ"

"အင်း . . ."





မေမေက သက်ပြင်းချသည်။

"မေမေရော ဖိုးသားကို သက်တမျှနဲ့ သဘောတူရဲ့လား
င်"

"သမီးက ခေါင်းညိတ်လက်ခံပြီးမှတော့ မေမေက
သဘောတူရမှာပေါ့ . . မဟုတ်ဘူးလား"

"ဟင် . . မေမေက သူ့ကို မကြိုက်ဘူးပေါ့"

သက်တမျှ ပျာပျာသလဲလေး မေး၏။

"မဟုတ်ဘူးသမီးရယ် . . သူပြတ်သားတာကို မေမေက
သဘောကျ ကျေနပ်နေတာပါ . . ငယ်ပေမယ့် ရဲရင့်တယ်
ာင်းတာပေါ့ . . သမီးလေးကို ကြင်နာရင် အလိုလိုက်ရင်
ခွံ့တာခံရင် ပြီးတာပါပဲ . . မေမေက အဲဒါပဲ လိုချင်တာပါ"

သက်တမျှ မျက်လုံးလေးတွေက ကြယ်ပွင့်လေးတွေလို
ာက်ပရွှန်းလဲ့နေ၏။

သူမ သိပ်ပျော်နေမိပြီပဲ။ အဲဒါဆို ဖိုးသားကို သူမ . .

ဟင့်အင်း . . ချစ်တာတော့ မဖြစ်နိုင်သေးပါဘူး။

ဝေခွဲရခက်သော ခံစားမှုတစ်ခုက ရင်မှာရိုက်ခတ်သည်။

ကိုကြီးလောက်မဆိုထားနှင့် ကိုကြီး တစ်ဝက်လောက်
တောင် သံယောဇဉ်မရှိသော ဖိုးသားက သူမရင်ကို ကြည်နူးမှု
ပျော်ရွှင်မှု သာယာမှု ပေးစွမ်းနိုင်တာ အံ့သြစရာ။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားရယ် . . နင်ဟာ သက်တမျှအတွက်တော့ ထူးဆန်းတဲ့ လူတစ်ယောက်ပါပဲ။

"ခင်" လို့ခေါ်တတ်တာကစပြီး ဘာတစ်ခုမှ မကြိုက်တာ။ သည်လောက်ကြည့်မရသည့် လူတစ်ယောက်ကို လက်ထပ်ယူပြီး အတူနေဖို့ ချက်ချင်းကြီး ဖြစ်လာရတာ မယုံနိုင်စရာပါလား . . .။

ဖိုးသားရယ် . . နင် တကယ်ချစ်တာရော ဟုတ်ရဲ့လား။

၀ ၀ ၀



ညည့်ခန်းကိုရောက်တော့ ဒေါ်လေးပက ပြုံးပြပြီး လက်ကမ်းပေးကာ ဘေးမှာ ထိုင်စေသည်။

ကိုကြီးကတော့ ဘွားနှင့် စကားပြောနေရာမှ တစ်ချက်ငဲ့ကြည့်၏။

"သက်တမျှလေး"

"ဟင် . . . ဒေါ်လေး"

"အိမ်ဘက် ဘာလို့ ကူးမလာတာလဲ"

"ဘာရယ်မဟုတ်ပါဘူး . . . မလာဖြစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



သက်တမ္ဘအသံလေးက မပွင့်တပွင့် ဘွားက သက်တမ္ဘ ကို လှမ်းကြည့်ပြီး . . .

“ဘာလေးမှန်းမသိပါဘူး . . အပြုံးမြုံစိစိလေး . . ဘယ် နေရာမှ မပွင့်လင်းဘူး . . တော်သေးတာပေါ့ . . ဖိုးသားလေး က ပွင့်လင်းလို့ ပြတ်သားလို့ . . အချောင်သမား အလစ်သမားဆို ဒုက္ခ”

ဘွားစကားကြောင့် သက်တမ္ဘက ဆတ်ခနဲ ကိုကြီးဆီ လှမ်းကြည့်မိသည်။ ကိုကြီးကလည်း လှမ်းအကြည့်နှင့်မို့ မျက်လုံး ချင်းဆုံမိကြ၏။

သက်တမ္ဘရင်ထဲ တင်းကြပ်သွားရသည်။ ပြီးတော့ ကိုကြီးကို အားတုံ့အားနာ ဖြစ်ရသည်။

ဒေါ်လေးပက သက်တမ္ဘကို ခပ်စူးစူးလေး ကြည့်နေ တာ သတိထားမိမှ ကပျာကယာ ခေါင်းငုံ့မိသည်။

“ဒေါ်လေးက မေးစရာရှိလို့”

“ရှင် . . .”

“လာလေ . . ခြံထဲသွားရအောင်”

စောစောက ဖိုးသားနှင့်ထိုင်ခဲ့သော ဒန်းအဖြူလေးမှာပဲ ပြန်ထိုင်ဖြစ်ကြသည်။





“သက်တမ္ဘ”

“ဟင် . . ဒေါ်လေး”

“သက်တမ္ဘက ဖိုးသားလေးနဲ့ စေ့စပ်မယ်ဆို”

“မေမေတို့ ပြောနေကြတာပါပဲ”

“သက်တမ္ဘကရော”

ဒေါ်လေးပက စိတ်ဝင်တစား မေးနေတော့ အံ့သြနေသည်။

“ဒေါ်လေးပက ဖိုးသားကို ဘာသဘောမတွေ့လို့လဲ ဟင်”

“မဟုတ်ပါဘူး . . သက်တမ္ဘက အရမ်း အပြောင်းအလွဲ မြန်နေသလားလို့ပါ . . ချက်ချင်းကြီးဆိုတော့ မှားမှာစိုးလို့”

“မှားမယ် . . ဟုတ်လား”

ဒေါ်လေးပက ခေါင်းညိတ်သည်။

“ဖိုးသားကို သက်တမ္ဘ ချစ်လို့လား”

“သက်တမ္ဘ ချစ်ဖို့လိုလို့လားဟင်”

“ဟာ . . လိုတာပေါ့”

သက်တမ္ဘက နှုတ်ခမ်းစေ့ပြုံးသည်။

“ဒါဆို ဒေါ်လေးပရော လေးလေးကို ချစ်လို့လား”

ဒေါ်လေးပက ဆတ်ခနဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးပတို့က လူကြီးတွေပဲကွယ်"

သက်တမျှက ခစ်ခနဲရယ်သည်။ ပြီးမှ . . .

"ဒေါ်လေးပရယ် ချစ်လား မချစ်လားဆိုတာ ချက်ချင်း ကောက်ချက်ချလို့မရပါဘူး . . စောင့်ကြည့်ပေါ့"

သက်တမျှ စကားလေးက တလေးတနက်။

"အပေါ်ယံနှုတ်ထွက်စကားထက် ပိုအရေးကြီးတာ နှလုံးသားရဲ့ နားလည်မှုပါဒေါ်လေး . . ဖိုးသားက သက်တမျှကို အရမ်းချစ်တယ်လို့ ပြောပါတယ် . . သူချစ်ရင် တစ်ဝက်ပြည့်စုံပါပြီ . . သက်တမျှက ဘယ်တော့မှသစ္စာမဲ့တာ ဖောက်ပြန်တာမျိုး လုပ်မှာမှမဟုတ်ဘဲ . . လူတစ်ယောက်ကို လက်ထပ်ရင် တစ်သက်လုံးအတွက်ပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်ထားပြီးသားပါ"

"သက်တမျှက ဒီလိုတော့လဲ လူကြီးမလေးပဲ"

သက်တမျှက ဖျော့တော့စွာ ပြုံးသည်။

"အရေးကြီးတာ ဖိုးသားဘက်က တကယ် မြတ်နိုးနိုး ချစ်ဖို့ပါ . . တခြားကောင်မလေးတွေကို စိတ်မပါဖို့"

"သက်တမျှလေးလဲ ဒေါ်လေးနဲ့ လာနေရတော့မှာပေါ့"

"အဲဒါကတော့ ဖိုးသား သဘောပေါ့ . . ဖိုးသား ထားတဲ့နေရာမှာ နေရမှာပဲ"





"လောလောဆယ်တော့ လူကြီးတွေက အိမ်ခွဲပေးမယ် မထင်သေးဘူး . . သူတို့အိမ်က အကျယ်ကြီးပဲဟာ . . ပြီးတော့ လူကလဲ ဘယ်နှစ်ယောက်မှ ရှိတာမဟုတ်ဘူး"

"အဲဒါတွေတော့ သမီးလဲ သိပ်မစဉ်းစားတတ်ပါဘူး ဒေါ်လေး . . ဖိုးသားပဲ စဉ်းစားရမှာပါ"

သက်တမျှ ပုံစံလေးက အေးချမ်းလွန်းလှ၏။ ဘာကိုမဆို သွေးအေးအေး ရင်ဆိုင်လိုက်မည်ဆိုသည့် သဘော။

"လေးလေးကတော့ သူ့ညီနှင့် သက်တမျှကို သိပ်သဘောတူနေပုံပဲ"

ဒေါ်လေးက ရယ်သံနှင့်ပြောသည်။

"ဒါကတော့ လေးလေးက ဒေါ်လေးပနဲ့ မယူခင်တတည်းက သက်တမျှတို့အပေါ် သံယောဇဉ်ကြီးခဲ့တာကိုး"

"ဟုတ်ပ . . အဲဒါတောင် ညည်းလေးက မလာဘဲ နေနိုင်သေးတယ် . . တစ်ခါမှကို ရောက်မလာဘူး"

"အတူတူလာနေရမှာပဲဟာ"

ဒေါ်လေးပ သက်တမျှ ပခုံးလေးကို ဖက်ထား၏။ ကိုကြီးလည်း သူမတို့အနား ရောက်လာသည်။

"ကဲ . . ပြန်ကြတော့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးပက စမေး၏။

"ပပ ပြန်ရင်ပြန်လေ . . နောက်မှလိုက်ခဲ့မယ် . . ကိုယ့် ခယ်မလေးနဲ့ စကားပြောချင်သေးတယ်"

ဒေါ်လေးပက တစ်ချက်ငြိမ်သွားပြီးမှ . . .

"ပြောလေ သွားမယ်ဆိုလှမ်းခေါ်လိုက် . . ပလဲ မေမေ နဲ့ စကားသွားပြောဦးမယ်"

ဒေါ်လေးပ ထွက်သွားတော့ ကိုကြီးက ဒန်းဘေးမှာ ရပ်သည်။

"လေးလေး ထိုင်ပါ"

သက်တမ္မျက ဆင်းပေးဖို့ပြင်တော့ ကိုကြီးကတား သည်။

"ဟာ . . ရပါတယ် . . သက်တမ္မျပဲထိုင်"

သက်တမ္မျလည်း မလှုပ်မယှက် ထိုင်နေဖြစ်သည်။

"သက်တမ္မျ ပျော်နေလား"

ကိုကြီးက စမေး၏။

"ပျော်နေတယ် ထင်တာပဲ"

"ဖိုးသားက အရမ်းတင်းတာကွ . . မေမေနဲ့သူ အပြင် ပြောရတာ . . ဒီကောင် သက်တမ္မျကို တကယ် မြတ်နိုးပုံပါပဲ"





"အင်းပေါ့ . . လူတစ်ယောက်ဟာ နှစ်ကြိမ်နှစ်ခါတော့ ဘယ်ကံဆိုးပါ့မလဲနော်"

ကိုကြီးက ခပ်နွမ်းနွမ်းပြုံးသည်။ ပြီးမှ . . .

"ဒါပေါ့ . . " ဟု ဆို၏။

သက်တမ္မျက လက်ကလေးနှစ်ဖက် တင်းတင်းပိုက်ထား ရင်း . . .

"အစကတော့ ကိုကြီးညီဆိုပြီး သက်တမ္မျ စိတ်နာတယ် ဒါပေမယ့် အခု ကိုကြီးက လေးလေး ဖြစ်နေပြီပဲ . . လေးလေး ရဲ့ညီ ဆိုတာကိုတော့ သက်တမ္မျ မခါးသီးပါဘူး"

"ကိုကြီးကို စိတ်နာတယ် ဟုတ်လား"

"နာတာပေါ့ ဘယ်သူမနာဘဲရှိမလဲ လေးလေးရယ် . . သက်တမ္မျမပြောနဲ့ မေမေရော ဖိုးသားတောင် သက်တမ္မျဘက် က နာကြသေးတာ . . သက်တမ္မျက ကိုယ်တိုင်ခံစားရတာ"

"အဲဒါတွေအတွက် ကိုကြီး တောင်းပန်ပါတယ်"

"ရပါတယ်လေးလေး . . လေးလေးက အမြဲတမ်း သက်တမ္မျကို စာပြပေးဖူးတဲ့ ဆရာပါ . . အဲဒီလိုပဲ သက်တမ္မျကို သင်ခန်းစာတစ်ခု ပေးခဲ့တယ်လို့ မှတ်ယူလိုက်ပါ့မယ်"

လေးလေးမျက်နှာက ညှိုးရိပ်သန်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်တမျှကို နောက်တစ်ခု ထပ်မှာထားချင်တယ်"

"ဘာလဲ လေးလေး . ."

"ဖိုးသားကို စိတ်ထဲကပါမှ လက်ခံပါ"

"အဟင်း . . ."

သက်တမျှက ခေါင်းမော့ရယ်သည်။

"လေးလေးရေ . . သက်တမျှ အဲဒီလောက် မရိုင်းဘူး ပြီးတော့ မမိုက်ဘူး . . ဖိုးသားကို လက်ထပ်ဖြစ်ရင် ဖိုးသားကို လက်ထပ်ချင်လို့ ဖြစ်မှာ . . တခြား ဘာအကြောင်းမှ ပူးတွဲပါလာမှာ မဟုတ်ဘူး"

"ဒါဆို သက်တမျှက ကိုယ့်ညီကို ချစ်ပြီဆိုပါတော့"

သက်တမျှက ဆံပင်လေးသပ်ရင်း လှပစွာပြုံး၏။ သူ့အပြုံးက ကြည်စင်တောက်ပလွန်းလှသည်။

"အဲဒါ ဖိုးသားသိဖို့ပဲ လိုတာပါ . . ဖိုးသားကိုပဲပြောရမှာ တခြားလူတွေသိဖို့ လိုမှမလိုဘဲ လေးလေးရယ်"

သည်တစ်ခါတော့ ကိုကြီးက အားရကျေနပ်လှသည့်အသံဖြင့် အော်ရယ်သည်။

"ကဲ . . ကိုကြီး သွားမယ်"

"ဟုတ်ကဲ့"





ကိုကြီးက နှုတ်ဆက်ရင်း ဒန်းလေးကိုပါ လွှဲပေးသွားသည်။

အကျင့်ဟောင်းလေးကို မပြင်နိုင်သေးတဲ့ အဓိပ္ပာယ်မဲ့လူသား ကိုကြီးရယ်။

သက်တမျှ ခေါင်းငုံ့လိုက်တော့ မျက်လုံးထဲ မျက်ရည်တွေ ဝေ့တက်လာသည်။

ဖိုးသားရယ် . . နင့်ကိုလေ ကိုကြီးထက် အဆပေါင်းများစွာပို ချစ်လာအောင် ကြိုးစားမှာပါ။

အမှန်တော့ နင်က ကိုကြီးထက် လေးစားစရာ ကောင်းတယ်။ အားကိုးစရာကောင်းတယ်။

အတ္တလည်းမရှိဘူး . . ငါ့နှလုံးသားကိုလည်း နာကျင်အောင် မနှိပ်စက်ဘူး။

တကယ်ချစ်ရမှာက နင့်ကိုပါ ဖိုးသားရယ်။

သက်တမျှ နားလည်ပြီးပါပြီ။ ဖိုးသားကိုလည်း ချစ်ပါပြီ။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

ကက်ဆက်လေးကို ဖိနှိပ်လိုက်တော့ 'ဟေမာနေဝင်း' သီချင်းလေးက ခါတိုင်းလိုပဲ ချိုသာငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။

ဟိုနေ့တွေ ဟိုနေ့တွေတုန်းကတော့ သည်သီချင်းလေး ဖွင့်ပြီး မျက်ရည်ကျခဲ့တာ အမှန်ပါပဲ။

ကိုကြီး လက်ထပ်မည့်ရက်မတိုင်ခင် နေ့တွေကပေါ့။

ခုတော့လည်း သည်သီချင်းလေးကို ခပ်အေးအေး နားထောင်နိုင်ခဲ့ပြီ။

"အိပ်မက်တွေ မယုံကြည်နိုင်အောင် ပျက်ပြယ်ခဲ့ ...





...တမ္ဘာမှာ ဘာတွေ ဖြစ်ကုန်ပြီလဲနော် ..."

အချစ်ကို ယုံယုံကြည်ကြည် ကိုးကွယ်လည်း .. မယုံနိုင် ...ရော .. ဒီအချစ်များက အလကားပဲ ..

အသည်းနှလုံးများ အစိပ်စိပ်ကွဲကြေလွင့်သွားခဲ့ .. သူ ...ကယ်ပဲ ရက်စက်နိုင်တာ ဘာကြောင့်လဲ ..

ရှုံးလောက်တဲ့ အဖြစ်အပျက်မျိုးပဲ အချစ်ရေ .. ကိုကို ...ရ မင်းရဲ့ အချစ်ဟာ ဒါပဲလား ..

အားလုံးပဲ ဆုံးရှုံးရတဲ့နောက်မှာတော့ .. ရှုံးတော့မယ့် ...ဆဲပဲပေါ့ ချစ်သူရေ ...

လောကရဲ့ သစ္စာတရားများ ပျောက်ကွယ်ပြီ .. ကိုယ် ...လေ အသက်ရှိရက်နဲ့ သေခဲ့ပြီ ...

အချစ်မရှိတဲ့ဘဝမှာ .. မနေချင်တော့ဘူး အချစ်ဦး.. ...ဝမှာ အရာရာဟာ ပြည့်စုံပြီ .. အကြင်နာတွေကိုယ်ပိုင်ရပြီ ...င်ထားခဲ့ .. အချစ်တွေ .. အကြင်နာတွေဟာ အတု ...ယောင်မှန်း .. ရင်နာစွာကိုယ်လေသိပြီ .. အချစ်ဦးရေ ..

အသည်းနှလုံးများ အစိပ်စိပ်ကွဲကြေ.. လွင့်သွားခဲ့.."

ချောက်ခနဲ ကက်ဆက်ပိတ်သံနှင့်အတူ သီချင်းသံ ...သွားတော့ အံ့ဩမိရင်း ထိုးလက်စ ပန်းခိုင်လေးတွေ ...တ်သားနှင့် လှည့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ."

ခပ်တင်းတင်း ရပ်ကြည့်နေသူက ဖိုးသား။

"လွမ်းကောင်းတုန်း ကြွေကောင်းတုန်းဆိုပါတော့"

ရိုတိုတိအမေးက ကြောတော မောတော။

သက်တမျှ မယုံနိုင်သလို သူ့ကို ငေးနေမိရင်း လက်ထဲက ပန်းခိုင်လေးတွေကိုတောင် မေ့လျော့နေမိသည်။

ညှော်ခန်းစားပွဲပေါ် တင်ထားသော ပန်းအိုးလေးထဲ ပန်းအရောင် လဲလှယ်နေတာ။

အဝါပန်းခိုင်လေးတွေနဲ့ အနီပန်းခိုင်လေးတွေ စိုက်ထားတာ မျက်စိထဲ သိပ်မလှဟုထင်တာမို့ အဖြူလေးနှင့် ခရမ်းရောင် တွဲစပ်ထိုးဖို့ ပန်းခိုင်လေးတွေ ဖြုတ်နေတာ။

ဖိုးသားက အမဲ့စွက်လျက်ပြုံး၏။

ကြည့်ရတာ အကြီးအကျယ် မကျေမနပ်ဖြစ်နေပုံ။

"ကက်ဆက်ကို ဘာလို့ ပိတ်လိုက်ရတာလဲ"

"ဘာလဲ . . ခင်ဗျား လွမ်းခန်း ပြတ်သွားလို့လား"

"ဘာလွမ်းခန်းလဲ"

"ဘယ်သိနိုင်မလဲဗျာ"

"ဖိုးသား ဘာတွေစွပ်စွဲနေတာလဲ"





"အမယ်လေး. . မစွပ်စွဲရဲပါဘူး. . ဒါပေမယ့် ခုလောက်ဆို အားနာပါးနာနဲ့ အလွမ်းတွေ ရင်ထဲမှာထားတော့မယ် ထင်တာ. . ကြေကွဲပွင့်တွေ ကြွေနေတုန်းကိုး"

"ဟင် . ."

ဖိုးသားစကားတွေက သိပ်လွန်ကဲလာသည်။

"မနေ့ညနေတုန်းကလည်း ဒန်းလွဲပေးနေတာ မြင်ရတယ်"

သက်တမျှ ဆတ်ခနဲ မတ်တတ်ရပ်လိုက်သည်။

"ဖိုးသား"

အေးစက်ပြတ်သားလွန်းသော အသံလေးက ကြောက်စရာကောင်းအောင် တင်းမာနေ၏။

"ပြန်တော့"

တစ်ခွန်းတည်းသောစကားက အခွန်းတစ်ရာမကဆဲဆိုလိုက်သလို ခံရခက် နာကျင်စေသည်။

"အင်းလေ. . မုန်နေတော့ နာမှာပေါ့"

ဖိုးသားက မချိပြုံးနှင့် မှတ်ချက်ချ၏။

"ဖိုးသား . . နင်မစော်ကားနဲ့"

သက်တမျှ သူ့အရှေ့ကို လွှားခနဲ ရှောက်သွားတော



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးလေးတထိုးထိုးနှင့် မကျေမနပ် ပြောမိသည်။

"ပြန်တော့လို့ ပြောနေတယ်"

"ကြိုဆိုပုံက သင်းလှချည်လား"

"လာကတည်းက ချိုကြီးနှစ်ဘက် ထိုးကားလာတာ ထည့်ပြောဦး"

"အဲဒါ ချစ်လို့ ဖြစ်ရတာပဲ"

"သက်တမျှကို အရမ်း ထိပါးလွန်းတယ်"

"ဆောရီးပဲ. . လွမ်းနေတာ မဟုတ်လား"

"ဘာကို လွမ်းရမှာလဲ"

"မသိဘူး"

"ယောက်ျားပဲ . . ပြတ်ပြတ်သားသားပေါ့"

သက်တမျှက စိန်ခေါ်သလိုလေး ကြည့်လိုက်၏။

"အေး . . အပြတ်ပဲပြောမယ် ကိုကြီးနဲ့ ကင်းကင်းနေ

သက်တမျှက ခေါင်းမော့ရယ်သည်။ ပြီးတော့ . . သူ့ ကျောခိုင်းလိုက်၏။

"အဲဒါကြောင့် နင်တို့မိသားစုထဲ ငါ မဝင်ချင်တာပါ

ခပ်အေးအေးပြောပြီး စားပွဲဘေးမှာ သွားထိုင်သည် ပန်းခိုင်လေးတွေကို ပြန်ကောက်ယူရင်း . . .





"နင့် သဘောပါ . . နင် ဆုံးဖြတ်လေ. . အခု နောက်ဆုတ်ချင်ရင် ရသေးတာပဲ"

အေးတိအေးစက်အပြောက ဖိုးသားရင်ကို လောင်မြိုက်စေသည်။

"ခင် . . ."

ဖိုးသားက ဝုန်းခနဲ အနားရောက်လာပြီး ထိုင်နေသော သက်တမျှကို ပခုံးနှစ်ဖက်မှ ဆုပ်ကိုင်ဆွဲယူကာ မတ်တတ်ရပ်စေသည်။

ဖိုးသားမျက်နှာကိုကြည့်ပြီး သက်တမျှ တုန်လှုပ် သွားရသည်။ ခုလောက် ဒေါသဖြစ်သွားလိမ့်မည်ဟု လုံးဝ မထင်ထားခဲ့။

"ရက်စက်လိုက်တာခင်ရယ်. . ပြောထွက်လိုက်တာ. ငါ့တို့ မကြာခင်လက်ထပ်ရတော့မယ့် ခင်ပွန်းလောင်းဆိုပြီး ညှာတာတာတွေ. . နူးညံ့တာတွေ. . လေးစားတာတွေ မရှိရင်နေပါ. . ဒီလောက် ရင့်သီးရိုင်းပျတဲ့ ဆက်ဆံမှုတွေတော့ မရှိသင့်ပါဘူးဟာ"

သက်တမျှ သူ့မျက်နှာကို မော့ကြည့်ရင်း ကြောင်အနေမိသည်။

"ငါ့ရင်ထဲမှာ ပူလောင်လွန်းလို့ စိတ်အေးလွန်းလို့ .

www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းလို့ပြောတာ. . ငါ စိတ်သက်သာရာရောက်အောင် နေသာသွားအောင် နှစ်သိမ့်မှုလေးတစ်ခွန်းတစ်လေတောင် နှင့် မပြောဘူးနော် ခင်”

ဖိုးသားက နာနာကြည်းကြည်း မေးသည်။

“ဟင့်အင်း”

သက်တမ္ဘ မျက်လုံးလေး ဝိုင်းစက်ရင်း ခေါင်းရမ်းမိ၏။

“မဟုတ်ပါဘူး . . မဟုတ်ပါဘူး . . ခင် . . ခင် အဲဒီလို ရိုင်းပျတာ မဟုတ်ပါဘူး”

သက်တမ္ဘ ကြောက်လန့်တကြား ငြင်းသည်။

ဖိုးသားက မေးကြောကြီးတွေ ထောင်နေအောင် ဒေါသကြီးနေတုန်း။

သက်တမ္ဘ သူ့ကို မရဲတရဲကြည့်ကာ ပန်းလေးတွေ နာ လာတာပင် မရှုန်းရဲ မလှည့်ရဲ။

သူက ဒေါသတကြီး ဆုပ်ကိုင်ထားတာမို့ တင်းကြပ် နာကျင်နေရတာအမှန်။

တုန်တုန်လှုပ်လှုပ် အယောင်ယောင် အမှားမှားနှင့် သက်တမ္ဘကိုယ်တိုင် သူခေါ်သလို “ခင်” ဟု ထည့်သုံးလိုက်မိတာ ပဲကြည့်။





သူက သက်တမ္ဘကို မမြင်ဘူးသူလို ငေးနေ၏။

“ဖိုးသား . . အား . . နာနေပြီ”

သက်တမ္ဘ ရေရွတ်မှ သူက သတိဝင်သလို လက်တွေကို ဖြေလျှော့လိုက်၏။

“ဖိုးသားက စလာကတည်းက ရန်လုပ်တာကိုး”

သူ့ရင်ခွင်ထဲ ဇွတ်တိုးဝင်ကာ မျက်နှာလေး ဖွက်ထား မိရင်း လုံခြုံမှုရှာမိသည်။

မျက်လုံး စိမ်းစိမ်းကြီးတွေနှင့် ခပ်စူးစူး ကြည့်နေတာကို ဘယ်လိုရင်ဆိုင်ရမှာလဲ။

ဖိုးသားက မလှုပ်မယှက် ခပ်တင်းတင်း ရပ်နေတုန်း . .

သူ့ရင်ခွင်ထဲ တွယ်ကပ်နေသော သက်တမ္ဘကို ခပ် တည်တည် ငုံ့ကြည့်သည်။

“ဖိုးသား”

သူ့ကျောပြင်ကို ဖက်တွယ်ထားရင်း တိုးသက်သက်ခေါ် တော့မှ ခပ်ဖြည်းဖြည်း ခေါင်းငုံ့ချလာကာ သက်တမ္ဘကို တင်းတင်းကြပ်ကြပ် ဖက်ထွေးလာ၏။

“ဖိုးသားလို့ မခေါ်နဲ့”

ဖိုးသားအသံက ခုထက်ထိ မာထန်နေတုန်း။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်မှာပဲ . . ခေါ်မယ်"

သက်တမျှ စိတ်ဆတ်လာရသည်။

"မခေါ်ရဘူး"

"ခေါ်မယ် . . မကျေနပ်လဲ မတတ်နိုင်ဘူး"

"မရဘူး . . မောင်လို့ခေါ် . . မခေါ်ဘူးလား ပြော"

"ဟင့်အင်း"

"ပြီးရော"

ဖိုးသားက မျက်နှာကြီး အတင်းငုံ့ချလာသည်။

"ခေါ်မယ် . . ခေါ်မယ်"

"ခုမှ မရတော့ဘူး"

သက်တမျှ ဖိုးသားအကျီမှာ မျက်နှာကို အတင်းဝှက်ကပ်ထားမိသည်။ လုံးဝ မလှုပ်ရဲတော့။

ရင်ထဲမှာ ဝုန်းဒိုင်းကြဲအောင် လှုပ်ခတ်နေတာ ခတ်သည်။

၀ ၀ ၀



"လိုက်ခဲ့ပါလား . . ဖိုးသားက ညမှပြန်လာမှာ . . ဒီမှာလဲ ဘယ်သူမှရှိတာမဟုတ်ဘူး . . ပြီးတော့ ဒေါ်လေးပတို့နဲ့ ရုပ်ရှင်ကြည့်နေကြတာ"

သက်တမျှ တစ်ချက်စဉ်းစားမိသည်။

"မလိုက်တော့ပါဘူး ဒေါ်လေးပရာ"

"ဘာလို့လဲ သက်တမျှရဲ့"

"ပျင်းလို့ပါ . . လိုက်လဲမလိုက်ချင်ဘူး"

သက်တမျှက ခေါင်းခါငြင်းဆန်သည်။

သည်နေ့ကျမှ ဖိုးသားကလည်း အလုပ်တွေရှုပ်နေလိုက်တ



www.burmeseclassic.com

www.burmeseclassic.com



တာ။ မင်္ဂလာရက် နီးလာပြီမို့ ဖိုးသား ပိုပြီးပင်ပန်းသည်။

ဘာလေးပဲဖြစ်ဖြစ် ကိုယ်တိုင်လိုက်ပါ လုပ်ကိုင်နေတာမို့ ပြီးတော့ သက်တမျှကိုလည်း သက်တောင့်သက်သာ ဘာတာဝန်မှ မရှိစေဘဲ အေးအေးငြိမ်းငြိမ်း ရှိစေတာမို့ အရမ်းစိတ်ပန်းလူပန်း ဖြစ်နေသည်။

ပြီးတော့ ဖိုးသားက အလုပ်လည်း ပိုကြိုးစားသည်။

ဖိုးသား ခုလို အလုပ်ရှုပ်နေချိန်မှာ သက်တမျှ ရုပ်ရှင်သွားမကြည့်ချင်ပါ။

သွားကြည့်လျှင်တော့ ဖိုးသားပါ ပါမှ။ ဖိုးသားမပါဘဲ ဒေါ်လေးပတို့ ကိုကြီးတို့နှင့် လိုက်မသွားချင်။

အိမ်မှာ ပျင်းနေတာမှန်ပေမယ့် သူတို့နှင့် ရုပ်ရှင်လိုက်ကြည့်လဲ ပျော်မှာမှ မဟုတ်တာ။

ဖိုးသားလည်း ကြိုက်ချင်မှကြိုက်မှာ။ အထူးသဖြင့် ကိုကြီးတို့နှင့် အတူလိုက်သွားတာမျိုး ဖြစ်စေချင်မှာ မဟုတ်ပါ။

"ခါတိုင်းလဲ သွားနေတာပဲ. . တစ်ခါတစ်လေပဲ လိုက်ခဲ့ပါလား"

ဒေါ်လေးက ထပ်ခေါ်သည်။

"သက် မလိုက်ချင်ပါဘူး ဒေါ်လေးရယ်"

"ဘာလဲ ဖိုးသား မပါလို့လား"





သက်တမျှက ရှက်ပြုံးကလေး ပြုံးလိုက်၏။

"ဖိုးသားက ဖုန်းဆက်မယ် ပြောသွားလို့လား"

"ဟင့်အင်း. . မပြောပါဘူး . . ဒါပေမယ့် ကိစ္စရှိရင်တော့ သူ ဆက်တတ်တာပဲ"

"ကဲပါ. . ထ ဒေါ်လေးပတို့အိမ်ဘက်လိုက်ခဲ့ . . ဒေါ်လေးပတို့သွားမှ ပြန်လာလေ. . လာ"

ဒေါ်လေးပက လက်ဆွဲခေါ်တော့ သက်တမျှ ပါလာရသည်။

ဘွားက ခပ်လှမ်းလှမ်းမှ အပြုံးအေးအေးနှင့် ကြည့်နေ၏။

ဖိုးသားတို့ အိမ်ရောက်တော့ ဒေါ်လေးပက ရေမိုးချိုးပြင်ဆင်နေတာမို့ သက်တမျှ တစ်ယောက်တည်းပဲ ဧည့်ခန်းမှာ နေနေရသည်။

ဒေါ်လေးပက အစတုန်းကလို မဟုတ်တော့ဘဲ အိမ်ထောင်သည်ဖြစ်နေပြီမို့ အခန်းထဲအထိ လိုက်ဝင်သွားလို့ မသင့်တော်ပြန်။

"ဩော် . . . သက်တမျှ"

ကိုကြီးက ဧည့်ခန်းကို ထွက်လာတာမို့ သက်တမျှကို မြင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်တမျှရော လိုက်မှာလား"

"ဟင့်အင်း . . "

"မလိုက်ဘူး . . ဟုတ်လား"

ကိုကြီးက အံ့အားတသင့်ဖြစ်သွားပုံ။

"သက်တမျှ မကြည့်ချင်ဘူး"

"တစ်ခါတစ်လေပဲကွာ . . ပျင်းနေရင်လိုက်ခဲ့ပေါ့"

"မပျင်းပါဘူး"

"ဘာလဲ . . ဖိုးသားလာရင် လွဲမှာ စိုးလို့လား"

"မဟုတ်ပါဘူး"

ကိုကြီးတို့ ဒေါ်လေးတို့က စချင်သည်မို့ မလုံမလဲလေး ပြုံးရသည်။

ဖိုးသားရယ် . . ဖိုးသားမပါဘဲ သက်တမျှက သူတို့နဲ့ လိုက်သွားမှာတဲ့လား . . ဘယ်တော့မှ ဖြစ်မလာနိုင်တော့တဲ့ အခြေအနေတစ်ရပ်ပါ။

"သက်တမျှက နောက်ဆို ဒီမှာလာနေရမှာကွ . . မေမေတ သားအငယ်ကို သူ့ရှေ့မှာပဲထားမယ် ပြောနေတာ"

သက်တမျှ မျက်လွှာချမိရင်း . . .

"ဖိုးသား ပြောပါတယ်"





"သက်တမျှကရော ကျေနပ်ရဲ့လား"

"ဖိုးသား သဘောပါ"

သက်တမျှအဖြေကို ကိုကြီးက မျက်ခုံးပင့်အံ့သြသွားသည်။

"သက်တမျှက အလိမ္မာတုံးလေးပဲ"

"လိမ္မာတယ်ဆိုတာ သိပ်ခက်တဲ့ အလုပ်ပဲနော်"

"ဒါဆို ဖိုးသားဆန္ဒကို လိုက်လျောချင်လို့သာ လာနေရမှာပေါ့ ဟုတ်လား . . သက်တမျှက မနေချင်ဘူးပေါ့"

"ဟုတ်တယ် . . ဖြစ်နိုင်ရင် လေးလေးတို့နဲ့ ဝေးဝေးပဲ နေချင်တာ . . ဖိုးသားဆိုတာ လေးလေးညီအရင်းပါလို့ အမြဲ မြင်နေတော့ အတွေးရောက်ပြီး ဖိုးသားအပေါ် ယုံကြည်မှု လျော့ လာမှာ စိုးတာပါ . . ဖိုးသားကို ယုံချင်တယ်"

သက်တမျှစကားကြောင့် ကိုကြီးမျက်နှာပျက်သွား၏။

ဒေါ်လေးပက အနားရောက်လာတာမို့ စကားစလည်း ပြတ်သွားရသည်။

"အားလုံး အဆင်သင့်ဖြစ်ပြီ . . ရှင်လေး မလိုက်တာ သေချာရင်လဲ ကျုပ်တို့ သွားတော့မယ်"

"သွားလေ . . သက်တမျှ တကယ် မကြည့်ချင်လို့ပါ"

"သိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သက်တမ့် ပါးလေးကို ဖွဖွဆွဲရင်း ဒေါ်လေးပက ပြောတော့ ကိုကြီးပါ ပြုံးနေ၏။

"ကဲ . . လာ . . ခြံထဲအထိ ပြန်ပို့ပေးပါ့မယ်"

"ဟာ . . ရပါတယ် မဟုတ်တာ . . ဒေါ်လေးတို့ သွားကြပါ . . သက်တမ့်ဘာသာ လျှောက်သွားလိုက်ပါ့မယ်"

သက်တမ့်က ဒေါ်လေးပတို့ကားလေး ခြံထဲက ထွက်သွားမှ ခြံတံခါးကို ကောင်မလေး ခေါ်ပိတ်ခိုင်းကာ အိမ်ဘက်ပြန်လာခဲ့သည်။

"ဟောတော့ . . မြေးလေးက ပပတို့နဲ့ ရုပ်ရှင် လိုက်မကြည့်ဘူးလား"

ညှော့ခန်းထဲရောက်တော့ ဘွားက ဆီးမေးသည်။

"ဟင့်အင်း ဘွား မကြည့်ပါဘူး . . ဒေါ်လေးပနဲ့ ခဏလိုက်သွားတာ . . ဒေါ်လေးပ အတင်းခေါ်တာနဲ့"

"ဒုက္ခပါပဲတော် . . ကျုပ်က ဖိုးသား ဖုန်းဆက်တော့ ပြောလိုက်ပြီ . . မရှိဘူး ရုပ်ရှင်သွားကြည့်ကြပြီလို့"

"ဟင် . . ."

သက်တမ့် 'ဟင်' ခနဲ ဖြစ်ရသည်။

"ဘယ်တုန်းက ဆက်တာလဲ ဘွား"





"ခုနပဲ ဒေါ်လေးပတို့ လေးလေးတို့နဲ့ ရုပ်ရှင် လိုက်သွားတယ်လို့ဆိုတော့ ဘာမှမပြောဘူး"

"ဖိုးသား စိတ်ဆိုးသွားလား မသိဘူး"

"အဲဒါ စိတ်ဆိုးစရာလား"

"ဘွား မသိပါဘူး"

သက်တမ့် မျက်နှာလေး ငယ်သွားရင်း အပေါ်ထပ်တက်လာခဲ့သည်။

ဖိုးသားရယ်။ သွားလည်းမသွားရဘဲ အထင်မှားခံရတယ်။ သက်တမ့် သွားနေချိန် ခဏလေးမှာ ဖုန်းဆက်ရသလားလို့။

သည်နေ့ တစ်မနက်လုံးဖိုးသားကို အရမ်းတွေ့ချင်သည်။ သတိရသည်။ ဖိုးသားကို လွမ်းနေတာ။

ဖုန်းဆက်ရင် ကောင်းမှာဟုလည်း ထိုင်မျှော်နေမိတာ။ ကြံဖန်လွဲရတယ်လို့။

စိတ်ထဲမကောင်းနိုင်တော့။

ဒရင်းဘက်ပေါ် လှဲချကာ သက်ပြင်းရှိုက်မိသည်။

ခြံထဲ ကားဝင်လာသံ စူးခနဲကြားရတော့ မေမေတို့ပြန်လာတာပဲဟုထင်ကာ ကမန်းကတန်း ပြေးဆင်းလာခဲ့သည်။

"ဟင် . ."



www.burmeseclassic.com

www.burmeseclassic.com



သံပန်းတံခါးကို ထွင်းဖောက်ပြီး ရပ်ထားသောကား ဘေးမှာ လှမ်းမြင်လိုက်ရတာက ဖိုးသား။

ဖိုးသားက ခပ်တင်းတင်း လှမ်းကြည့်နေ၏။

သံပန်းတံခါးကို ဆွဲတင်ကာ သက်တမျှ သူ့ဘေးနား အရောက် ဆင်းလာမိ၏။

သည်လောက် ချက်ချင်းကြီးပဲ ရောက်လာရသလား ဘယ်လိုအစီအစဉ်တွေနှင့် ရောက်လာတာပါလိမ့်။

"ရုပ်ရှင်လိုက်သွားတယ်ဆို . ."

"ဘွား မသိဘဲ ပြောလိုက်တာပါ"

"အဲဒါဆို ကျုပ် ဖုန်းဆက်တုန်းက ခင်ဗျား ဘယ်မှာလဲ"

"ဒေါ်လေးပ လာခေါ်လို့ ခဏလိုက်သွားတာ"

"ရှုပ်ကို ရှုပ်တယ်"

ပုပ်သိုးနေသော မျက်နှာတင်းတင်းက ရယ်တော့ ရယ်ချင်စရာ။ သို့ပေမယ့် သက်တမျှ ပြုံးတောင်မပြုံးရဲ။

"ဖိုးသားကို အရမ်း သတိရနေတာ"

ထစ်ထစ်ငေါ့ငေါ့ စကားလေးတွေကို ဖိုးသားက အံ့သြ[illegible]

"မယုံဘူး . . ကျုပ်ဆီ ဘယ်တုန်းက ဖုန်းဆက်ဖူးလဲ"

"ဘယ်တုန်းက ရောက်လာဖူးလဲ"





သက်တမျှ နှုတ်ခမ်းလေးစူသွားရင်း ကျောခိုင်းလိုက်သည်။

"ဟိတ် . . ဟိတ် . . ဒါက ဘာသဘောလဲ"

သူက သက်တမျှ လက်မောင်းလေးကို ဖမ်းဆွဲထား၏။

"မယုံရင် နေတော့ . . သက်တမျှကိုလွှတ်"

"ဟာ . . စတာပါကွာ ယုံပါတယ် . . အလကားစတာ"

သက်တမျှရှေ့မှာ လာရပ်ပြီး ကာထား၏။

"ကျုပ် သမ္မတရုံကို ရောက်ခဲ့သေးတယ် . . ခင်ဗျားကို တွေ့ရင် ပြဿနာရှာမလို့ . . မတွေ့လို့ပေါ့"

သက်တမျှ မျက်လုံးပြူးလေးနှင့် မော့ကြည့်မိသည်။

"ဒေါ်လေးပတို့နဲ့ တွေ့ခဲ့တာပေါ့"

"မတွေ့ပါဘူး . . အခုဝင်လာမှ လမ်းမှာ တွေ့လိုက်တာ ကားထဲသေချာကြည့်တော့ ခင်ဗျား မပါဘူး"

"သူတို့နဲ့ ဘာသွားလုပ်ရမှာလဲ"

"မသိဘူးလေ ခင်ဗျား ဆင်ခြင်ဉာဏ်နည်းသလားလို့"

"ဖိုးသားနော် မခံချင်အောင် မပြောနဲ့"

ဖိုးသားက သက်တမျှ မေးစေ့လေးကို ဖျစ်ညှစ်ပင့်ရင်း-

"စတာ ကဲ . . ဘယ်သွားချင်လဲပြော"



www.burmeseclassic.com

www.burmeseclassic.com



"မသွားချင်ပါဘူး"

"ဟောဗျာ . . မပျင်းဘူးလား"

သက်တမျှက လှပစွာ ပြုံးသည်။

"ဖိုးသားရှိနေတာ ပျင်းမလား"

ဖိုးသားက သူမပခုံးလေးကို လှမ်းဖက်ထား၏။

"ထမင်း စားပြီးပြီလား"

"နိုး . . ."

"စားမလား"

"စားမှာပေါ့"

"အဲဒါဆို ခူးလိုက်တော့မယ်"

"ခဏနေဦးကွာ"

ဖိုးသားက မလွှတ်ချင်သေးသလို ဆွဲထား၏။

ပြီးတော့ ခုံမှာ ထိုင်စေသည်။

သက်တမျှ သူ့ရင်ခွင်ထဲတိုးဝင်ရင်း ငြိမ်သက်နေမိသည်။

"မနက်ကတည်းက သတိရနေတာ"

သက်တမျှ ပြောပုံလေးက စူတူတူစူတူနှင့် ရှက်ရိပ်လည်း စွန်းထင်းနေတော့ ဖိုးသားရယ်သည်။

"လာမလို့ပါကွာ . . အလုပ်တွေများနေတာနဲ့"





"သိပါတယ် . . ပစ်ထားတာ နားလည်ပြီးသား"

"ဟာ . . မဟုတ်တာ . . အဲဒါဆို ခုလို မောကြီးပန်းကြီး ပြေးလာမလားကွ . . စောစောကလဲ ဖုန်းဆက်သေးတယ် . . အဆင်သင့်လုပ်ထား . . အပြင်သွားဖို့လာခေါ်မယ်လို့ ပြောမလို့တာ"

"တကယ်"

"ညာစရာလား . . အဲဒါ ညာပြောစရာလား"

ဖိုးသား စိတ်တိုတော့ သက်တမျှ တခစ်ခစ်ရယ်သည်။

"ဘာရယ်တာလဲ"

ဖိုးသားက ခေါင်းငုံ့လာတော့ သက်တမျှ အရယ်တန့်သည်။

ဖိုးသားနှင့် မျက်လုံးချင်းဆုံမိရင်း အကြာကြီး ငြိမ်သက်တိတ်ဆိတ်သွားရ၏။

ဖိုးသားက သက်တမျှကို ကြည့်မဝသလို ခပ်စူးစူးစေးစိုက်ကြည့်နေသည်။

"ချစ်လားဟင် . . မောင့်ကို ချစ်ရဲ့လား"

တိုးရှုရှု သူ့အမေးက ရင်ထဲကို ရမ်းခါစေသည်။ သူ့အကြည့်မှာ ပါးလေးမှေးကပ်ထားရင်း မျက်လွှာလှန်ကြည့်နေမိရာမှ မျက်လွှာချဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားက မေးစေ့လေးကို ဆွဲမော့စေသည်။ သက်တမျှ မျက်လုံးတွေထဲ စိုက်ကြည့်ကာ ထပ်မေး၏။

"မောင့်ကို ချစ်လား"

"မသိပါဘူး . . ဒါပေမယ့် အရမ်းသတိရတယ်"

"ခင်ရယ် . ."

ဖိုးသားက သက်တမျှပခုံးလေးကို ခပ်တင်းတင်း ဖက်ထား၏။

"မောင်ကတော့ သိပ်ချစ်တယ် . . ခင့်ကို မပိုင်ဆိုင်ရမှာ စိုးရိမ်နေတာ . . ခင်က ကိုကြီးကို သိပ်ဦးစားပေးနေတော့ မောင် မပျော်ဘူး"

သက်တမျှ ပါးပြင်လေးကို ဖိကပ်နမ်းရှိုက်ရင်း ခံစားရတာတွေ ရင်ဖွင့်နေ၏။

"ခု အချိန်ထိလဲ မောင် စိတ်မအေးဘူး . . ခင့်ကို စိတ်မချဘူး . . မောင်ယုံကြည်ထားပါရစေကွာ"

သက်တမျှက သက်ပြင်းချလိုက်သည်။

"ကိုကြီးအပေါ် သံယောဇဉ်ကြီးခဲ့တာ မှန်ပါတယ် . . ဒါပေမယ့် အခုအချိန်မှာ ဖိုးသားက သက်တမျှချစ်သူပါ . . ဖိုးသားအပေါ် သစ္စာရှိပါတယ် . . အဲဒါ ယုံပါ"





"အဲဒီလိုပဲ ယုံထားချင်တာပါ"

"ယုံထားပါ ဖိုးသားရယ် သက်တမျှကို ဒီလောက်ချစ်တဲ့ လူကိုမှ သက်တမျှက သစ္စာဖောက် ရက်စက်သွားလဲ လွမ်းမနေပါနဲ့တော့ . . ဖိုးသားမေတ္တာတွေနဲ့ မတန်တဲ့ မိန်းမလို့ပဲ သဘောထား မုန်းလိုက်ပါတော့"

သက်တမျှ ပြောပုံလေးက ရင်ထဲ အေးသွားစေသည်။

"မောင် ဘယ်တော့မှ မုန်းလို့ရမှာ မဟုတ်ဘူး"

"သက်တမျှ ယုံပါတယ်"

ဖိုးသား လက်တစ်ဘက်ကို ဆုပ်ကိုင်ကာ ပါးပြင်လေးနှင့် ကပ်ထားမိသည်။

"ဖိုးသားအပေါ် ရိုးမှုမိခဲ့တာ . . လွန်ခဲ့မိတာတွေ အားလုံး တောင်းပန်ပါတယ် . . သက်တမျှ နောက်ဆို ဖိုးသားကို သိပ်ချစ်လာမှာပါ"

"သေချာရဲ့လား"

"သေချာသလောက်ပါပဲ"

ဖိုးသားလည်ပင်းကို သိုင်းဖက်ကာ သက်တမျှ ကြည်နူးနေမိသည်။

ကိုကြီးရေ သက်တမျှ အံ့ဩနေပြီ။ ကိုကြီးညီ ဖိုးသားကို



www.burmeseclassic.com

www.burmeseclassic.com



သက်တမ္ဘ ချက်ချင်းလက်ငင်းကြီး ခုလောက်အထိ သံယောဇဉ်တင်းသွားမိပြီနော်။ ဘေးလူတွေ ယုံမှာတောင် မဟုတ်တော့ပါဘူး။

"ခင် . ."

"ဟင် . ."

"ခင်က အရမ်းစွာတော့ စလို့ သိပ်ကောင်းတာ"

"ခုမှ မစွာတော့တာ"

"ဟုတ်တယ် . . အခုလိုကျတော့လဲ ရိုးရိုးသားသားလေး ဒီလောက် သိမ်မွေ့ယဉ်ကျေးလိမ့်မယ်လို့ မထင်တောင် မထင်ရဘူး"

ဖိုးသားက သက်တမ္ဘ မျက်နှာလေးကို ခဏခဏ ငုံ့နမ်းရှိုက်တာမို့ မနေတတ်သလို မျက်နှာလေး ထူအမ်းလာရသည်။

"ဟင့်အင်း"

ကြာတော့ မွန်းကျပ်လာသလို ခံစားရကာ ငြင်းဆန်မိသည်။

"အရမ်းချစ်တာပဲ မောင်ရယ်လို့ ပြောပါလား"

"ပြောချင်လာရင် သူ့ဟာသူ ပြောမှာပေါ့"

"အခု ကြားချင်တာ"





"ဟင့်အင်း ပြောချင်မှပဲ ပြောမယ်"

"ဟာကွာ. . ဆိုးကိုဆိုးတယ်"

"မဆိုးဘဲ ဆိုးတယ်ပြောရင် တကယ်ဆိုးမှာ"

ဖိုးသားက တစ်ချက်ငိုင်သွား၏။

"ဟုတ်တယ်နော် ခင်က ကိုကြီးအပေါ် ဆို အရမ်း နွဲ့ဆိုး ဆိုးတတ်တယ် . . တခါတလေ အရမ်း အနိုင်ကျင့်တာ . . ."

"ဘာလဲ ဖိုးသားက အဲဒါကို တေးမှတ်ထားနေတာလား"

"မဟုတ်ပါဘူး"

"အကြိမ်တစ်ရာ အနိုင်ယူခဲ့ရင်တောင် ကြေပါပြီ ဖိုးသားရယ် . . ကိုကြီးလုပ်ရပ်တစ်ခုတည်းနဲ့တင် ရကျေသင့်ပါပြီ"

"ဟုတ်တယ်. . ခင့်ကို အရမ်းအားနာမိတယ် . . အစတတည်းက ချစ်နေတာဆိုတော့ အားလဲပေးချင်တယ်"

ဖိုးသားက တငေးတမောလေးနှင့် ရှင်းပြသည်။

ဖိုးသားရင်ခွင်မှာ မှီချရင်း သက်တမ္ဘ သက်ပြင်း ကြိတ်ချသည်။

အထင်လွဲ အမြင်လွဲဖြစ်မှာမျိုးတောင် စိုးပါတယ် ဖိုးသားရယ်။

အမြဲတမ်း သတိအနေအထားနဲ့ နေရမှာလည်း ထွေး



www.burmeseclassic.com

www.burmeseclassic.com



ကျပ်စရာပါ။

အမှန်ဆို ဖိုးသားက ပါးနပ်နားလည်စွာနှင့် သက်တမျှကို သီးသန့်ခွဲနေကြဖို့ ပြောသင့်တာ။

သံသယဆိုတာကြီးက ရင်မှာ စွန်းထင်းနေပြီးသား မဟုတ်လား။

သက်တမျှ စိတ်ထဲက ရိုးသားနေရင်တောင် ဖိုးသားက အမှန်အတိုင်း နားလည်ပါ့မလား။

ခုမှပဲ ရင်ထဲ လေးလံနွမ်းမောလာရသည်။

ဖိုးသား တစ်ခုခု အထင်လွဲသွားမှာ သက်တမျှ ကြောက်မိသည်ပဲ။

ကိုယ်တည်ဆောက်မည့် အိမ်ထောင်တစ်ခုမှာ အဖုအထစ်ဆိုတာ ဘယ်သူလိုချင်ပါ့မလဲ။

"ဖိုးသား"

"ဟင်"

"သက်တမျှ တစ်ခုပြောချင်တယ်"

"ပြောလေ"

"သက်တမျှပြောမှာကို သေချာ နားထောင်နော်"

"အင်းလေ"





"ပြီးတော့ လေးလေးနက်နက်လဲ ထားရမယ်"

"အင်း . . ပြော"

ဖိုးသားက သူ့ဘက်ဆွဲလှည့်ကာ မျက်နှာချင်းဆိုင် ပြောစေသည်။

"ဖိုးသားနဲ့ နှစ်ယောက်တည်းပဲ ခွဲနေချင်တယ်"

"ဟင် . ."

သက်တမျှစကားကို သူ ပထမ အံ့ဩသွားသည်။ နောက်တော့ ပြုံးသည်။

ဖိုးသား အပြုံးက လှို့ဝှက်နက်နဲနေ၏။ သက်တမျှပင် နားလည်ရခက်သည်။

"ဘာလဲ သက်တမျှက ရင်ဆိုင်ရမှာ မရဲဘူးလား"

"ဟင့်အင်း . . အဲဒီလို ဖိုးသား မပြောသင့်ဘူး"

"ဒါဆို ဘာလို့ ခွဲနေချင်ရတာလဲကွာ"

"ဖိုးသား အမြင်မှားမှာစိုးလို့ပါ . . သက်တမျှ အဲဒီလိုကြီးဆို အနေကျုံ့မှာ အမှန်ပဲ"

"ခင့်ကို မောင်နားလည်တယ်"

"အင်းပါ . . သိတယ်"

သက်တမျှ လက်မလျှော့ချင်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဖိုးသားရယ် . . ခင်က အဲဒီမှာနေရမှာ . . စိတ်ထဲ မကြည်ဘူးဆိုရင်ရော"

"ဘာလို့ အဲဒီလို ဖြစ်ရတာလဲ"

"ဖိုးသားက ဇွတ်ပဲ . . စိုးရိမ်စိတ်ကြောင့်ပေါ့"

"ဘာကို စိုးရိမ်တာလဲ"

"အစစအရာရာကိုပေါ့"

"ခင့်သစ္စာကို မောင် ယုံကြည်တယ်ဆိုရင်ရော"

"ခက်ပါတယ်"

သက်ထွာမျှက လက်လျှော့သလိုပြုံးသည်။

"မေမေက ကိုကြီးကိုသာ အရင်ခွဲနေခိုင်းမှာ မောင်တို့ကို မျက်စိရှေ့မှာပဲ နေစေချင်မှာ"

"အင်းလေ . . အဲဒါဆိုလဲ တစ်မျိုးပေါ့"

"ခင့် ဦးတည်ချက်ကြီးကလဲကွာ"

ဖိုးသားက မကြိုက်လှသလို ဆို၏။

"မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ"

ဖိုးသား စိတ်မရှည်တော့။

"မောင့်စိတ်ထဲမှာ အဖြူရောင်မဟုတ်ဘူးလေ . . ငွ





ထင်းနေတယ် . . အဲဒါက ဒုက္ခပေးမှာစိုးတာ"

"အင်းလေ မောင်နားလည်ပါပြီ . . လောလောဆယ် တော့ ဘာပြဿနာမှ မတက်အောင် ခင် ဂရုစိုက်ပေါ့"

"ဂရုစိုက်လို့ပဲ ဒီနေ့ လိုက်မသွားတာ"

"မောင် အရမ်းကျေးဇူးတင်တယ်"

"အင်း . . ပြောပုံကလည်း စိမ်းစိမ်းကြီး"

"မစိမ်းပါဘူးဗျာ . . အရမ်း ရင်ထဲနွေးသွားလို့ တကယ် ကျေးဇူးတင်တယ် . . တကယ်ပြောတာ ယုံပါ"

မောင့် မျက်နှာက တောက်ပလွန်းစွာ ပြုံးနေ၏။

"ပျော်လားဟင် . ."

"အရမ်းပျော်တာပေါ့ကွ . . ."

"ဖိုးသားကို အမြဲ ပျော်စေချင်တာ"

"ဟာ စောစောကလိုပဲ 'မောင်' လို့ ခေါ်"

"မခေါ်ချင်ပါဘူး . . စကားထဲ စိတ်နစ်ပြီး ခေါ်မိတာ"

"ခေါ်လက်စနဲ့ပဲ ဆက်ခေါ်လိုက်ပေါ့"

သက်တမျှက တခစ်ခစ်ရယ်သည်။

သည်လို အပျော်မျိုးတွေ နင့်ဆီက ကူးဆက်ခံလာရလိမ့် မယ်လို့ ကင်တောင်မထင်ခဲ့မိပါလား ဖိုးသားရယ်။



www.burmeseclassic.com

www.burmeseclassic.com

အရမ်းကျေးဇူးတင်ဖြစ်ပါပြီ . . နင်ပြောသလို ရင်ထဲ နွေးလာပြီး 'ဟာ' ဆိုပြီး ကျေးဇူးတကယ်တင်တာ။

အဲဒီလို ပြန်ပြောရင်း . . .

ယုံမှာလား ရယ်မှာလားပြော။

ဝ ဝ ဝ



သက်တမျှတို့အတွက် ပြင်ဆင်ထားသော အခန်းကို လိုက်ကြည့်ဖို့ခေါ်တော့ "ဟင့်အင်း . . " ဟု ခေါင်းခါငြင်းဆန် ဖြစ်သေး၏။

ဖိုးသားက မျက်လုံးစူးကြီးနှင့် ခပ်တည်တည်ကြည့်တော့ နှုတ်ပိတ်မျက်လွှာချမိရင်း အင်းမလုပ်အဲမလုပ် ပေကပ်နေမိ၏။

"မေမေကလဲ ခေါ်ခိုင်းလိုက်တာ"

ဖိုးသား ဖြည့်ပြောတော့ မယုံမရဲနှင့် မော့ကြည့်မိ၏။

"ဘယ်လိုလေးဆိုတာပဲ ဖိုးသား ပြောပြလိုက်တာ"

"ပြောပြလို့ ရမလား"


www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"ဒါဆို လိုက်မကြည့်ဘူးပေါ့ . . ဟုတ်လား"

"အင်း . ."

သက်တမျှက အရယ်မျက်နှာလေးနှင့် ဖြေသည်။

"ပြီးရောလေ"

ဖိုးသား' ချာကနဲ လှည့်သွားတော့ . . .

"ဟော့ . ." ဟု လှမ်းဆွဲထားရသည်။

"ဘာကြီးမှန်းလဲ မသိပါဘူး"

သက်တမျှ စ ပေမယ့် ဖိုးသားက မပြုံး။

"စိတ်လဲ မရှည်ဘူး"

"ဟုတ်တယ် . . စကားနားမထောင်တာ ကလန်ကဆန် လုပ်တာ ကြိုက်မှ မကြိုက်ပဲ"

"သက်တမျှလဲ အသက်နဲ့ပဲ"

"သိပါတယ်"

"အသက်ရှိမှတော့ ခံစားချက်လဲ ရှိမယ် . . ဆန္ဒလဲ ရှိမယ်"

"ဟုတ်ပါပြီ လိုက်မကြည့်ပါနဲ့တော့ ဆန္ဒကို သိရပါပြီ"

"ဟင့်အင်း အခု လိုက်ကြည့်တော့မယ်"





"သွားကြည့်လေ မေမေတို့ ရှိနေသားပဲ"

"ဖိုးသားကရော"

"ဒီကပဲ စောင့်နေမယ်"

"ဟင် . . ."

အပြိုင်စိတ်လုပ်ရကောင်းလားဟု မျက်ရည်က ချက်ချင်း ဝေ့တက်လာသည်။

"ဟာ . . အလကားစတာ . . လာလာ အတူတူသွား ကြည့်ကြမယ်လေ . . မောင်က ခင့်ကို နောက်တာပါ"

"နောက်တာတို့ ကလိတာတို့ မကြိုက်ဘူး"

"လူပဲ အသက်နဲ့ပဲဟာ စ,ချင် နောက်ချင်တဲ့ ဆန္ဒလေး ရှိတဲ့အခါ ရှိမယ်"

"ပြီးရော . . ပြီးရော . . မခေါ်တော့ဘူး"

သက်တမျှ ကျောခိုင်းထွက်တော့ 'ဟော့' ဟု အော်ကာ ပွေ့ချီထားလိုက်၏။

"ဟာ . . ဖိုးသားနော်"

ဝတ်ထားတာက စကပ်ရှည်ဖားဖားလေးမို့ မလုံခြေ ဖြစ်ကာ ရှုန်းမိသည်။

"ဒီအတိုင်း ခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းလျှောက်တတ်တယ်"

"မရဘူး . . ချီထားချင်တာ"

"မောင် ချပေးတော့ . . မေမေတို့ မြင်သွားမှာ"

"မောင် ကလေးပေါက်စနလေးလို ချစ်လို့ ချီထားတာ ဟာ"

ဖိုးသား ကျောပြင်ကို တဒုန်းဒုန်းထုပစ်လည်း သက်တမ္ဘ ကို ပွေ့ချီထားမြဲ။

"ဟင် . . ."

သက်တမ္ဘ ရင်ထဲ 'ဒုတ်' ကနဲ မြည်ဟည်းသွား၏။

ကိုကြီး။

ထမင်းစားခန်းကို တန်းတန်းမတ်မတ် လျှောက်ဝင်လာ နေတာ။

မျက်နှာလေး ရှိန်းကနဲ ထူအမ်းသွားတာ ရှက်သွေးတွေ တက်လာတာကြောင့်ပဲ ဖြစ်မည်။

"ဖိုးသား"

အထိတ်တလန့် သတိပေးရင်း ရုန်းပေမယ့် ဖိုးသားက ကိုကြီးဘက် ကျောပေးထားတာမို့ မမြင်ပါ။

"ဖိုးသား . . လေးလေး လာနေပြီ"





ခုမှ ဖိုးသား လန့်သွားပုံရကာ သက်တမ္ဘကို ညင်ညင် သာသာ ချပေးတော့သည်။

သက်တမ္ဘ အနေခက်လှစွာ မျက်လွှာချဖြစ်၏။

"ညီ . . ဖိုးသား"

"ဗျာ . . ."

"ဧည့်သည်ရောက်နေတယ် . . မင်း မှန်တင်ခုံမှာထား တာဆို"

"ဟာ . . . ဟုတ်လား"

"အဲဒါကြောင့် လာခေါ်တာ"

"အင်း . . အင်း သွားကြမယ်"

ဖိုးသားက သက်တမ္ဘ လက်ကလေးကို မလွှတ်တမ်း ဆုပ်ကိုင်ထားလျက် ခြေလှမ်းသည်မို့ ငြင်းမရပဲ သူတို့အိမ်ဘက် ပါလာရသည်။

"မှန်တင်ခုံကို ဗီရိုနဲ့ တွဲထားတာ မှာထားတာ ခင် ကြိုက် ရဲ့လား"

"ကောင်းရင် ကြိုက်မှာပေါ့"

"အိုကေ . . အိုကေ သွားယူရမှာထင်တယ် . . ပစ္စည်း တွေ မပါသေးဘူး မဟုတ်လား ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ . . လူပဲလာတာ"

ကိုကြီးက ဖိုးသားဘေးမှ ပါလာရင်း သက်တမျှကို ကျော်ကြည့်သည်။

သက်တမျှ ဖိုးသားကိုယ်နှင့် အကာအကွယ် ယူထားမိရင်း တစ်ခုခု စ,လိုက်မှာ စိုးထိတ်သလိုရှိ၏။

ကိုကြီးက ဖိုးသားလို မဟုတ်တာမို့ အပြောင်အပျက်စကားတွေတော့ မဆိုတတ်ပါ။

"ဟိတ် . . ခလုတ်တိုက်မယ်"

သက်တမျှ ထူပူစိတ်နှင့် ချထားသော ခုံပုလေးကိုတောင် မမြင်နိုင်ပဲ ဝင်ခလုတ်တိုက်မတတ် ဖြစ်ရတော့ ဖိုးသားက ဘေးမှ သတိပေးသည်။

"အဟင်း"

မျက်နှာလေးရဲရင်း အရှက်ပြေ ရယ်ဖြစ်၏။

"ခင် . ."

"ဟင် . ."

"ဒီနေ့ကတည်းက မပြန်နဲ့တော့"

"အာ . . မဟုတ်တာ"

ဖိုးသား ခပ်တိုးတိုး စ တာကို အထိတ်တလန့် ငြင်းဖြစ်သည်။





ကိုကြီးက ကြားသွားသလို ပြုံး၏။

"ဘာလဲ ညီ . . နေ့တွေ ဆွဲပစ်လိုက်ချင်ပြီလား"

ပြုံးတုံးတုံးနှင့် စတော့မှ ဖိုးသား မျက်နှာကြီး နီရဲသွား၏။

"ဟာ . . မဟုတ်ပါဘူး"

သူတို့ ညီအစ်ကိုကြား အနေခက်နေရပေမယ့် ရောယောင် ရယ်မောဖြစ်၏။

"ခင်"

"ရှင်"

"မနေ့က မိုးချုပ်ခါနီး ရေချိုးတယ်ဆို"

"အင်းလေ . ."

"နေမကောင်းဖြစ်နေမှ ဟုတ်ပေ့ဖြစ်နေမယ်"

"မဖြစ်ပါဘူး"

"မဖြစ်သေးသရွေ့တော့ ပြောအားရှိနေတာပေါ့"

"အင်းပါ . . နောက်တစ်ခါ မချိုးတော့ပါဘူး"

"စာအုပ်တွေလဲ ညဥ့်နက်အောင် မဖတ်နဲ့ဦး"

"အင်း . ."

"နောက်ရော ဘာမှာချင်သေးလဲညီ"

ကိုကြီးက ဖိုးသား သည်းနေပုံကို ဝင်စသည်။

www.burmeseclassic.com



"ကျွန်တော်က ခင့်ကို သိပ်ချစ်တာဗျ"

ဖိုးသား ကြေညာနေတာကို ခပ်ဖွဖွဆိတ်ရင်း တားဖြစ်ပေမယ့် မရပါ။

ဘယ်လိုဖြစ်နေမှန်းကို မသိပါ။ အရှက်ကို မရှိတော့တာ။

"ဖိုးသား"

"ဗျာ"

"မင်းကလဲ ဒီလောက်သည်းနေရင် တော်ကြာ သက်တမျှက ရောင့်တက်သွားဦးမယ်"

"ခင်က လိမ္မာပြီးသားပါ . . အလိုလိုက်လို့ ရပါတယ်"

ဖိုးသားက ယုံကြည်စိတ်ချသလို ပြော၏။

"ခင် ပြောလိုက်လေ"

"ပြောစရာမှမလိုတာ မြင်တွေ့နေရတာပဲ . . နောက်တော့ သူ့အလိုလိုသိမှာ"

ကိုကြီးက ဖျော့တော့စွာ ပြုံး၏။ အပြုံးထဲမှာ နွမ်းရိုင်စွန်းနေတာ သေချာသလိုပါ။

နည်းနည်းပါးပါးတော့ စိတ် ထိခိုက်ရင်လည်း ထိခိုက်သွားမှာ . . နှမြောသွားရင်လည်း နှမြောသွားမှာ။

"ခင်"





"ဟင်"

"ညနေကျရင် ဘယ်သွားကြမလဲ"

"ဖိုးသား အားလို့လား"

"အင်းလေ"

"ရုပ်ရှင် ကြည့်မယ်"

သက်တမျှက မျက်လုံးလေးထောင့်ကပ်ကြည့်ကာ နှုတ်ခမ်းစေ့ ပြုံးပြ၏။

"နော် ကြည့်မယ်မဟုတ်လား"

"အင်း . ."

"ခင်က အရမ်းသဘောကောင်းတယ်"

ဖိုးသားက မှတ်ချက်တွေ တစ်မျိုးပြီးတစ်မျိုးပေးနေ၏။

"ခင်"

"ပြောလေ . ."

"မင်္ဂလာဆောင်ပြီးရင်ကော ဒီစကပ်ဖားဖားလေးတွေပဲ ဝတ်မှာလား"

"အင်းလေ . . မကောင်းဘူးလား"

"ညီ အဲဒါ လှသားပဲကွ"

ကိုကြီးက ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကတော့ ထဘီလေးတွေဝတ်တာ မြင်ချင်တယ်"

သက်တမ့်က ချက်ချင်းလက်ငင်းပဲ ခေါင်းညိတ်သည်။

"ဝတ်ပါ့မယ် . . အကျင့်လုပ်ရမှာ"

"အမြဲမဟုတ်တောင် တစ်ခါတလေပေါ့"

"အင်းပါ"

"တွေ့လား . . ကိုကြီး ခင်က ကျွန်တော့်စကားဆို အမိန့်လိုပဲ"

"ဟုတ်ပါပြီ"

ဖိုးသားက ကိုကြီးလည်းပြော သက်တမ့်ကိုလည်း ခေါင်းငုံ့ချပြီး နဖူးချင်း တိုက်လိုက်တာမို့ "အာ . ." ဟု ရေရွတ်မိသည်။

"ချစ်လား . ." ဟု ဖိုးသားက အသံမထွက်ပဲ မေးတော့ မျက်လုံးလေးနှင့် "အင်း" ဟု ဖြေရသည်။

"သက်တမ့် ထဘီဝတ်ရင် ရယ်စရာလေး ဖြစ်နေမလား မသိဘူးနော် . . ဖိုးသား လုံးဝ မလှောင်ရဘူးနော်"

"အင်းပါ . . ချစ်စရာလေးနေမှာ"

အကောင်းဘက်ကဘဲတွေးပြီး အားပေးတာကို ကျေးဇူးတင်မိသည်။





ဘဝတစ်ခုကို နှစ်ယောက်ပေါင်းပြီး တည်ဆောက်ကြမည့် ချစ်သူတွေပဲဟာ။

အကောင်းပဲဖြစ်ဖြစ် အဆိုးပဲဖြစ်ဖြစ် အတူတူ ခွဲဝေခံစားပြီး ပျော်လည်းအတူတူ ညစ်လည်းအတူတူပဲပေါ့ မောင်ရယ်။

ဖိုးသားတို့အိမ်ရောက်တော့ မောင်က သက်တမ့်ကို လက်ကလေးဆွဲပြီး ဦးဆောင်ခေါ်သည်။

ဧည့်ခန်းမှာ ဒေါ်လေးပပလည်း ရှိနေ၏။

ဒေါ်လေးပက သူ့သူငယ်ချင်းနှင့် ဖုန်းပြောနေပုံရသည်။

ကိုကြီးက ဒေါ်လေးပဘေးမှာ သက်တောင့်သက်သာ ဝင်ထိုင်၏။

ဖိုးသားက သက်တမ့်ကို ထိုင်စေသည်။

ပြီးမှ ရောက်နေသော လူနှစ်ယောက်နှင့် စကားပြောသည်။

"ပစ္စည်းကရပါပြီ . . အဲဒါ ကျွန်တော်တို့ ဝင်ပြောတာပါ"

"ဩော် . . ဟုတ်လား"

"အဲဒါ ဦးဇော်လူတို့ လာကြည့်ကြဦးမလား တစ်ခါတည်း တင်ပို့ပေးလိုက်ရမလား သိချင်လို့"

"ခင် သွားကြည့်ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသား သဘောပဲလေ"

"သွားကြည့်လိုက်တော့ စိတ်တိုင်းမကျလဲ လိုအပ်တာ ပြောလို့ရတာပေါ့ . . မကောင်းဘူးလား"

"အင်းလေ ဖိုးသား ကောင်းသလိုလုပ်ပါ"

"ဒါဆို ညနေဘက် ကျွန်တော်တို့ အပြင်သွားရင်းနဲ့ ဝင်ကြည့်လိုက်မယ်ဗျာ ဟုတ်ပြီလား"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

"ဒါဆို ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါခင်ဗျာ"

"ကောင်းပါပြီ"

ဧည့်သည်နှစ်ယောက် ထွက်သွားမှ ဖိုးသားက ခင့်ဘေးနား လာရပ်ပြီး . . .

"လာ မောင်လိုက်ပြမယ်လေ"

သက်တမျှ မရဲတရဲနှင့် သူ့နောက်ပါလာရသည်။

"ခင်"

ဧည့်ခန်းလွန်သာရုံရှိသေး မောင်က ပခုံးနှစ်ဖက် ဆုပ်ကိုင်ကာ မျက်နှာကြီး ငုံ့ချလာသည်။

"ဖိုးသားနော် . . အဲဒါဆို ခင်ပြန်မှာ"

"အဟား . . မောင့်ရည်းစားပဲဟာ နမ်းချင်တာ





အပြစ်ရှိလား . . ပြောလေ ဘာလဲ မထိရ မကိုင်ရ . . လို့ ရတိုးဆိုင်က ပစ္စည်းတွေလို စာရေးကပ်ထားပါလားကွ . . ."

"ဖယ်နော် . . အရွှတ်အနောက်တွေ လာမပြောနဲ့ လူလည် မလုပ်နဲ့နော်"

"ဟာကွာ . . မင်းပြောပုံကလဲ ကိုယ့်ချစ်သူကို ဒီလိုပဲ ပြောရသလား ချာတိတ်မရယ်"

သက်တမျှ သူ့ကို တွန်းပစ်တော့ ဖယ်မပေးဘဲ တင်းတင်း ကျပ်ကျပ် ဖက်လာ၏။

"ဟာ မောင်နော်"

"ခဏလေးကွာ"

ဖိုးသားက သက်တမျှ ခါးလေးကိုဖက်ကာ နဖူးလေးကို နမ်းရှိုက်သည်။

နောက်တော့ နှာတံလေး . . .

သက်တမျှ ရင်ခုန်သံတွေ မြန်လွန်းရရင်း မောင့်ပခုံးတွေကို လက်နှင့်တင်းတင်း ဆုပ်ထားမိသည်။

"မောင့်ကို ချစ်လား"

"အင်း"

ဖိုးသားက ကျေနပ်သွားသလိုရယ်ရင်း သက်တမျှကို ဖြေလွှတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နဲ့အတူတူနေရမှာ ခင် ပျော်ရဲ့လားဟင် "

"အင်း . . ပျော်ပါတယ်"

"မောင်ရော ပျော်လားလို့ မေးလေ"

"မောင်ပျော်နေတာလဲ ခင်သိပါတယ် . . မောင်က သိပ်တက်ကြွနေတာပဲဟာ . . ခင့်ကို ချစ်လို့ ခုလို မောင်စိတ်ပါ လက်ပါဖြစ်နေတာပေါ့ မဟုတ်ဘူးလား ခင် အဲဒီလိုပဲယူဆတယ်"

"ဟုတ်တယ် မောင် ခင့်ကို အရမ်းချစ်တယ်"

"အင်းပါ လာလေ . . မောင်ပဲလိုက်ပြမယ်ဆို . . ပြီးရင် ပြန်မှာ . . ညနေ ရုပ်ရှင်သွားမှာ မေမေတို့ကို ပြောရဦးမယ်"

"ဟာ . . နေပါဦး မေမေနဲ့လဲ တွေ့လိုက်ပါဦး"

"အင်းပါ"

သက်တမ္ဘုက ခြေလှမ်းစတော့ မောင်က သွားဖို့ မပေးဘဲ လှမ်းဆွဲထား၏။

ပြီးတော့ ပါးပြင်ကို ရှေ့တိုးပေးသည်။

"ဟင့်အင်း"

ရှက်လန့်စွာ ခေါင်းခါငြင်းရင်း ကျောခိုင်းလိုက်တော့ မောင်က နောက်ဖက်မှ သိုင်းဖက်ထားပြီး လည်တိုင်လေးကို မွှေးရှိုက်၏။

"မောင်ရယ် ဒေါ်လေးပတို့မြင်သွားရင် ရှက်စရာကြီး"





"ဟာ . . အဲဒီလိုသာဆိုခက်မှာ . . ရှက်တာနဲ့ - - အနေခက်တာနဲ့ ရှုပ်တယ်ကွယ် ချစ်သူချင်းပဲ ဒီလောက်တော့ ရှိမှာပေါ့"

ဖိုးသားက အလိုမကျသလိုပြောသည်။

"ခင်ကတော့ ရှက်တာပဲ"

"ရှက်ရင် မောင့်ကို ပိုဖက်ထား"

"မောင်နော် လူလည်လုပ်ဖို့ပဲ ကြည့်နေ"

"မဟုတ်ပါဘူး . . ချစ်တာပါ"

မောင့်အကြင်နာ အယုအယတွေမှာ သက်တမ္ဘု ပျော်ရွှင်သာယာမိသည်။

အရာရာကိုလည်း မေ့လျော့နေဖြစ်သည်။

ရင်ထဲမှာ ဘာဝေဒနာမှ မရှိတော့။

ဖိုးသားရယ်။

ခုလောက်ချစ်သွားလိမ့်မယ်လို့ သက်တမ္ဘု မထင်မိခဲ့ပါဘူး။

မောင့်ကို ခင် ချစ်ပါပြီ။

သေချာပါပြီ မောင့်ကိုလေ ခင် . . . .

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

"ခင်"

သက်တမ့်က ပြန်မထူးပဲ တစ်ဖက်လှည့်သွား၏။

ဖိုးသားကို သည်နေ့ အရမ်းစိတ်တိုမိသည်။ ဘယ်လိုမှ ဟန်ဆောင်မျိုသိပ်ထားမရပါ။

"ဟိတ် . . ခင်"

ဖိုးသားက ခေါ်မရတော့ လက်ပါ ပါလာသည်။ သူဆုပ်ကိုင်ထားသောလက်ကို ရုန်းပစ်လိုက်၏။

"ဟာ . . ခင် ဘာဖြစ်နေတာလဲ"

နားမလည်သလို မေးနေတာကို အသည်းယားလှသည်။





"ခင် ဘာဖြစ်နေတာလဲ မေးနေတယ်လေ"

ဖိုးသားက ခင့်ရှေ့မှ ပိတ်ရပ်သည်။

"ဖယ် . . ဖယ်"

"ကျွတ် . . မဟုတ်သေးပါဘူး"

"သက်တမ့် စိတ်တိုနေတယ်နော် . . အဲဒါ ကောင်းကောင်းနေ"

"ဘာကို စိတ်တိုတာလဲ . . မောင်ဘာမှားသလဲ"

"ကိုယ့်အမှား ကိုယ်အသိဆုံးပဲဟာ ပြောပြနေရမှာလား"

"လုံးဝ မသိဘူးကွာ . . တကယ်ပါ ပြောပြလေ"

"မပြောဘူး . . . မသိရင်လဲနေ"

"မဟုတ်ဘူးကွာ အဲဒီလို စိတ်မကောက်ကြေးလေ"

"စိတ်မကောက်ပါဘူး အသည်းယားတာ"

"အသည်းယားရင် မောင့်ကိုရိုက်ပစ် . . ထုပစ် . . မကျေနပ်တာ အကုန်လုံးပြော . . ပြောလေ"

"လုံးဝ မပြောဘူး"

ဖိုးသားက သက်တမ့် မျက်နှာလေးကို ကြည့်ရင်း တစ်ချက် ငိုင်တွေ စဉ်းစားလိုက်ပြီးမှ . . .

"ဪ . . သိပြီ" ဟု ဆို၏။



www.burmeseclassic.com

"ဘာသိတာလဲ"

"စောစောက ကောင်မလေးတွေ တစ်ယောက်တစ်မျိုး စ နေကြတာကို မကျေနပ်တာလား . . အဲဒါ ခင့် သူငယ်ချင်း တွေပဲဟာ"

"ဟုတ်တယ်"

"ကဲ မောင် ဘာများ မှားသွားသလဲ"

"မောင်က လိုတာထက် ပိုနေတယ်"

"ဟာ မပိုပါဘူး . . ခင့်သူငယ်ချင်းတွေက သတို့သား လောင်းဆိုပြီး ဝိုင်းစနေကြတာ . . ခင်ပဲ ခေါ်မိတ်ဆက်ပေးဖို့"

"မိတ်ဆက်ပေးတာ သိအောင်လို့ ရောဖို့မှမဟုတ်ပဲ"

"မောင် မရောမိပါလား ခင်ရာ"

"မောင်နော် . . အဖုာည်ပြောနေတာ . . ခင်အကြောင်း စိတ်ဆိုးမိမှာ"

"ဟာ အမိပ္ပါယ်မရှိတာ . . ဒါ စိတ်ဆိုးစရာ အကြောင်း လားကွာ"

"မောင့်ပုံစံကို ကြိုက်မှ မကြိုက်တာ"

"ဆောရီး . . မောင်က အပျော်လွန်နေချိန်ဆိုတော့ ဖော်ရွေမိတတ်တာပါ . . အဲဒါ ဆင်ခြင်မယ်ကွာ . . ကျေနပ် ရဲ့လား"





"ပြောတာပဲ . . စောင့်ကြည့်ရဦးမှာ . . တစ်ခါတည်း ပြုံးချိုနေလိုက်တာများ သကြားရည်လောင်းထားသလိုပဲ"

ဖိုးသားက ခင့် ပါးဖောင်းဖောင်းလေးကို လိမ်ဆွဲ၏။

"အား နာတယ်"

"နောက်တစ်ခါ မဟုတ်ပဲ စွပ်စွဲဦး"

"အမယ် . . ဟုတ်လို့ပြောတာများ"

"မောင်က ခင့်ကိုပဲ လိုချင်တာ . . တခြားကောင်မလေး တွေ လုံးဝ စိတ်မဝင်စားဘူး . . မောင်ကလေ ခင့်ကိုပဲ"

ဖိုးသားက စကားရပ်ထားပြီး အမိပ္ပါယ်ပါပါကြည့်၏။ သူ့အကြည့်က စူးရှအသက်ပါလွန်းတော့ သက်တမျှ မျက်လုံး လေး ထောင့်ကပ်သွားကာ . . .

"ဖိုးသားနော် ဘာလဲ . . . ဟွန်း"

"အဟား . . ဘာမှလဲ မပြောရသေးပဲ အမိပ္ပါယ်တွေ ပေါက်နေလိုက်တာ . . မောင်က ရိုးရိုးသားသားပြောတာခင့်ရဲ့ ခင်က တလွဲတွေးနေတာ ရှက်တယ်ကွာ"

"ကြည့်စမ်း"

သက်တမျှက ဖိုးသား ကျောပြင်ကို ရှက်စိတ်နှင့် တအား ထုမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မုန်းလာပြီ . . မခေါ်တော့ဘူး"

"သတ္တိရှိရင် နေကြည့်လေ"

"ဘယ်လိုမှန်းကို မသိဘူး . . ပြောင်စပ်စပ်နဲ့ လုံးလုံးလဲ မရှက်တော့ဘူး . . အဲဒါမျိုး မကြိုက်ပါဘူး"

သက်တမ့်က နှုတ်ခမ်းလေးစူရင်း မကျေမနပ်ကြည့်သည်။

"ပြောင်စပ်စပ် မဟုတ်ပါဘူး"

"အဲဒါမျိုး သက်တမ့် မကြိုက်ပါဘူးဆို"

"ကောင်းပါပြီ နောက်ဆို ဆင်ခြင်မယ်"

သက်တမ့် ဖိုးသားကို မျက်စောင်းရွယ်မိသည်။

ဘယ်လိုဖြစ်နေမှန်းကို မသိ။

တကယ့်ကိုပဲ အပျော်လွန်နေတာ။

အပျော်လွန်နေတာ ချစ်လို့ပေါ့နော် . . ဟုတ်မလား။

o o o



"သမီးလေး ထမင်းစားလေ"

"ဟင့်အင်း . ."

"မဟုတ်တာသမီးရယ် . . ဒီလို မနေကောင်းဘူး"

"နေပါစေ မေမေ သမီးမှ မဆာတာ"

"နည်းနည်းဖြစ်ဖြစ်တော့ စားမှပေါ့"

"မစားချင်လို့ပါ မေမေရယ်"

"ဖိုးသား ရောက်လာမှာပါ . . စိတ်ဆိုးတုန်းခဏပါကွယ် သမီးကို သူပစ်နိုင်ပါ့မလား . . မင်္ဂလာဆောင်ရက်လဲ ကပ်နေပြီဟာ"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ့မလား မေမေရယ်. . သမီးကို အရမ်း စိတ်ဆိုးသွားတာ"

"မလာပဲနေမလား သမီးရဲ့ . . ဖိတ်စာတွေတောင် ကမ်းထားပြီးသားဟာ . . သမီးလေး အရှက်ရအောင် ဘယ်လုပ်ပါ့မလဲ"

"ဒါတော့ ဒါပေါ့ မေမေရယ်. . ရင်ထဲမှာ သံသယကြီးနဲ့ဆို မကောင်းပါဘူး . . သူသမီးကို မယုံတာ. . မယုံတာကလဲ တခြားလူဆိုတော်သေးတယ် . . ဒေါ်လေးပပလဲ ရှိနေပြီ . . ဖိုးသား ဒီလောက် သဘောထားမနုသင့်ပါဘူး မေမေရယ်"

"အင်း သမီးကလဲ အစက ကိုကြီးအပေါ် မေတ္တာကြီးခဲ့တာကိုး . . သူ စိတ်ထဲ ဘယ်ရှင်းပါ့မလဲ"

"အဲဒါ သမီးမငြင်းဘူး မေမေ . . ဒါပေမယ့် အခုအချိန်မှာ ဖိုးသားကိုပဲ သမီးချစ်တယ်. . သူပဲ သမီး အာရုံထဲရှိတယ်. . ဘယ်တော့မှ သူ့အပေါ် သစ္စာမမဲ့ဘူးဆိုတာ သူ ယုံကြည်သင့်တာပေါ့ . . သမီး အဲဒီလို မျက်နှာပြောင်တိုက် ယုတ်မာမတဲ့လား သမီးမေတ္တာကို သူ စော်ကားတယ်"

"သူ့ဟာသူ ခံစားရလို့နေမှာပါကွယ်"

"အင်းလေ . . အဲဒီလို ခံစားရတယ်ဆိုကတည်းက သမီး ကောင်းပါ့မလား . . အဲဒီနေ့ကလဲ ကိုကြီးက စကား





လာပြောနေတာ . . ပန်းအိုးတွေလည်း ကိုကြီးပဲ သယ်ပေးတာ သမီး လိမ့်ကျသွားတော့ လာတောင်မတွဲဘူး . . သမီးကလဲ အတွဲမခံပါဘူး . . သမီး ရင်ထဲ ရိုးပေမယ့် ဖိုးသား အမြင် မရှင်းမှာစိုးလို့"

"အင်း . . ."

"ကိုကြီးက သမီးဖိနပ် ရွှံ့တွေပေသွားတော့ ကောက်ပြီး ဘုံပိုင်လေးမှာ ရေသွားဆေးပေးတာပါ . . သမီးလဲ အရမ်း အားနာတယ်. . လက်လဲနာနေတယ် . . တားမရလို့ ကြည့်နေရတုန်း ဖိုးသား ရောက်လာတာ. . ချာကနဲ လှည့်သွားတယ် မေမေ . . စကားတစ်ခွန်းတောင် မဆိုတော့ဘူး"

သက်တာမှုက ခံရခက်လှသလို မေမေ့ကို ထပ်ပြောပြသည်။

"အစကတည်းက သူ့ကို မယူချင်ခဲ့တာ အဲဒါကြောင့် ဒီလိုပြဿနာတွေက ရှင်းရလဲခက်တယ် . . ရှက်ဖို့လဲကောင်းတယ် ဖိုးသားကို ဒီလောက် သမီးအပေါ် အထင်သေးမှန်းသိရင် လက်မထပ်ပါဘူး . . ကိုကြီးနဲ့သမီး တကယ် ရိုးရိုးသားသားပါ . . လူလွတ်မို့ စွပ်စွဲတာဆိုတစ်မျိုး အခုဟာက . . ."

"ကဲပါ သမီးရယ် . . မျက်ရည်တွေသုတ် . . ထမင်းစားမယ်လေ . . တိတ်ပါကွယ် . . ဖိုးသားရောက်လာမှာပါ . . ."

သက်တမျှ ငိုတာကို မေမေက စိတ်မသက်သာလသို

www.burmeseclassic.com



ပြောသည်။

"ဒီလို အထင်မှားတာမျိုး ခဏခဏ ကြုံနေရတော့မလား မသိပါဘူးမေမေရယ် . . အိမ်ခွဲနေဖို့ ပြောတာကိုတောင် သံသယဝင်ချင်သေးတာ . . သမီး စိတ်မကောင်းဘူး မေမေ"

"နောက်တော့ နားလည်လာမှာပါ"

မေမေ့စကားက ရင်ကို အေးချမ်းမှု နည်းနည်းပါးပါးတော့ ရစေသည်။

"သမီးနဲ့ မတွေ့အောင် ရှောင်ထွက်သွားစရာလား"

မေမေက လက်လျှော့သလို သက်ပြင်းရှိုက်၏။

"သမီးကိုမေးပါလား . . သမီးပြောတာကို နားထောင်ပါလား . . ပြီးမှ မယုံနိုင်ဘူးဆိုလဲ အပြတ်သာ ဆုံးဖြတ် နောက်ဆုတ်ဖို့ကောင်းတာ . . သူ့လုပ်ရပ်ကို သမီး အသည်းယားတယ်"

"အဲဒါဆိုလဲ ဖုန်းဆက်လိုက်လေ"

"ဟင့်အင်း . . ဘယ်တော့မှ မဆက်ဘူး"

သက်တမျှက ခေါင်းမော့ရင်း နှုတ်ခမ်းတင်းတင်းစေ့ကာ ပြောသည်။

"တစ်ခါဆက်ရင် အခါခါဆက်ရမှာ မေမေ . . သမီး မှန်နေရက်သားနဲ့တော့ အောက်မကျို့ပါရစေနဲ့"





မေမေက ဘာပြောရမှန်း မသိတော့သလို ငေးကြည့်နေ၏။

"သမီး စိတ်ပင်ပန်းနေတာ မေမေ မကြည့်ရက်လို့ပါ"

သက်တမျှက တစ်ခုခုကို ချက်ချင်း ဆုံးဖြတ်နိုင်လိုက်ပုံရသည်။

"သမီး လေးလေးဆီ ဖုန်းဆက် လိုက်မယ်"

"ဘာကိုလဲ သမီး"

"မင်္ဂလာပွဲ မလုပ်တော့ဘူး . . အဲဒါ ဖိုးသားကို ပြောပေးလို့"

"အို . . မဟုတ်တာ . . မပြောကောင်းဘူး"

"ဒီဝေဒနာ ဒီပြဿနာတွေကို တစ်သက်လုံး ခံစားပြီးရှင်းနေရမှာထက်စာရင် ဘာပဲဖြစ်ဖြစ် တော်ပါသေးတယ် မေမေ"

"မဟုတ်ဘူး သမီးရယ် . . အဲဒါ ကိုကြီးနဲ့ မဆိုင်တဲ့ ကိစ္စပဲ . . သမီးပြောချင်ရင် ဖိုးသားကိုပဲ ပြောသင့်တယ်"

မေမေက သက်တမျှ စကားကို လက်မခံ။

ဖိုးသားရယ်။ နေစိမ့်လိုက်တာ။

တကယ်ပဲ ခွဲသွားဖို့ စဉ်းစားထားပြီးလား။



www.burmeseclassic.com

www.burmeseclassic.com



သက်တမ္ဘ အောက်မေ့မယ် . . သတိရမယ် . . ငိုမ

ဆိုတာ သိရက်နဲ့။

သက်တမ္ဘရင်ထဲ တင်းကြပ်လာရသည်။ ဒေါသလည်း

ဖြစ်သည်။ ကြေကွဲမှုလည်းပါသည်။

မေမေပြောသလို ဖိုးသားဆီပဲ ဖုန်းဆက်ဖို့ စိတ်ကူးသည်

"မေမေ"

"ပြောလေ သမီး"

"ဖိုးသားဆီ ဖုန်းဆက်လိုက်မယ်"

သည်တစ်ခါတော့ မေမေက မတားမြစ်ပါ။

ဖိုးသား သူငယ်ချင်းက 'သက်တမ္ဘခင်' ပါဆိုတာ

ချက်ချင်းပဲ ပျာပျာသလဲ ဖိုးသားကို ခေါ်ပေးသည်။

"ခင်လား . . ."

ဖိုးသားအသံက အေးတိအေးစက်။

"ပြောလေ ခင်"

"ဖုန်းထဲကပဲ ပြောရမလား"

"ပြောလို့ဖြစ်ရင် ပြောလေ"

သည်လို မာကျော့စိမ်းသက်တာကို နှလုံးသား

နင့်အောင်နာသည်။





"ရက်စက်လိုက်တာ ဖိုးသားရယ်. . ." ဟု ယူဆလိုက်

ရတော့မလိုလို။

"ပြောလို့ ဖြစ်ပါတယ်"

"အင်း . . . ပြော"

"မင်္ဂလာပွဲ ဖျက်သိမ်းပေးဖို့ပါ"

သက်တမ္ဘ အသံက တုံးတိမ်သလောက် အားပျော့နေ၏။

ဖိုးသားဘက်က လုံးဝ တိတ်ဆိတ်သွားသည်။

ကျက်သရေမရှိတဲ့ စကားမျိုးကို ဘယ်သူက စပြောချင်

ပါ့မလဲ ဖိုးသား . . သည်စကား တစ်ခွန်းအတွက် ရင်းလိုက်ရတာ

နှလုံးသားတစ်ခုလုံးပါ။

ဖိုးသားဘက်က စကားစလာတာကို စိတ်ရှည်စွာစောင့်

နေမိသည်။

"တကယ်တမ်းကျတော့ မင်းဒီလိုပဲ ဖြစ်လာမယ်ဆိုတာ

ငါသိပြီးသားပဲခင် . . ကောင်းပြီလေ မင်းဆန္ဒအတိုင်းပါ လုပ်ချင်

သလိုလုပ်နိုင်တယ်"

ဖိုးသား ပြတ်သားမှုကြောင့် သက်တမ္ဘ အသက်ရှူပင်

မတတ်ပါဘဲ။

"ဟုတ်တယ် အယုံအကြည် မရှိဘူးဆိုရင် ခွဲခွာသွားတာ

ပိုကောင်းပါတယ် . . သက်တမ္ဘရဲ့ ကိုယ်ကျင့်တရား မာနတရား



www.burmeseclassic.com

www.burmeseclassic.com



ကို တော်ရုံ အထင်သေး စော်ကားပါ ဖိုးသား"

ဖိုးသား အသက်ရှူသံ ပြင်းပြင်းကို ဖုန်းထဲမှ ကြားရပါသည်။

"မမေ့ကိုလဲ သက်တမ့် ပြောပြီးပါပြီ.. အခု မမေ ဖုန်းအနားမှာရှိတယ်.. ကိုကြီးတို့နဲ့အတူတူ အမြဲနေသွားရမယ် ဆို ဒီပြဿနာကြီးက အမြဲရှိနေမှာ .. သက်တမ့် စိတ်ဆင်းရဲ မခံပါရစေနဲ့တော့ .., လူကြီးတွေညှိပြီး လုပ်စရာရှိတာ လုပ်ပေး ကြမှာပါ .. အဲဒါ ဖိုးသားကို အသိပေး အကြောင်းကြားတာ"

"ဘာ .. ခင်က အမေ့ကိုတောင် ပြောပြီးပြီဟုတ်လား"

ဖိုးသားက တုန်တုန်လှုပ်လှုပ်နှင့် အံ့သြသွားပုံ။

"ဟုတ်တယ် .. မေမေ့ကို အားလုံး ပြောပြီးပြီ"

"ဖိတ်စာတွေကမ်းထားပြီးသား .. ခင်မေ့နေလား"

"အဲဒါ မေ့စရာကိစ္စလား ဖိုးသား"

"ခင်က အရှက်တရားဖယ်ထားမယ်ပေါ့ .. ဟုတ်လား"

"ဖိုးသား ကြိုက်သလို ယူဆပါ"

သက်တမ့်က ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာ၏။

"ဒါပဲနော် ဖိုးသား"

ချက်ချင်းပဲ ဖုန်းချဖို့ပြင်လိုက်၏။ ခံစားရတာလည်း မသိ စေချင်တော့။





"ခဏနေဦး ခင့်ကို မေးစရာတွေရှိသေးလို့"

"ဟင့်အင်း .. ဘာမှ ခင် မဖြေနိုင်နိုင်ဘူး"

"ဒါဆို အခုပဲ လာခဲ့မယ်"

"မလာပါနဲ့တော့ . ဆုံးဖြတ်ထားပြီးပါပြီ"

"မဟုတ်တာ .. မောင်စိတ်ဆိုးလို့ ခဏရှောင်နေတာပါ ခင်က ဒီလောက် ဒေါသတကြီး တစ်ဖက်သတ်ဆုံးဖြတ်ရသလား"

ဖိုးသားက ရင်လှိုင်းခတ်သံနှင့် ပြောသည်။

"ရှောင်လက်စနဲ့ အပြီးသာ ရှောင်နေလိုက်ပါတော့ .. ဒီပြဿနာကြီးကို နောက်ထပ် ဘယ်တော့မှ ရင်မဆိုင်ချင်တော့ ဘူး.. မဖြေရှင်းချင်တော့ဘူး"

"မောင်လဲ သီးသန့်ခွဲနေကြဖို့ တွေးနေတာ.. မောင့်သူ ငယ်ချင်းနဲ့တောင် တိုင်ပင်နေသေးတယ်"

"ကျေးဇူးတင်ပါတယ်. . သက်တမ့် ဘာမှစိတ်မဝင်စား တော့ဘူး"

သက်တမ့်အပြတ်ပြောပြီး ဖုန်းချ၏။

"ဘာတဲ့လဲ သမီး"

"မသိပါဘူးမေမေ"

သက်တမ့်က နားမလည်သလိုပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဟင်"

"သမီး ဖိုးသားကို လက်မထပ်ပါရစေနဲ့တော့"

"ဘယ်ဖြစ်ပါ့မလဲ သမီးရယ်. . ဒီလိုကစားစရာလို ပေါ့ပေါ့သေးသေးလုပ်လို့ မရဘူးလေ"

"ဟင့်အင်း. . မေမေ. . သမီးသူ့ကိုစိတ်နာတယ်"

"နေပါဦး . . သမီးရယ်. . စောပါသေးတယ်. . ဆုံးဖြတ် ဖို့အချိန်မဟုတ်သေးပါဘူး သမီးလေးရယ်"

သက်တမျှ မေမေ့ကို ထားရစ်ကာ အခန်းထဲ ဝင်လာခဲ့ သည်။ သက်တမျှနှလုံးသားက အပူဒဏ်ကို မခံနိုင်ပါဘူး။

အယုံအကြည်မဲ့လွန်းသူကို အဖက်လုပ်ပြီးလည်း မဆက် ဆံချင်တော့ပါ။

သက်တမျှမှာလည်း မာနနဲ့ ခံစားချက် နှလုံးသား ဆိုတော့ တွေးပေးပါဦး ဖိုးသား။

ဖိုးသားသည်လို စွပ်စွဲအထင်သေးသွားတာကို ဘယ် အင်အားမျိုးနဲ့ ခံနိုင်ရည်ရှိမှာလဲ။

ခင့်ကို မောင်ရက်စက်တယ်လို့ ခင်မတွေးပါရစေနဲ့။

ခိုင်ခိုင်မာမာ ဖြစ်တည်နေတဲ့နှလုံးသားက နှစ်လို





မြူစင်တဲ့မေတ္တာတစ်ရပ်ကို သည်အတိုင်းပဲ ရှိပါစေတော့လား မောင်. . .။

မောင့်ကို ခင်မမုန်းပါရစေနဲ့၊ မနာပါရစေနဲ့။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာဘဲ သူရောက်လာတော့ သက်တမျှ ခပ်မှေး
မှေးတောင် အိပ်ပျော်နေပြီ။

မေမေက ဖိုးသားရောက်နေတာ လာပြောသည်။
သက်တမျှ ထွက်မတွေ့ကချင်တာပြောသည်။

ဖိုးသားကလည်း ဆင်းမလာမချင်း စောင့်နေမည့်ပုံ။

နောက်ဆုံးတော့ ဒေါ်သတကြီး သက်တမျှဆင်းလာ
သည်။

ဖိုးသားက ချက်ချင်းမတ်တပ်ရပ်ကာ လျှောက်လာတာ
မို့ လှေကားရင်းမှာပင် ဆုံမိသည်။





ဆွေးမြေ့မြေ့အကြည့်ကို သက်တမျှ မလိုချင်ပါ။

သက်တမျှကပဲ သစ္စာမရှိသလိုလို ရက်စက်သလိုလို
ပစ်ပစ်ခါခါပြုသလိုလို။

ရှင့်ကိုဘယ်သူက စော်ကားလို့ ရှင်က သည်လိုကြေကွဲ
ထိခိုက်နေရတာလဲ။

သက်တမျှမှ မဖောက်ပြန်တာ၊ သစ္စာမမဲ့တာ။

"ခင်"

လှေကားလက်တန်းပေါ် တင်ထားသော ခင့်လက်က
လေးကို လှမ်းဆုပ်ကိုင်တော့ မထိခင်မှာပဲ ဖယ်ပစ်လိုက်သည်။

"ခင်ရယ်"

ဖိုးသားက ခင့်ပခုံးနှစ်ဖက်ကို တင်းတင်းကြပ်ကြပ် ဆုပ်
ကိုင်လာ၏။

"မောင်နဲ့ဝေးဖို့ တကယ်တွေးနိုင်သလား"

သူကမယုံသလို မေး၏။

ပေးနိုင်တယ်ဆိုတာကို မယုံရင်. . .၊ အဝေးမခံနိုင်ဘူး
ဆိုတာသေချာရင် ဘာလို့ သစ္စာမဲ့လိမ့်မယ်လို့ သံသယဝင်နေရ
သေးလဲဖိုးသား။

"ခင် . . ပြောလေ. . မောင်နဲ့ တကယ်ခွဲနိုင်လား"

www.burmeseclassic.com



"အဲဒါထက် ပိုအရေးကြီးတာ သက်တမျှ ကိုယ်ကျင့်တရားကို မစော်ကားဖို့ပါ"

"မောင့်လုပ်ရပ်က သက်သေရှိပါတယ်"

"ခင့်ကိုစော်ကားတာ မဟုတ်ပါဘူး. . အနေအထားကို မောင်မကျေနပ်တာ. . ဘာလို့ဒီလိုအဖြစ်မျိုးတွေ ခင်နဲ့မောင်နဲ့ ကြားရှိနေရသလဲလို့"

ဖိုးသားက ခင့်မေးစေ့ကို ဆွဲမော့စေကာ စူးစိုက်ကြည့်ရသည်။

"မောင် ဘယ်လောက် လွမ်းနေရသလဲ. . သိလား"

ခင့်နှုတ်ခမ်းလေးကို လက်မနှင့် ညင်သာစွာ တို့ထိရင်း မေး၏။ သက်တမျှ အလိုအလျောက် မျက်စောင်းရွယ်မိသည်။

"မင်္ဂလာပွဲကို ဖျက်ပစ်မယ်လို့ ဘာလို့နှုတ်ခမ်းတွေက ပြောထွက်လာတာလဲလို့ မောင်နားမလည်ဘူး"

"နှုတ်ခမ်းကပြောတာလို့ မောင်ကထင်သလား၊ နှလုံးသားက ပြောရတာ. . ရှင့်ကိုစိတ်နာလို့. . ရှင့်လုပ်ရပ်ကို ကျေပ်မခံစားနိုင်လို့. . ရှင်ဘာလို့ ရက်ရက်စက်စက်ထွက်သွားသေးလဲ"

မောင်က တောက်ပစွာပြုံးသည်။

"မောင်အားလုံးနားလည်နေပါပြီ. . ခင်နဲ့ နှစ်ယောက်တည်းနေဖို့ မေမေ့ကို မောင်ပြောလိုက်တော့မယ်"





"ကျေးဇူးတင်ပါတယ်မောင်"

"အဲဒီလို စိမ်းစိမ်းကားကားမပြောပါနဲ့"

"မောင်ကရော နွေးထွေးလို့လား"

"ပြောရက်တယ်ကွာ. . မင်္ဂလာပွဲကို အဲဒီလိုမပြောကောင်းဘူး. . မောင်က ခင့်သစ္စာတရားကို ယုံပါတယ်"

"ယုံရင် အဲဒီလိုဘယ်တော့မှ သံသယမဖြစ်နဲ့နော်. . သက်တမျှ ခံရခက်လို့ပါ. . မောင့်ကိုလဲ မုန်းမိလိမ့်မယ်"

"ကောင်းပါပြီ"

"သက်တမျှဘက်က မလေးမစားပြောခဲ့မိတာ . . အားလုံးကိုလဲ တောင်းပန်ပါတယ်. . ဖိုးသားခွင့်လွှတ်ပါ"

"အားလုံး ခွင့်လွှတ်ပြီးသားပါ"

"အပြစ်တွေရှိနေသေးတယ်လေ"

သက်တမျှက မျက်လွှာကလေး စင်းချရင်း ပြုံးစေ့စေ့ပြောင်သည်။

"ဘာတွေများလဲ"

မောင်က နားမလည်စွာမေး၏။

"ဖိုးသား ဆံပင်တွေကို ဆွဲခဲ့တာလေ"

"ဩော်. . "

မှတ်မိသွားသလိုပြုံးတော့ ရှက်စိတ်နှင့် မျက်လွှာချမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ဖိုးသားရယ်. . ကိုယ့်ချစ်သူ ကိုယ့်ယောကျာ်းဆိုတာ ကိုယ့်အရှင်သခင်ပါ. . ဆံပင်ဆွဲဖို့နေနေသာသာ ခေါင်းကို ချဖို့တောင် ‘ကန်တော့’လို့ ခွင့်တောင်းရမှာပါ”

“ဟာ”

ဖိုးသားမျက်နှာကြီးက ချက်ချင်းဝင်းလက်လာ၏။

“ခင်ကမောင့်ကို အဲဒီလောက်တောင် မောင့်ကို ရိုသေတော့မှာလား”

“သက်တမ္ဘက အရှိုင်းအစိုင်းလေးမှ မဟုတ်ဘဲ”

“ဝမ်းသာစရာကွာ”

“ဒါပေမယ့် ဖိုးသားလို့ပဲခေါ်မှာနော်”

“အဲဒါ ဘယ်ကောင်းမလဲ”

“ခင့်ရင်ထဲမှာတော့ သိပ်ကောင်းတယ်. . ဖိုးသားလို့ ခေါ်ရတာ အရမ်းသဘောကျတယ်. . အဲဒီလိုပဲ ခေါ်ပါရစေ. .”

“ကဲပါဗျာ. . သဘောပါပဲ”

“တစ်နေ့ထက်တစ်နေ့ ခင်လိုချင်တာတွေ ဖိုးသားသိလာမှာပါ”

“အင်းပါ မောင်ကခင့်ကို ခင့်ဘက်က ဘယ်လိုနေနေ





အရမ်းချစ်ပြီးသား”

“နောက်တစ်ခါ အထင်မသေးရဘူး. . မစွပ်စွဲရဘူးနော်”

“အိုကေ”

“ဖိုးသားတစ်ယောက်တည်းကိုပဲ သက်တမ္ဘချစ်တာ”

ဖိုးသားရင်ခွင်မှာ ခေါင်းမှီချရင်း နှလုံးသားတစ်ခုလုံး ပူနွေးသာယာသလိုရှိသည်။

ဝေးဖို့ဆိုတာ တကယ်တမ်းမှာ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စဆိုတာ နားလည်ပါပြီ။

မောင့်အရိပ်လွတ်ရာမှာ မနေနိုင်တော့ဘူးဆိုတာ သေချာပါပြီ။

စောစောတုန်းက တုန်လှုပ်ချောက်ချားခဲ့ရတာတွေ ဝမ်းနည်းပူဆွေးခဲ့ရတာတွေ နာကျင်ခံခက်ဖြစ်နေရတာတွေဟာ မောင့်ကိုမခွဲနိုင်ခြင်းကနေ စိမ့်ပျံ့လာခဲ့မှန်း ခင်သိပါပြီ။

“ခင်”

“ရှင်”

“မောင်ဒီနေ့ သိပ်ပျော်တာပဲ”

မောင်က ခင့်ကိုဖွဖွလေးပွေ့ထားရင်း ခေါ်သည့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားရယ်. . ခင်ချစ်လိုက်ရတာ။

သက်တမျှ မရဲတရဲနှင့် အရဲစွန့်ပြီး မောင့်ပါးပြင်လေးကို နှာတံလေးနှင့် ဖိကပ်နမ်းရှိုက်လိုက်၏။

မောင်က ကြည်နူးလွန်းစွာ မျက်လုံးတွေမှိတ်ရင်း ငြိမ်သက်နေသည်။

သက်တမျှရင်ထဲမှာ ကျေနပ်သည်၊ ပျော်သည်၊ ပြီးတော့ ရင်ခုန်သည်။

အရာရာပြည့်စုံနေသလို ခံစားရသည်။

ကိုကြီးရေ. . တစ်ချိန်လုံး အနားမှာ ရန်ဖြစ်ဖော်ဖြစ်နေတဲ့ ကိုကြီးညီလေးကို သက်တမျှ သည်လောက်တောင်မြတ်နိုးမိပြီဆိုတာ ကိုကြီးသိရင်. . .

"ခင် . . မောင့်ကိုရော ယုံကြည်ရဲ့လားဟင်"

"ယုံကြည်လို့လဲ လက်ခံခဲ့တာပေါ့"

"ဒါဆိုချစ်လို့ မဟုတ်ဘူးပေါ့"

မောင်က မကျေနပ်ချင်။

"အမှန်အတိုင်းပြောရရင် ကိုကြီးကြောင့် ဖိုးသားတို့တစ်အိမ်လုံးကိုစိတ်နာတာ. . ဖိုးသားက သက်တမျှဘက် ရပ်တည်ပေးတော့ မယုံချင်ဘူး. . နောက်တကယ်ပဲဖိုးသားပြတ်သား





တာမြင်ရတော့ အားကိုးတွယ်တာမိတာ၊ အခုတော့. . "

သက်တမျှ စကားရပ်ပြီး ဖိုးသားကိုမော့ကြည့်သည်။

"ပြောလေ"

"ဖိုးသားလိုပဲပေါ့"

"မမှီပါဘူးကွာ. . ဘယ်တော့မှ ယှဉ်လို့ရမှာလည်း မဟုတ်ဘူး။ ခင့်ကိုမောင်ချစ်တာ ခင်ဘယ်တော့မှ လိုက်မီမှာမဟုတ်ဘူး"

ဖိုးသားစကားက ရင်ထဲကို နွေးသွားစေသည်။

အဲဒါယုံပါတယ်၊ အကြွင်းမရှိကိုယုံတာ. . ခုလည်း ယုံနေဆဲ။

ဖိုးသားခင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ခင်အသိဆုံးပါ။ ဖိုးသားမေတ္တာတွေထဲကနေ ခင် ဘယ်တော့မှ ရုန်းထွက်လွတ်မြောက်မှာ မဟုတ်တော့ပါဘူး။

ဒီအဖြစ်ကိုပဲ ခင်လည်း ကျေနပ်မိမှာပါ။

"ခင်အမြဲလိမ္မာရမယ်"

မောင်စိတ်မအေးနိုင်သလို ထပ်မှာသည်။

"စိတ်ချပါ. . ဖိုးသားရယ်၊ ကတိပေးပါတယ်"

ဖိုးသားစိတ်ညစ်အောင် ခေါင်းရှုပ်အောင် ရင်မအေး



www.burmeseclassic.com

www.burmeseclassic.com



အောင် ဘယ်တော့မှ မလုပ်တော့ပါဘူး။

ယုံကြည်ပါ ဖိုးသားရယ်။

သက်တမျှက မေတ္တာတရားကို ဟန်ဖိုးထားတတ်သူပါ။

ဘယ်တော့မှ မစော်ကားတတ်ပါဘူး။

ဖိုးသားအချစ်တွေကို သက်တမျှသိပ်နားလည်ပါပြီ။

"ခင့်ကိုယုံပါမောင်ရယ်. . . နော်"

မောင့်ပခုံးတွေကို သိုင်းဖက်ထားရင်း ခင်မျက်ရည်တွေ တောင် ဝေ့တက်လာရသည်။

နှလုံးသားချင်း နားလည်မှုရပါပြီ။

အပေါ်ယံတစ်လွှာကို ထွင်းဖောက်ချစ်မိမှတော့ ဝေးကြဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့အရာပါ မောင်. . နော်။

ယုန်သီနိုင်



www.burmeseclassic.com